
# မိုးကျော်သူ

သူရဲကောင်းမျက်ရည်စ မခြွေဝယ်မခ

ဒုတိယပိုင်း

ဇာတ်သိမ်း



# မိုးကျော်သူ

---

## သူရဲကောင်းမျက်ရည်စ မြေဝယ်မာ

ဒု-ဇာတ်သိမ်း

# သစ္စာဖောက်များအား ပြန်လည်တိုက်ခိုက်ခြင်း

၂–လ၊ လဆန်း ၇–ရက်

လုယန်မြို့။

ချီကျုံးသည် တုတ်လေးချောင်းနှင့် ဖျင်ကြမ်းဖြင့်ပြုလုပ်ထားသော ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်နေလေသည်။

သူ၏မျက်ဝန်းအစုံသည် လမ်းသွားလမ်းလာရှိနေကြသော လမ်းပေါ်မှလူများထံသို့ ရောက်ရှိနေသည်။

သူ၏မျက်နှာသည် မှုန်ကုပ်ကုပ်ဖြင့် ကြည့်နေသည်။ သူ၏ပုံဟန်မှာ စိတ်လက်မကြည်မသာဖြစ်နေသည်ကို ရိပ်စားမိလေသည်။

ရောင်ကောင်းသည် သူ့လက်ခုပ်ထဲကရေလို ဖြစ်နေသည့်ကြားမှ လွတ်မြောက်သွားသည်ကို စိတ်ထဲ၌ မကျေမနပ်ဖြစ်နေမိလေသည်။

ယခုတလော... သူ၏အကြံအစည်များသည် အောင်မြင်မှုရရှိသည်ကများနေသည်။

ထို့ကြောင့်လားမသိ...

ရှောင်ကောင်းအား ပေါ့ပေါ့ဆဆ သဘောထားလိုက်မိသည့်အတွက် မမျှော်လင့်ဘဲ လက်ထဲမှလွတ်ထွက်သွားခြင်းကို ခံလိုက်ရလေသည်။

ယခု... သူသည် ကျူမင်း၏နေရာကိုရယူထားလိုက်ပြီဖြစ်ရာ လုယန်မြို့သည် သူ၏ပိုင်နက်တစ်ခုဖြစ်လာလေသည်။

သို့သော်... ကျူမင်းထံသို့ သူ မသွားပါ။

ငယ်ကြောက်ဖြစ်၍လားမသိ၊ သူသည် ကျူမင်းနှင့် ရင်မဆိုင်ရဲချေ။ တစ်ခုတော့ရှိသည်။

အကယ်၍များ...

ကျူမင်းက သူ့ထံသို့ရောက်လာခဲ့လျှင် သူသည် ကျူမင်းအားအပိုင်ဖမ်းဆီးနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သူ၏အဖွဲ့သားများသည်လည်း လမ်း၏ဝဲယာတစ်ဘက်တစ်ချက်တွင် လျှို့ဝှက်စွာချထားပြီးဖြစ်လေသည်။

ထို့ကြောင့် သူသည် တံငါသည်တစ်ဦးပမာ ပိုက်ကွန်ထောင်ထားပြီး တိုးဝင်လာမည့်ငါးကြီးအား အမိဖမ်းရန်စောင့်မျှော်နေလေတော့သည်။

သူ၏ရှေ့တွင် ဓားလှီးမုန့်ဗန်းတစ်ခုချထားလေသည်။



အကယ်၍ အကြောင်းမသိသော လူတစ်ယောက်က သူ့ အားတွေ့မြင်လိုက်လျှင်...

သူ့ကို ဓားလှီးမုန့်ရောင်းသည့်ဈေးသည်တစ် ယောက်ဟုထင်မိမည်မှာ မလွဲတော့ပေ။

❄ ❄ ❄

ဤလမ်းသည်....

အလွန်စည်ကားသော လမ်းရှည်ကြီးတစ်လမ်းဖြစ်ပါသည်။

လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ပန်းများရောင်းချသောဈေးနှင့် ဟင်းသီးဟင်းရွက်များရောင်းချသော ဈေးကလေးလည်း ရှိလေသည်။ ထို့ကြောင့် နံနက်စောစောကပင် ဈေးဝယ်သောလူများသည် ဖြည့်လျက်ရှိကြလေသည်။

သို့သော်... ယခုတစ်ရက် နှစ်ရက်အတွင်း ဤလမ်းရှည်ကြီးတစ်လျှောက် ပို၍စည်ကားလာလေသည်။

အကြောင်းမှာ....

ဤလမ်းတစ်လျှောက်တွင် ရှိနေသောလူများသည် အရေအတွက်အားဖြင့် တစ်ဝက်ခန့်မှာ သူ၏လူများပင်ဖြစ်ကြသည်။

ထိုလူများသည် တစ်ချို့က ခြသေ့ဂိုဏ်းမှလူဟောင်းများဖြစ်ကြသည်။ တစ်ချို့မှာမူ ငွေကြေးပေး၍ငှားရမ်းထားသော ကြေးတန်း

စားတိုက်ခိုက်ရေးသမားများ ဖြစ်ကြလေသည်။

ကြေးတန်းစားတိုက်ခိုက်ရေးဟူသည် ငွေကိုသာ များများ ရရှိပါက မည်သည့်အလုပ်မျိုးကိုမဆိုလုပ်မည့် လူတန်းစားတစ်မျိုး ဖြစ်ကြပေသည်။

ချိုကျူးသည် လူဟောင်းများအား စိတ်မချပါ၊ သူတို့သည် ကျူမင်းအား သစ္စာဖောက်ခဲ့သည်ဖြစ်ကြသော်လည်း ကျူမင်းအပေါ် ကြောက်ရွံ့တုန်လှုပ်လိမ့်ဦးမည်မှာမလွဲပေ။

ထိုကြေးတန်းစားတိုက်ခိုက်ရေးသမားများမှာမူ ဤကဲ့သို့မဟုတ်ပါ။ သူတို့သည် ကျူမင်းအား မညှာမတာ တိုက်ခိုက်လိမ့်မည်ဟု ချိုကျူးကယုံကြည်ထားလေသည်။

ချိုကျူးသည် ဤသို့တွေးမိလိုက်သောအခါ စိတ်သက်သာရာရလာလေသည်။ ထိုစဉ်မှာပင်... လူတစ်ယောက်သည် လမ်းထဲသို့ လျှောက်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ရှောင်ကောင်းပင်ဖြစ်ပါသည်။

ချိုကျူးသည် ကိုယ့်မျက်လုံးကိုပင် မယုံကြည်နိုင်အောင်ဖြစ်လာလေသည်။ မနေ့ကမှ သေမင်းလက်ထဲက လွတ်မြောက်သွားသော ရှောင်ကောင်းသည် ယခုထပ်မံ၍ရောက်ရှိလာခြင်းမှာ....

သူသည် သေမင်းထံသို့သွားချင်နေပြီလော....

❊❊❊



ဤမျှအေးသောရာသီတွင်....

ရှောင်ကောင်းသည် ပါးလွှာသောအတွင်းခံအင်္ကျီတစ်ထည်တည်းသာ ဝတ်ဆင်ထားလေသည်။

သူ၏အင်္ကျီရှည်ကို ပခုံးပေါ်တွင်တင်ထားလေ၏။

သူ၏မျက်နှာတစ်ခုလုံးမှာ အေးလွန်း၍နီရဲနေလေသည်။ သူ၏မျှော်လုံးအစုံတွင်လည်း နီရဲနေလေသည်။ အိပ်ပျက်ခဲ့သော ညပေါင်းမှာ များနေပြီဖြစ်လေသည်။

သို့သော်... လန်းလန်းဆန်းဆန်း ရှိပုံရသည်။

သူသည် အေးဆေးစွာလျှောက်လာရာ... နံနက်တိုင်းထ၍လက်ဖက်ရည်ဆိုင်သို့လာ ရောက်ပြီး လက်ဖက်ရည်သောက်နေသော လူတစ်ယောက်နှင့်မခြားပါ။

သူ့အားမှတ်မိသော ချိုကျူး၏အဖွဲ့သားများသည် အံ့သြစွာဖြင့် မျက်လုံးပြူး၍ကြည့်နေကြသည်။ တချို့မှာမူ သူ့အား တိုက်ခိုက်ရန်အသင့်ပြင်ထားကြလေတော့သည်။

ထူးခြားသည်က ချိုကျူးသည် တိုက်ခိုက်ရန်အချက်မပြပါ။

သူသည် ရှောင်ကောင်း သူ့ရှေ့သို့ လျှောက်လာသည်အထိ ကြည့်နေလေသည်။

❊❊❊

ရောင်ကောင်းသည်....

ချိုကျုံးရှေ့ရှိ ဓားလှီးမုန့်များထည့်ထားသော စားပွဲငယ်ရှေ့တွင် ရပ်လိုက်သည်။

သူသည် ကြေးပြားနှစ်ပြားယူ၍ စားပွဲငယ်ပေါ်သို့ ချထားလိုက်ပြီး ချိုကျုံးအားကြည့်လိုက်၏။

"ကျုပ် ဓားလှီးမုန့်လိုချင်တယ်"

ချိုကျုံးကလည်း သူ့အားကြည့်နေ၏။

သူသည် အတန်ကြာကြည့်လိုက်ပြီးမှ ရယ်မောလိုက်သည်။

"မင်းက ဓားလှီးမုန့်လာဝယ်တာအမှန်ပဲလား"

"ခင်ဗျားက ဓားလှီးမုန့်ရောင်းတာပဲ၊ ကျုပ်က ဓားလှီးမုန့်လာဝယ်တာပေါ့၊ ဒါဟာရယ်စရာလားဗျ"

"အေးဟုတ်သားပဲ၊ ရယ်စရာမဟုတ်ဘူး၊ ဒါက ငိုဖို့ကောင်းတယ်"

"ဒါဖြင့်... ခင်ဗျားဘာဖြစ်လို့မငိုသေးတာလဲ"

"ကျုပ်ကဘယ်ငိုမလဲ၊ ငိုရမှာကမင်းကွ"

"ဟုတ်လား"

"ဟုတ်လားလုပ်မနေနဲ့ ကျုပ် အခုအမိန့်ပေးလိုက်ရင် မင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ အနည်းဆုံး အပေါက်ကလေးနှစ်ဆယ်လောက်ဖြစ်သွားနိုင်တယ်"

"ဟုတ်လား"



"အခု မင်းဘာဖြစ်လို့ မသေသေးသလဲဆိုတာသိသလား"

"ကျုပ်ဘယ်သိပါ့မလဲ"

"မင်းကို ငါစကားတစ်ခွန်းမေးချင်သေးလို့ကွ"

"ဘာများမေးမလို့လဲ"

"မင်း ဘာလာလုပ်တာလဲ၊ ကျုမင်းအတွက် မင်းက ဘာတွေလာပြောမလို့လဲဆိုတာပေါ့"

ရောင်ကောင်းသည် သူ့အားစေ့စေ့ကြည့်လိုက်သည်။

အတန်ကြာကြည့်ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ခင်ဗျားဟာ တော်တော် အတွေးအခေါ်ကောင်းတဲ့ လူတစ်ယောက်ပါလားဗျာ"

ချိုကျုံးက ရယ်မောလိုက်ပြန်သည်။

"အမှန်မှာ ကျုမင်းကိုယ်တိုင်လာရင်လည်းရပါတယ်၊ ဘာပဲပြောပြော သူနဲ့ကျုပ်ဟာ လူရင်းတွေပဲမဟုတ်လား၊ သူ့ရဲ့တောင်းဆိုချက်က မလွန်ဘူးဆိုရင်... ကျုပ်က လိုက်လျောဖို့ အဆင်သင့်ရှိနေပါတယ်ဗျာ"

"ခင်ဗျား တကယ်ပြောနေတာလား"

"အိုး... တကယ်ပြောနေတာပေါ့၊ အခုလို အချင်းချင်းဖြစ်နေတာ ဘယ်ကောင်းပါ့မလဲ"

"အင်း... ခင်ဗျားပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တစ်ခုအံ့သြနေတယ်ဗျ"

"ဘာများလဲ"

"ကျုပ်ဟာ ကျုမင်းကိုယ်စား ခင်ဗျားကို လာသတ်မလို့ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား"

ချိုကျူးကရယ်မောလိုက်သည်။

"မင်းက လူပါးတစ်ယောက်ပါ၊ ဒီလိုဘယ်လုပ်ပါ့မလဲ၊ ဒီလမ်းထဲမှာ ကျုပ်လူတွေချည်းပဲ၊ မင်းက ငါ့ကိုသတ်တယ်ပဲထားဦး၊ မင်းကောပြေးလို့လွတ်ပါ့မလား၊ မင်းရဲ့ကိုယ်ခန္ဓာဟာ အပိုင်းပိုင်း အစစဖြစ်သွားမှာပေါ့"

"ဟုတ်ကဲ့၊ ဒါကိုကျုပ်ယုံကြည်တယ်လေ"

"အေး... မင်းကအသက်ငယ်သေးတယ်၊ ကျုမင်းအတွက် ဘာဖြစ်လို့ အသက်စွန့်ချင်ရတာလဲ"

ရှောင်ကောင်းက ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ ဘယ်သူကလုပ်မှာလဲဗျာ"

ချိုကျူးသည်... သဘောကျစွာဖြင့် အားရပါးရရယ်မောလိုက်လေသည်။ ထိုစဉ်မှာပင်....

ဓားရောင်တစ်ချက် ဖွေးခနဲဝင်းလက်သွားသည်။

ဓားတစ်လက်သည် ချိုကျူး၏အသည်းနှလုံးအား ထိုးဖောက်လိုက်ပြီဖြစ်လေသည်။

❄❄❄



ရယ်မောနေသော မျက်နှာသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

ထို့နောက်... ခန္ဓာကိုယ်သည် ပျော့ခွေကာ မြေပေါ်သို့လဲကျသွားလေသည်။

ထိုတစ်ဒင်္ဂအချိန်တွင် ရှိရှိသမျှသောအသံများ လှုပ်ရှားမှုများသည် ရပ်တန့်သွားသည်ဟုထင်ရလေသည်။

ထိုတဒင်္ဂအချိန် ကုန်လွန်သွားသည်နှင့်....

လမ်းတစ်ခုလုံးသည် လှုပ်လှုပ်ရွရွဖြစ်လာလေသည်။

ရှောင်ကောင်းမှာမူ အေးတိအေးစက်ဖြင့် သူ့ထံသို့ပြေးလွှားလာကြသောလူအုပ်အား ငေး၍ကြည့်နေသည်။

သူသည် ချိုကျူးအားလာရောက်သုတ်သင်ခြင်းမှာ လုပ်သင့်လုပ်ထိုက်သောကိစ္စတစ်ရပ်ဖြစ်သည်ဟု ယုံကြည်သည်။

သူသည် လာရောက်ကတည်းက...

အောင်မြင်မှုရ မရ၊ အသက် သေ မသေကိုပင် စိတ်ကူးခဲ့ခြင်းမရှိပါ။

ချိုကျူးကဲ့သို့ အမျိုးသားသစ္စာဖောက်တစ်ယောက်ကို သုတ်သင်နိုင်ခဲ့လျှင်...

သူ၏အသက်ဖြင့်လဲရန်ပင် စိတ်ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

ယခု သူသည် အမျိုးသားသစ္စာဖောက်အား သုတ်သင်နိုင်ခဲ့ပြီမဟုတ်ပါလား။

သူသည် အစိတ်စိတ် အပိုင်းပိုင်း သတ်ဖြတ်ခံရသည့်တိုင် အောင် သူက ကျေနပ်နေမည်ဖြစ်ပါသည်။

❄❄❄

လူအုပ်များသည်....

ရှောင်ကောင်းထံသို့ ပြေးလွှားလာကြသည်။

သူတို့သည် ဓားကိုယ်စီဖြင့် ရှောင်ကောင်းအားတိုက်ခိုက်ရန် ပြေးလွှားလာကြခြင်းဖြစ်သည်။

ရှောင်ကောင်းသည် ထိုလူအုပ်ကြီး၏လက်ချက်ဖြင့် မုချသေဆုံးရမည်ဟုတွက်ထားပြီးဖြစ်၍ သူသည် ခေါင်းအေးအေးဖြင့် ရပ်လျက်နေသည်။

ထိုစဉ်မှာပင် လူတစ်ယောက်သည် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်ပြီး ရှောင်ကောင်း၏အနီးတွင်ရပ်လိုက်၏။

သူသည် ရှောင်ကောင်း၏လက်အားဆွဲထားလိုက်ပြီး....

"သူက ကျုပ်ရဲ့မိတ်ဆွေကွ၊ သူ့ကိုသတ်ချင်ရင် ကျုပ်ကို အရင်သတ်မှဖြစ်မယ်"

ဟု အော်ဟစ်ပြောဆိုလိုက်လေသည်။

❄❄❄

## လိပ်ပြာအက

နှစ်လ၊ လဆန်း(၈)ရက်။

ချန်းအန်းမြို့။

စာပို့ခိုကလေး (၄)ကောင်သည် လုယန်မြို့မှပျံထွက်လာခဲ့ကြသည်။

၎င်းတို့အနက် တစ်ကောင်သည် မှောင်မည်း၍ ချုံနွယ်ပိတ်ဖုံးသောတောထဲတွင် လမ်းမှားကာပျောက်ဆုံးသွားသည်။

တစ်ကောင်မှာမူ... နှင်းဖွဲ၏ဒဏ်ကြောင့် ဆက်လက်ပျံသန်းနိုင်ခြင်းမရှိဘဲ ပြုတ်ကျသေဆုံးသွား၏။

သို့သော် ကျန်ရှိသောနှစ်ကောင်သည်....

ချန်အန်းမြို့သို့ ချောမောစွာရောက်ရှိလာလေသည်။

ယင်းနှစ်ကောင်သည်...

လဆန်းရှစ်ရက်နေ့... အရုဏ်ဦး အလင်းရောင်ထွက်ပေါ်နေသောအချိန်တွင် ချန်အန်းမြို့သို့ရောက်ရှိလာလေပြီ။

❄❄❄

"ချီကျူး သေဆုံးသွားပြီ"

သုတုံးလှိုင်သည် အေးတိအေးစက်သောလေသံဖြင့် စုမာချောင်းချင်အား ပြောပြနေ၏။

"ယန်းကျင်းက ဒီမှာသေဆုံးသွားတယ်၊ ကျန်နှစ်ယောက်ကတော့ ကျုပ်တို့ လုယန်မြို့ကိုသွားရောက်တိုက်ခိုက်စဉ်က ကျဆုံးသွားတယ်၊ ကျုမင်းရဲ့ လက်ရုံးလေးယောက်စလုံးတော့ သေကုန်ရှာပြီ"

စုမာချောင်းချင်သည် အမဲသားကင်အား စားနေရင်း...

"ချီကျူးက ဘယ်တုန်းကသေသွားတာလဲ"

"မနေ့နံနက်ပိုင်းက.... လွန်ခဲ့တဲ့တစ်နာရီလောက်မှာ ကျုပ်သတင်းရခဲ့တယ်"

သုတုံးလှိုင်က စာပို့သောခိုများအား ကျွမ်းကျင်စွာလေ့ကျင့်နိုင်သောသူတစ်ယောက်ဖြစ်သည်။

သူသည် လုယန်မြို့သို့ သတင်းထောက်လှမ်းရေးအတွက် စေလွှတ်လိုက်သောလူများသည် ယင်းစာပို့ခိုများတစ်ကောင်ဖြစ်စေ၊ နှစ်ကောင်ဖြစ်စေ ပါသွားစမြဲဖြစ်သည်။



ထိုခေတ် ထိုအခါတွင်....

ခိုဖြင့်သတင်းပို့ခြင်းထက်မြန်သောနည်းများ မရှိခဲ့ပါ။

"ချီကျူးဟာ ခြင်္သေ့ဂိုဏ်းတစ်ခုလုံးကို ထိန်းသိမ်းနိုင်ခဲ့ပြီလို့ကြားတယ်၊ အခု ဘယ်လိုလုပ်ပြီးသေဆုံးသွားရတာလဲကွ"

စုမာချောင်းချင်သည် အစားအသောက်ကိုရပ်တန့်လိုက်ပြီး အရက်တစ်ခွက်ငှဲ့လိုက်ပြန်သည်။

"သူလိုလူမျိုးဟာ ဒါလောက်မြန်မြန်နဲ့ မသေနိုင်ဘူးလို့ ကျုပ်ထင်တယ်"

"ဟုတ်ပါတယ်၊ ဓားတစ်လက်နဲ့ အသည်းနှလုံးကိုထိုးဖောက်ခြင်းခံလိုက်ရရင် ဘယ်သူပဲဖြစ်ဖြစ် မြန်မြန်သေသွားမှာပဲ"

"ထားပါတော့... ဓားတစ်လက်က သူ့ရဲ့ အသည်းနှလုံးကို ထိုးဖောက်ဖို့ဟာ လွယ်တာမှမဟုတ်ဘဲ၊ အဲ... ဘယ်သူ့ဓားမို့လဲ"

"ရှောင်ကျော့င်း"

သုတုံးလှိုင်က တစ်လုံးချင်းပြောချလိုက်၏။

"ရှောင်ကောင်းဟုတ်လား"

"ဟုတ်တယ်... သူပဲ"

"သူက လုယန်ရောက်နေတယ်ဟုတ်လား"

"တစ်နေ့ကပဲ ရောက်သွားတယ်နဲ့တူတယ်"

"ချီကျူးရဲ့ ဓားစွမ်းဟာ ရှောင်ကောင်းကို မယှဉ်သာဘူးဆိုတာတော့မှန်တယ်၊ ဒါပေမယ့် သူက ခြင်္သေ့ဂိုဏ်းတစ်ခုလုံး ထိန်းသိမ်း

နိုင်ခဲ့ပြီးမှ သူ့ရဲ့အနီး ခြေလှမ်းငါးဆယ်အကွာမှာ သူ့ရဲ့တိုက်ခိုက်ရေး သမားတွေရှိရမယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီအချိန်မှာ ချီကျုံးက လမ်းတစ်ခုပေါ်မှာ ရှိတယ်၊ လမ်းတစ်ခုလုံးမှာလည်း သူ့လူတွေပြည့်ကျပ်နေတယ်၊ သည့် အပြင် သူက ဈေးကြီးကြီးပေးကာ ငှားထားတဲ့ကြေးတန်းစား အသေ ခံစားသမားဆယ်ယောက်လောက် ရှိသေးတယ်၊ သူ့ကိုသတ်မယ့် လူဟာ ဒီလမ်းထဲကိုဝင်လိုက်တာနဲ့ သုံးတစ်ကောင်က ဝံပုလွေအုပ်ထဲ ဝင်သွားမိထားထက် ပိုပြီးအန္တရာယ်များပါတယ်"

"ဒါဖြင့်... ရှောင်ကောင်းက ဘယ်လိုလုပ်ဝင်သွားနိုင်တာလဲ၊ ချီကျုံးက ဘာဖြစ်လို့ သူ့ကို အနီးအထိရောက်လာအောင် လက်ခံရ တာလဲ"

"ကျုပ်တွေးမိတာကတော့ ချီကျုံးဟာ ရှောင်ကောင်းက သူ့ကိုမသတ်ရဲဘူးထင်ထားတာက တစ်ကြောင်း၊ ရှောင်ကောင်းကို အချိုသတ်ပြီး ကျုမင်းကိုမှုားခေါ်ကာသတ်ဖို့ကြံစည်နေလို့ အခုလို ရှောင်ကောင်းကို လမ်းတစ်ဝက်မှာမသတ်ဘဲ သူ့အနီးအထိခေါ်လာခဲ့ တာလို့ထင်မိတယ်"

"ဒါဖြင့် ချီကျုံးဟာ သေသင့်သေထိုက်လို့ သေရတယ်ဆိုတာ ကျုပ်ပြောချင်တယ်၊ ဘယ်သူမဆို ရန်သူကို အထင်သေးမိရင်တော့ သေရမှာပဲ"

သူသည် ယင်းသို့ပြောပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။



"ဒါပေမယ့် ရှောင်ကောင်းလည်းသေသွားမှာပဲ၊ သူက ချီကျုံး ဆီသွားစဉ်တုန်းက အသက်စွန့်ပြီးမှသွားတာဖြစ်ရမယ်၊ ကျုမင်းက သူ့ လိုမိတ်ဆွေတစ်ယောက်ကိုရထားတာ ကံကောင်းတယ်လို့ ခေါ်ရမှာ ပေါ့"

"ရှောင်ကောင်းက မသေသေးဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျုမင်းက အချိန်မီရောက်လာတယ်လေ"

"ကျုမင်း အချိန်မီရောက်လာတယ်ဟုတ်လား"

စုမာချောင်းချင် အံ့အားသင့်သွားသည်။

"သူဟာ သူ့ရဲ့လူတွေအားလုံး ချီကျုံးနောက်ပါသွားတာကို လက်ပိုက်ကြည့်နေခဲ့တယ်၊ နောက်ပြီး ခွေးဝဲစားလို တစ်ယောက်တည်း သွားပုန်းနေတယ်၊ အခု သူက ဘာစိတ်ကူးပေါက်ပြီး ရှောင်ကောင်း နောက်လိုက်သွားရတာလဲ"

"ကျုပ်တော့ ကျုမင်းရဲ့ဘဝဟာ ဆုံးသွားပြီလို့ထင်တယ်၊ သူ့ကိုအညွန့်တုံးသွားပြီလို့ ယူဆခဲ့တယ်"

"အခုကော..."

"အခုတော့ သူဟာ ဆောင်းရာသီသစ်ကိုင်းခြောက်လိုဖြစ် ပြီးမှ မိုးရေနဲ့နေရောင်ခြည်ရပြီး အပင်ပြန်ပေါက်လာသလိုပဲ"

"ကျုပ်နားလည်ပြီ၊ ရှောင်ကောင်းဟာ ကျုမင်းရဲ့မိုးရေနဲ့ နေ ရောင်ခြည်လို့ ခင်ဗျားဆိုလိုတာမဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျူမင်းရောက်လာတာနဲ့ လူတွေဟာ ရုတ်တရက် သူတို့ကိုမတိုက်ခိုက်တော့ဘူးပေါ့"

"ချီကျူး ဈေးကြီးကြီးနဲ့ငှားလာတဲ့လူတွေကကော"

"သူတို့က သာပြီးငြိမ်သွားသေးတယ်"

"ဘာဖြစ်လို့လဲ..."

"သူတို့က ငွေတစ်ခုတည်းကြည့်ပြီး အလုပ်လုပ်တဲ့လူတွေပဲ.... ချီကျူးသေသွားတော့ ဘယ်သူက သူတို့ကိုငွေပေးမှာလဲ၊ ဒါကြောင့် သူတို့လည်း လက်ပိုက်ကြည့်နေကြတာပေါ့"

သုတုံးလှိုင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"လူတစ်ယောက်ဟာ ငွေပေးပြီးမခိုင်းနိုင်ရင် ဒီလူဟာ တန်ဖိုးမရှိတော့ဘူးလေ"

စုမာချောင်းချင် ခေါင်းညိတ်သဘောတူလိုက်သည်။

"ဟုတ်တယ်၊ ချီကျူးဟာ ဒါတွေကိုမတွေးမိလို့သေရတာပဲ"

သူသည် သုတုံးလှိုင်အားလှည့်ကြည့်လိုက်ပြီး....

"ကျူမင်းရောက်သွားပြီးနောက် ဘာတွေဖြစ်သေးလဲဗျ"

"ကျုပ်မသိတော့ဘူး...."

"ခင်ဗျား မသိဘူးဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျား ဘာဖြစ်လို့မသိရတာလဲ"



သုတုံးလှိုင်က အတန်ကြာတိတ်ဆိတ်နေခဲ့ရာမှ....

"ဒီသတင်းကို... လူကသယ်လာတာမှမဟုတ်ဘဲ၊ ခိုက သယ်ဆောင်လာတာဗျ၊ ခိုက စကားပြောတတ်တာမဟုတ်လေတော့ စာကိုပဲ သယ်ဆောင်လာခဲ့တယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"နောက်ပြီး ခိုဟာသိန်းငှက်မဟုတ်ဘူး၊ လုယန်နဲ့ချန်အန်းဟာ နီးတဲ့ခရီးမှမဟုတ်ဘဲ၊ သူတို့က စာကိုလေးပိုင်းခွဲပြီး ခိုလေးကောင်နဲ့ သယ်ဆောင်လာခိုင်းရတယ်"

"ခင်ဗျားက ခိုဘယ်နှစ်ကောင်ဖမ်းမိထားပြီလဲ"

"နှစ်ကောင် စာနှစ်ပိုင်း...."

"နှစ်ပိုင်း....ဟုတ်လား၊ ဘယ်အပိုင်းလဲ...."

"ပထမအပိုင်းနဲ့ နောက်ဆုံးအပိုင်းပါပဲ"

"ခင်ဗျားပြောနေတာက ပထမပိုင်းဖြစ်ရမယ်၊ နောက်ဆုံးအပိုင်းကကော...."

"နောက်ဆုံးအပိုင်းဟာ အဆုံးသတ်တဲ့အပိုင်းဆိုတော့ စာနှစ်ကြောင်းသုံးကြောင်းပဲပါတယ်၊ ကျုပ်ဖတ်ပြမယ်"

သုတုံးလှိုင်က နောက်ဆုံးအပိုင်းကိုဖတ်ပြလိုက်သည်။

"တိုက်ပွဲကား ပြီးဆုံးသွားပြီ၊ လူပေါင်း (၂၃)ယောက် သေဆုံးသွားပြီး ပြင်းပြင်းထန်ထန်ဒဏ်ရာရသူက (၁၁)ယောက်၊ ကျူမင်းနဲ့ ရှောင်ကောင်းမသေဘဲ လွတ်မြောက်သွားသည်"

သုတုံးလှိုင်ကဖတ်ပြလိုက်သောအခါ စုမာချောင်းချင်သည် သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

"အင်း..... သတင်းအရ သေဆုံးသွားတဲ့လူဟာ ဒဏ်ရာပြင်းပြင်းယန်ထန်ရတဲ့လူထက်များနေတယ်၊ ဒဏ်ရာပြင်းထန်တဲ့လူကျ ပြန်တော့ ဒဏ်ရာအနည်းငယ်ရထားတဲ့လူထက် များနေပြန်တယ်၊ ဒီတိုက်ပွဲဟာ ဘယ်လောက်ကြီးကျယ်ရက်စက်တယ်ဆိုတာ ခန့်မှန်းလို့ရပါပြီ"

"ဒါကြောင့် အဲဒီအချိန်မှာ ကျူမင်းတို့ကို ကူညီတိုက်ခိုက်ပေးတဲ့လူတွေရှိသေးတယ်ဆိုတာ ထင်ရှားတယ်"

"ဟုတ်ပါတယ်၊ အဲဒီအချိန်တုန်းက အခြေအနေဟာ မီးယမ်းတစ်ခု ထပေါက်လုဆဲဆဲမှာ တစ်ယောက်ယောက်က မီးညှိပေးလိုက်သလိုဖြစ်သွားတယ်"

စုမာချောင်းချင်က လက်ခံလိုက်သည်။

"ဟုတ်တယ်၊ အဲဒီအချိန်မျိုးမှာ... တစ်စုံတစ်ယောက်ကစပြီးတိုက်ခိုက်ရင် အားလုံးပါဝင်လာကြမှာပဲ"

"ဟုတ်တယ်၊ အခြေအနေကတော့ ဒီလိုပဲဖြစ်ရမယ်"

"ကျူပ် တစ်ခုတော့အံ့ဩမိတယ်၊ ကျူမင်းနဲ့ ရှောင်ကောင်းတို့ဟာ ဒါလောက်လူများများနဲ့တိုက်ခိုက်နေရင် ညက်ညက်ကြေပြီး သေသွားမှာပေါ့ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ကမသေပါဘူး"

"သူတို့နှစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် မသေရတာလဲ"



"သူတို့နှစ်ယောက်တည်းမဟုတ်ဘူး၊ သုံးယောက်ဗျ"

"နောက်တစ်ယောက်က ဘယ်သူလဲ"

"သံဖိနပ်ပါ"

"သံဖိနပ်"

"ဟုတ်တယ်၊ သံဖိနပ်ဟာ လူတစ်ယောက်ရဲ့နာမည်ပါ"

"သူ့ရဲ့သိုင်းပညာ ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး"

"ခင်ဗျားပြောပုံက သူ့ကိုလေးစားနေသလိုပဲ"

"ရဲစွမ်းသတ္တိရှိတဲ့လူအားလုံးကို ကျူပ်ကလေးစားတယ်"

"သူက ရဲစွမ်းသတ္တိရှိတယ်ဟုတ်လား"

"သူဟာ ကျူမင်းရဲ့ဂိုဏ်းသားအားလုံး ပေါင်းလိုက်တာထက်ပိုပြီး ရဲစွမ်းသတ္တိရှိတယ်"

"သူ့ရဲ့ရဲစွမ်းသတ္တိကြောင့် ကျူမင်းတို့ကို ကယ်တင်လိုက်တာဟုတ်လား"

"ဟုတ်တယ်၊ သူကအသေခံပြီး ကျူမင်းတို့ကို ကာကွယ်ပေးသွားတယ်"

"ဒါဖြင့်.... သူက ကျူမင်းအပေါ်မှာ သစ္စာအတော်ရှိတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

စုမာချောင်းချင်က ရယ်မောလိုက်သည်။

သုတုံးလှိုင်က သူ့အားကြည့်လိုက်ပြီး.....

"ကျုပ်ပြောတာမှားနေလို့လား"

စုမာချောင်းချင်သည် သူ့အားကြည့်ပြီး အားရပါးရရယ်မောလိုက်သည်။

"ခင်ဗျားဟာ အလွန်ခေါင်းကောင်းတဲ့လူတစ်ယောက်လို့ ကျုပ်က ယူဆခဲ့တယ်၊ အားလုံးကလည်း ဒီလိုပဲယူဆခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားရဲ့အတွေးအခေါ်ဟာ ညံ့သေးတယ်ဗျ"

သုတုံးလှိုင်သည် အေးတိအေးစက်ဖြင့်ကြည့်နေသည်။

စုမာချောင်းချင်က...

ရယ်မောရာမှရပ်တန့်သွား၏။

သူ၏မျက်နှာမှာလည်း တည်ကြည်လေးနက်လာသည်။

"ဒီမှာသုတုံးလှိုင်... ကျုပ်ရှင်းရှင်းပြောမယ်၊ သံဖိနပ်ကကျုမင်းအတွက် အသေခံသွားတာမဟုတ်ဘူးဗျ၊ သူက မျိုးချစ်အင်အားစုအတွက် အသက်စတေးခံသွားတာ၊ ရှောင်ကောင်းကလည်း နယ်ချဲ့အင်အားစုဖြစ်တဲ့ချိကျုံးကို အသက်စွန့်ပြီးသတ်လိုက်တာဗျ"

သူသည် စကားကိုခေတ္တရပ်လိုက်ပြီး....

"တကယ်လို့များ ကျုမင်းက ကျုပ်တို့အဖွဲ့ထဲရောက်လာခဲ့ရင် သံဖိနပ်နဲ့ရှောင်ကောင်းဟာ သူ့အပေါ်သစ္စာခံမှာ မဟုတ်တဲ့အပြင် သူ့ကိုတောင် သတ်ပစ်မှာဗျ၊ ခင်ဗျားသဘောပေါက်သလား"

သုတုံးလှိုင်၏မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားသည်။



ရုတ်တရက်.....

သူသည် ချာခနဲလှည့်ကာ အခန်းထဲမှထွက်သွားလေတော့သည်။

❄❄❄

ကောင်းကင်တစ်ခုလုံးသည်....

ညို့မှိုင်း၍နေသည်။

ပြတင်းပေါက်ဘက်မှ နှင်းများတဖွဲဖွဲကျလာသည့်အသံများကိုကြားလိုက်ရပြန်သည်။

လူတစ်ယောက်က အလွန်တိတ်ဆိတ်ပျင်းရိသော အချိန်မျိုးမှသာကြားနိုင်သောအသံဖြစ်သည်။

စုမာချောင်းချင်သည် ရယ်မောခြင်းမှရပ်တန့်သွားပြီဖြစ်လေသည်။ သူ၏မျက်ဝန်းအစုံတွင် ရယ်မောနေသောအရိပ်အရောင်ပင်မရှိတော့သည့်အပြင် ဝမ်းနည်းကြေကွဲသော အသွင်များပင်ဆောင်နေလေသည်။

သူသည် နှင်းများတဖွဲဖွဲကျလာသည့်အသံများ ကြားနေရသော်လည်း သူ့ဇနီး၏ခြေသံကိုမူ မကြားမိပါချေ။

ဂူဝမ်းသည် အခန်းထဲသို့ဝင်လာသည့်အချိန်တွင်...

သူက အရက်သောက်နေပြီဖြစ်သည်။

ဂူဝမ်းသည် သူ၏ဇနီးဖြစ်သည်။

သူမသည် တိတ်ဆိတ်စွာဝင်ရောက်လာပြီး သူ၏နံဘေး၌ အသာအယာထိုင်ချလိုက်လေသည်။

သူမသည် သူ၏ခင်ပွန်းကို အရက်မသောက်ရန် ဟန့်တား ခြင်းမရှိပါ။

သူမသည် ပါးနပ်သောအမျိုးသမီးတစ်ယောက်ဖြစ်၏။

အချို့ကိစ္စများတွင် ဟန့်တား၍မရမှန်း သူမ သိထားသည်။

တစ်ခုတော့ရှိသည်။

ကနေ့သည် ခါတိုင်းနှင့်မတူချေ။

ခါတိုင်းဆိုလျှင်...

ဤအချိန်မှာ စုမာချောင်းချင်က အရက်မသောက်ပါ။

ယခုမှာမူ စုမာချောင်းချင်သည် အရက်ကို တစ်ခွက်ပြီးတစ် ခွက်သောက်နေသည်။ သူ၏ရင်ထဲတွင် မကြည်မသာဖြစ်နေသည်မှာ သေချာ၏။

သူမသည် တိတ်ဆိတ်စွာထိုင်၍အကဲခတ်နေ၏။

တတိယခွက် မော့ချပြီးသောအခါမှ စုမာချောင်းချင်သည် သူမအားလှည့်ကြည့်လိုက်၏။

"အခု နံနက်ပိုင်းပဲရှိသေးတယ်ထင်တယ်"

သူမက ပြောလိုက်သည်။

"ဟုတ်တယ်လို့ထင်တာပဲ"



"ရှင်ဒေါသထွက်တဲ့အခါမှသာ နံနက်စောစောအရက်သောက် တတ်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ဘာတွေ ဒေါသထွက်နေတာလဲ"

ဂူဝမ်းကပြန်မေးလိုက်သည်။

စုမာချောင်းချင်သည် ပါးစပ်ပိတ်ထားလိုက်လေသည်။

"ရှင် သုတုံးလှိုင်နဲ့ စကားများလာတယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘာတွေ စကားများခဲ့တာလဲ"

"သူ့ရှေ့မှာ ရောင်ကောင်းကိုချီးမွမ်းမိလို့"

"ရောင်ကောင်းဆိုတာ ဘယ်သူလဲ"

"ကျူမင်းရဲ့ မိတ်ဆွေပါ"

"ရှင်က ဘာဖြစ်လို့ ရန်သူကိုချီးမွမ်းနေရတာလဲ"

"ချီးမွမ်းသင့်တဲ့လူကို ရန်သူဖြစ်ဖြစ် ချီးမွမ်းရမှာပဲ"

"သူ သဘောမကျဘူးဟုတ်လား"

"သူ စိတ်ဆိုးသွားတယ်"

ဂူဝမ်းက နှုတ်ခမ်းမဲ့လိုက်သည်။

"ဟင်.... သူက ရှင့်လက်အောက်ကလား... ရှင်က သူ့လက် အောက်ကလား။ သူကစိတ်ဆိုးရအောင်"

စုမာချောင်းချင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း.... လူအများရှေ့မှာတော့ သူက ကျူပ်လက်အောက်လို့ မြင်ကြမှာပဲ၊ တကယ်တော့ သူခိုင်းသမျှကို ကျူပ်လုပ်နေရတယ် မဟုတ်လား"

ဝူဝမ်းသည် စကားမပြောတော့ပါ။

စားပွဲပေါ်မှအရက်ခွက်ကိုယူ၍ မော့ချလိုက်လေသည်။

❄❄❄

ဝူဝမ်းသည်... အလွန်ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီး တစ်ယောက်ဖြစ်သည်။

ခါတိုင်းတော့ အရက်မသောက်တတ်ပါ။

ယခုမှာမူ သူမသည် အရက်ငါးခွက်မျှသောက်လိုက်ပြီဖြစ်ပါသည်။ စုမာချောင်းချင်သောက်သောအရက်မှာ ပြင်းထန်လှသော အရက်များဖြစ်သည်။

ခါတိုင်းအရက်မသောက်သော အမျိုးသမီးတစ်ယောက်သည် ရုတ်တရက် အလွန်ပြင်းထန်သောအရက် ငါးခွက် သောက်ချလိုက်သောအခါ သူမ ပြောလိုက်သောစကားလုံးများသည် အရက်မူး၍ပြောနေခြင်းဖြစ်သောကြောင့်...

သည်းခံရမည်သာဖြစ်ပါသည်။

စုမာချောင်းချင်သည် သူမအားကြည့်၍ရယ်မောမိ၏။



"ရှင် ဘယ်ရယ်တာလဲရှင့်"

"မင်းက အရက်မသောက်စဘူးသောက်နေလို့ ရယ်မိတာပါ"

ဝူဝမ်းက သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ဒီမှာ ရှင့်ကိုစကားတစ်ခွန်းပြောရဦးမယ်"

"ဗျာ.... ဘာများလဲ၊ ပြောပါ"

"ရှင် အခုလိုကျော်ကြားနေတာဟာ သုတုံးလှိုင်ရဲ့ လုပ်ဆောင်ချက်ကြောင့် မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"ဒါကြောင့် သူခိုင်းသမျှကို ရှင်ကလုပ်နေရတာပေါ့"

စုမာချောင်းချင်သည် ပါးစပ်ပိတ်ထားလိုက်သည်။

ဝူဝမ်းသည် ရီဝေသောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး....

"ရှင် ယောက်ျားမဟုတ်လား"

စုမာချောင်းချင်သည် မျက်မှောင်ကုပ်သွား၏။

"မင်း ဘာကိုပြောချင်လို့လဲ"

"ဒီလိုပါ၊ ရှင့်ခေါင်းနဲ့ ရှင့်ကိုယ်ပဲ ကိုယ့်ကိုယ်ကို တစ်ခုခုလုပ်ပါလား၊ ဘာဖြစ်လို့ သူခိုင်းတာလုပ်နေရတာလဲ၊ ကိုယ့်ခြေထောက်နဲ့ မတ်တတ်မရပ်နိုင်တဲ့ ယောက်ျားတစ်ယောက်ဟာ ဘယ်လောက် ရှက်စရာကောင်းသလဲ"

စုမာချောင်းချင်၏မျက်နှာသည် ဒေါသရောင်လွှမ်းမိုးလာလေသည်။

ဂူဝမ်းသည် သိဟန်မတူဘဲ စကားဆက်လိုက်ပြန်သည်။

“အရာရာမှာ သူများကိုပဲ အားကိုးတတ်တဲ့ယောကျ်ားဆိုရင် ကျွန်မရွံတယ်”

စုမာချောင်းချင်သည် စကားတစ်ခွန်းမှမပြောဘဲ အရက်ကို သာတွင်တွင်သောက်နေလေသည်။

ဂူဝမ်းအတွက်လည်း အရက်တစ်ခွက်ထည့်ပေးလိုက်သည်။

ဂူဝမ်းသည် အရက်မသောက်တော့ပါ။

သူမသည် စုမာချောင်းချင်၏ရင်ခွင်ထဲသို့ လှဲချလိုက်ပြီး ငိုကြွေးလေတော့သည်။

❋❋❋

စုမာချောင်းချင်သည် ငိုကြွေးခြင်းမရှိပါ။

သူ၏မျက်ဝန်းအစုံမှာလည်း မျက်ရည်စပင် မရှိပါ။

သူသည် မျက်ရည်မရှိသော လူသားတစ်ယောက်နှင့် တူနေလေသည်။

အဘယ်ကြောင့်ပါနည်း။

❋❋❋



အလွန်သားနားပြီး ကြီးကျယ်သောအဆောက်အဦး....

လှပ၍ ခမ်းနားသောခြံဝင်းကြီးတွင်....

အလွန်ချောင်ကျနေသောနေရာတစ်ခုရှိ၏။

ထိုချောင်ကျနေသောနေရာတွင် ကျဉ်းမြောင်းသော တံခါး တစ်ခုရှိသည်။

ထိုတံခါး၏တစ်ဘက်၌....

စောင်းသံများ တစ်ချက် တစ်ချက် ပေါ်ထွက်လာသည်ကို ကြားနိုင်ပေသည်။ ဤတံခါး၏တစ်ဘက်တွင် မည်သို့သောနေရာဖြစ် နေသနည်း။

ထိုစောင်းတီးနေသောလူသည် မည်သူနည်း။

မည်သူ တစ်ဦးတစ်ယောက်ကမှမသိပါ။

အကြောင်းမှာ....

သုဝှုံးလှိုင်၏အမိန့်ကြောင့်ဖြစ်သည်။

ဤနေရာသည် ‘မဝင်ရ’နယ်မြေအဖြစ် သတ်မှတ်ထားသည်။ မည်သူမဆို ဤနေရာသို့လှမ်းဝင်မိလျှင် ခြေထောက်အား ဖြတ်ပစ်ခြင်း ခံရမည်။ ဤအမိန့်သည် အလွန်ရိုးစင်းသောအမိန့်တစ်ခုဖြစ်သည်။

သို့သော်.... မည်သူကမှ ခြေထောက်အဖြတ်ခံပြီး မဝင်ရဲကြပါချေ။

❋❋❋

ဤနေရာသို့....

သုတုံးလှိုင်နေထိုင်သော အခန်းမှဖြစ်စေ....

စုမာချောင်းချင်နေထိုင်သော နေရာမှဖြစ်စေ....

အတန်ကြာကြာလျှောက်ရမည့် လမ်းခရီးဖြစ်ပါသည်။

သုတုံးလှိုင်သည် စက္ကူထီးတစ်လက်ကိုကိုင်ဆောင်ပြီး...

တဖွဲ ဖွဲကျနေသောနှင်းဖွဲများကြားမှာ လမ်းလျှောက်နေ၏။

ရှည်လျားသောစကြံလမ်းတစ်ခုကို ဖြတ်ကျော်လိုက်ပြီး ခြံဝင်းအားဖြတ်ကျော်သွားသည်။

သူသည် နှင်းများဖုံးလွှမ်းနေသောလမ်းပေါ်သို့ လျှောက်နေသောအခါ ကိုယ်ဖော့ပညာရပ်များကို အသုံးမပြုပါ။

သို့သော်... နှင်းများပေါ်တွင် သူ၏ခြေရာများ အနည်းငယ်မျှသာထင်နေ၏။

ထိုကျဉ်းမြောင်းသောတံခါးသည် နှစ်ရှည်လများပိတ်ထားသည်။

ထို့ကြောင့်လည်း ခြောက်သွေ့နေ၏။

သုတုံးလှိုင်သည် တံခါးအားခေါက်သည်။

"ဒေါက်.... ဒေါက်.... ဒေါက်"

ဟုခေါက်လိုက်ပြီးမှ....

"ဒေါက်"

ဟုထပ်မံခေါက်လိုက်သည်။



အတန်ကြာမှ....

တံခါးပွင့်သွားသည်။

တံခါးဖွင့်ပေးသောသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။

နှင်းမြူပမာ ဖြူဖွေးသောနှင်းကာအင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားသည်။

သူမ၏မျက်နှာသည်လည်း သူမ၏နှင်းကာ အင်္ကျီကဲ့သို့ပင် ဖြူဖွေးနေသည်။

သုတုံးလှိုင်သည် အသံတိုးတိုးနှင့် လေးစားသောအသွင်ဖြင့်....

"ဆရာကြီး အိပ်ရာက ထပြီလား"

"ဟုတ်ကဲ့၊ ထပါပြီရှင် ကနေ့ ခါတိုင်းထက်ပိုပြီး စောစောထတယ်"

သူမသည်ပြောရင်း အသံများပင် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

"သူက ဇရာထောင်းလာမှန်းသိကာ သူ့အတွက်နေရမယ့်ရက်များ အလွန်နည်းလာပြီလို့ သိထားတာနဲ့တူပါတယ်၊ ဒါကြောင့် အချိန်ကို တော်တော်မြတ်နိုးပုံရပါတယ်"

❄❄❄

တံခါးအတွင်းဘက်၌ သေးငယ်သော ခြံဥယျာဉ်တစ်ခုရှိ၏။

လေညှင်းကလေးများသည် ပန်းများ၏ရနံ့များကို သယ်ဆောင်လာသည်။

အိုမင်းရင့်ရော်နေသော ထင်းရှူးပင်ကြီးတစ်ပင်သည်လည်း ထီးထီးမားမားရှိနေသည်။

ထိုထင်းရှူးပင်ကြီးတစ်ပင်၏ အနီးတွင် ခြောက်ထောင့်အမိုးရှိသော လေညှင်းဆောင်တစ်ဆောင်ရှိလေသည်။

ထိုလေညှင်းဆောင်တွင်းတွင် လူတစ်ယောက် ငြိမ်သက်စွာ ထိုင်နေသည်။

အဘိုးအိုတစ်ယောက်ပင်ဖြစ်လေသည်။

အဘိုးအိုသည် တဖွဲဖွဲကျလာသောနှင်းဖွဲများအား ငေး၍ ကြည့်နေ၏။

သူ၏မျက်လုံးအစုံသည် ရီဝေနေသည်ကိုတွေ့ရလေသည်။

ထိုအဘိုးအိုကား မည်သူနည်း။

သူ၏နာမည်က မည်သူနည်း။

မည်သူကမျှ မသိရှိကြပါ။

ထိုအဘိုးအိုသည် ခန္ဓာကိုယ်သေးသွယ်ပြီး အရပ်ပုသည်။

အဝေးမှကြည့်လိုက်လျှင်… အသက်(၉)နှစ် (၁၀)နှစ်အရွယ်ရှိသော ကလေးသူငယ်နှင့်ပင်တူလှပေသည်။

အဘိုးအိုအား အဝေးမှကြည့်လျှင်…



သာမန်လူတစ်ယောက်အလား မြင်တွေ့နိုင်ပေသည်။

သို့သော်…

သူ၏မျက်နှာကို အနီးကပ်ကြည့်လျှင်မူ သူသည် ခါးသီးသော ဘဝ၏အတွေ့အကြုံများ ရင့်ကျက်သောအတွေးအခေါ်များကို ဖော်ပြနေလေသည်။

သူ၏ဘဝမှာ….

ရက်စက်ကြမ်းကြုတ်သောနေ့များနှင်…

အချိန်ကာလများသည်…

သူ၏ခန္ဓာကိုယ်အား အရည်အသွေး ခန်းခြောက်စေခဲ့သည်။

သို့သော်…. သူ၏မျက်လုံးအစုံမှာမူ…

အသက်ကြီးရင့်သူ၏ ရင့်ကျက်သောပညာရပ်များနှင့်အတူ ကလေးသူငယ်၏ ဖျတ်လတ်သွက်လက်သော အရိပ်အရောင်များ ပေါ်လွင်၍နေလေသည်။

ယင်းအချိန်အခါမျိုး၌…

သူ၏မျက်ဝန်းအစုံသည် နေရောင်ခြည်ထိုးကျသော ပင်လယ်ပြင်နှင့်တူလှပေသည်။

အဘိုးအိုမှာ အဝေးသို့ငေးမောကြည့်ရှုနေသည်။

ထိုအဘိုးအိုနှင့် မလှမ်းမကမ်းတွင် လူတစ်ယောက်ရှိနေ၏။

ထိုသူမှာ သုတုံးလှိုင်ဖြစ်လေသည်။

သုတုံးလှိုင်သည် အဆောင်၏ရှေ့တွင် ရှိသေစွာရပ်နေ၏။

အဘိုးအိုအား ရှိသေဂါရဝပြုလေသည်။

သုတုံးလှိုင်သည် အဘိုးအိုအား...

"ဆရာကြီးရဲ့ ကျန်းမာရေးဟာ အရင်တစ်ခေါက် ကျွန်တော်လာစဉ်တုန်းကထက် ကောင်းမွန်နေတယ်၊ ကြည့်ရတာ အသက်(၂၀) လောက်ငယ်သွားသလိုပဲ"

အဘိုးအိုသည် သူ့အားလှည့်၍မကြည့်ပါ။

သူ့ရှေ့ရောက်လာသည်ကိုပင် မသိချင်ဟန်ဆောင်နေသည်။

သို့သော်...

အဘိုးအိုသည် သုတုံးလှိုင်၏စကားကြောင့် ရုတ်တရက် လှည့်ကြည့်လိုက်ပြီး....

"ကျုပ်က တကယ်ပဲ အသက်(၂၀)လောက် ငယ်သွားတယ်ဟုတ်လား"

သုတုံးလှိုင်က ရိုကျိုးစွာဖြင့်ပြောလိုက်သည်။

"တကယ်ပြောနေတာပါဆရာကြီး"

အဘိုးအိုက ပခုံးတစ်ချက်တွန့်လိုက်ပြီး..

"မင်းကအကန်းပဲ၊ တော်တော်ဉာဏ်ပညာနည်းတဲ့ အကန်းတစ်ယောက်ပဲ"

အဘိုးအိုသည် သုတုံးလှိုင်အား ပြစ်တင်ပြောဆိုနေသည်ဖြစ်သော်လည်း သူ၏လေသံမှာရွှင်မြူးနေသည်။

သုတုံးလှိုင်က ရိုသေစွာဦးညွှတ်လိုက်သည်။



"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်က အသက်လေးဆယ်လောက်ငယ်သွားတယ်ဆိုတာ မင်းကမှမမြင်ဘဲ အကန်းမဟုတ်လို့ ဘာလဲ"

" ဟား... ဟား... ဟား.."

သုတုံးလှိုင်က ရယ်မောလိုက်လေသည်။

ထိုစဉ်မှာပင်...

လူတစ်ယောက် အခန်းထဲသို့လှမ်းဝင်လာသည်။

တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။

ထိုအမျိုးသမီးသည် အဘိုးအို၏အနီးတွင် လာရောက်ရပ်နေပြီဖြစ်သည်။

အဘိုးအိုသည် အနီးတွင်လာရောက်ရပ်နေသော မိန်းကလေးအားတစ်ချက်လှည့်ကြည့်လိုက်သည်။

ထို့နောက်...

အဘိုးအိုသည် တစ်ချက်ပြုံးလိုက်ပြီး သူမ၏လက်ကလေးအားလှမ်းယူဆွဲကိုင်လိုက်ပြီး....

"ကျုပ်အခုလို နုနယ်သွားတာဟာ သူ့ရဲ့ကျေးဇူးတွေပဲကွ"

အဘိုးအို၏မျက်ဝန်းအစုံသည် ရွှန်းလက်တောက်ပသွားလေသည်။

"သူ့လိုနုနယ်ပြီး လှပတဲ့မိန်းကလေးကသာ ကျုပ်လို အဘိုး

အိုကြီးတစ်ယောက်အတွက် နုနယ်လာစေနိုင်တယ်ကွ"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ဒါကတော့ ကျွန်တော့ကိုကျေးဇူးတင်ရမှာပေါ့"

အဘိုးအိုက ပခုံးတစ်ချက်တွန့်လိုက်ပြီး..

"ဘာဖြစ်လို့"

"ဒီအမျိုးသမီးကို ကျွန်တော်ကလာပို့ခဲ့လို့ပေါ့"

အဘိုးအိုက သဘောကျစွာပြုံးလိုက်သည်။

"ဘာပဲပြောပြော... မင်းကိုတော့ ကျုပ်က ကျေးဇူးမတင်သေးဘူး"

သုတုံးလှိုင်က..

"ဟင်... ဘာကြောင့်ပါလဲ"

အဘိုးအိုက...

မိန်းကလေး၏လက်ကလေးအား နူးညံ့စွာကိုင်ရင်း...

သုတုံးလှိုင်အား လှမ်းကြည့်လိုက်သည်။

"မင်းကငါ့ဆီလာပြီး မျက်နှာချိုသွေးတာဟာ ကျုပ်ဦးနှောက်ထဲကပစ္စည်းတွေကို နှိုက်ထုတ်ချင်လို့မဟုတ်လား"

သုတုံးလှိုင်က ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ်"

"ကဲ.... ဒါဖြင့် ပြောစမ်း၊ ဒီတစ်ခါ မင်းက ဘာကိုများသိချင်လို့လဲ"



"လူတစ်ယောက်ပါ"

အဘိုးအိုက မေးလိုက်သည်။

"ဘယ်သူလဲ"

သုတုံးလှိုင်က တစ်လုံးချင်း ပီပီသသရွတ်ပြလိုက်သည်။

"ရှိလေရဲ"

❄❄❄

အဘိုးအို၏မျက်နှာပေါ်မှ အပြုံးသည်... ရုတ်ချည်းပျောက်ကွယ်သွားလေသည်။

သူ၏တောက်ပသောမျက်လုံးအစုံသည်... သေလုဆဲဆဲဖြစ်နေသောလူ၏ မျက်လုံးပုံစံမျိုးဖြစ်သွားလေသည်။

"ရှိလေရဲ... ရှိလေရဲ.... သူကမသေသေးဘူးလား"

သုတုံးလှိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူ မသေသေးပါဘူး"

အဘိုးအိုသည် သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

"အခုမှပဲ... မင်းက ဘယ်လိုလူစားမျိုးလဲဆိုတာ သိရတော့တယ်"

သူသည် ခြောက်သွေ့ပြီးအရိုးပေါ်အရေဖုံးသောလက်ချောင်းများဖြင့် သုတုံးလှိုင်အားတငေါက်ငေါက်ထိုးရင်း....

"မင်းဟာ တော်တော် အသုံးမကျတဲ့ကောင် အဆပေါင်း တစ်ထောင် အသုံးမကျတဲ့ကောင်၊ ဒါကြောင့်... မင်းက သူ့ကိုသွားပြီး ရန်စတာကွ"

သုတုံးလှိုင်က စိတ်မဆိုးပါ။

သူသည် အဘိုးအိုက သူ့အား သည့်ထက်မကပြောဆိုဝေဖန် မည်ဆိုကလည်း စိတ်မဆိုးပါ။

အကြောင်းမှာ....

ဤအဘိုးအိုသာလျှင် သူက သိလိုလျက်နှင့်မသိရသောကိစ္စ အကြောင်းများကို ပြောဆိုနိုင်မည်ဖြစ်သောကြောင့်ပင်။

အဘိုးအိုပြောဆိုပြီးမှ သူကလေသံအေးအေးဖြင့်....

"ကျွန်တော်က သူ့ကိုသွားပြီး ရန်မစပါဘူး၊ သူနဲ့ပတ်သက်တဲ့ ကိစ္စလေးနှစ်ခုကိုသိချင်လို့ပါ"

အဘိုးအိုမျက်မှောင်ကုပ်သွားသည်။

"ကိစ္စနှစ်ခုဟုတ်လား.... ဘာများလဲကွ"

"သူ့ရဲ့သိုင်းပညာအခြေအနေနဲ့ သူ့ရဲ့ လက်နက်အခြေအနေ ကိုပါ"

ထိုစကားကိုကြားလိုက်ရသည်နှင့် အဘိုးအိုသည် ထိတ်ထိတ် ပျာပျာဖြစ်သွားလေသည်။

"မင်းက သူ့ရဲ့လက်နက်ကိုတွေ့ဖူးလို့လား"

"မတွေ့ဖူးပါဘူး"



"အေး.... မင်း မတွေ့လို့ တော်သေးတာပေါ့"

အဘိုးအိုသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်လေသည်။ ပြီးမှ စကားဆက်လိုက်၏။

"သေတဲ့လူကပဲ သူ့ရဲ့လက်နက်ကိုမြင်ဖူးတာကွ"

"ဒါဖြင့်... သူ့ရဲ့လက်နက်ကို အသက်ရှင်တဲ့လူ ဘယ်သူကမှ မတွေ့ဖူးဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ မင်းတွေ့ဖို့လည်း စိတ်မကူးနဲ့တော့၊ ဒါပဲ...."

အဘိုးအိုသည် အမျိုးသမီးလက်အားလွှတ်လိုက်လေသည်။

ထို့နောက်... ကျောက်စားပွဲပေါ်မှစောင်းအား ကောက်ကိုင် လိုက်လေသည်။

"ကဲ.... ကျုပ်အတွက် တေးသီချင်းတစ်ပုဒ်လောက် ဆိုပြပါ လားကွယ်"

"ဒေါင်.... ဒိန်"

ပြောရင်း သူသည် စောင်းကြိုးအားညှိလိုက်လေသည်။

စောင်းသံများသည် ငြိမ့်ငြိမ့်ဧထွက်ပေါ်လာလေတော့ သည်။

❄❄❄

ဖြူဖွေးသောနှင်းကာသည် အမျိုးသမီး၏ပခုံးပေါ်မှ အောက်သို့ ချော်၍ကျသွားလေသည်။

အဖြူရောင်အဝတ်အစားများသည်လည်း မြေပေါ်သို့ပုံကျသွားသည်။

ဖြူဖွေးနေသောအမျိုးသမီးသည် ဖြူဖွေး၍နေတုန်းပင်...

ငွေရောင်ဖြင့်ချုပ်လုပ်ထားသော အတွင်းအင်္ကျီ၊ ငွေရောင်ဖြင့်ချုပ်လုပ်ထားသောဂါဝန်ရှည်က ထင်းခနဲပေါ်ထွက်လာသည်။

ငွေရောင်ဂါဝန်ရှည်သည် စီးဆင်းနေသော ချောင်းရေပမာ လှုပ်ရှားနေ၏။

အမျိုးသမီး၏ခန္ဓာကိုယ်သည် လိပ်ပြာတစ်ကောင် လေထဲ၌ ပျံဝဲနေသည့်အလား ယိမ်းထိုးကနေလေသည်။

ဂါဝန်ရှည်သည် လေနှင့်အတူလွင့်ပျံ့သွားလေသည်။

လုပ၍ချောမွတ်ပြီး ကျစ်လစ်တုတ်ခိုင်သော ပေါင်တံရှည်က ဖွေးခနဲပေါ်ထွက်လာလေသည်။

သူမ၏အက၊ သူမ၏ခြေထောက်များ မည်မျှလှပသည်ကို စာဖွဲ့၍မရအောင် လှပနေလေသည်။

❄❄❄



ငြိမ့်ညောင်းသောစောင်းသံသည် ရုတ်တရက် ခြောက်သွေ့နေသောအရိပ်အငွေ့များ ပါလာလေသည်။

ကနေ့ ကချေသည်အမျိုးသမီး၏ကကွက်များသည် လေမုန်တိုင်းကြားမှလွင့်ပျံနေသော ရွက်ကြွေတစ်ရွက်ပမာ ကြေကွဲဖွယ်ရာ ကောင်းလှပေသည်။

အဘိုးအိုသည် စောင်းကို တီးရင်းတီးရင်း...

ရုတ်တရက်... သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များပြည့်လျှံလာလေတော့သည်။

"ခြွမ်း"

စောင်းကြိုးသည် ပြတ်ထွက်သွားလေတော့သည်။

စောင်းသံသည် ရပ်တန့်သွားသည်။

ကချေသည်၏ဂါဝန်ရှည်သည် တိမ်လွှင်းပမာ မြေပေါ်သို့ ပုံကျသွားလေသည်။

❄❄❄

ကချေသည်သည် မြေပေါ်သို့ ဒူးထောက်ကာ ခေါင်းငုံ့ထား လေသည်။

သေလုလုငန်းတစ်ကောင်က ပြာလဲ့လဲ့မိုးကောင်းကင်တွင် နစ်မြုပ်ပျောက်ကွယ်သွားသည်နှင့် တူလှပေသည်။

ထို့နောက်... ငြိမ်သက်ခြင်း၊ ကြည်နူးဖွယ်ရာဖြစ်ခြင်း၊ စိတ်ငြိမ်းချမ်းစေခြင်းတို့သည် တပြိုင်နက်ခံစားလိုက်ရလေသည်။

အဘိုးအို၏မျက်ရည်စက်များသည် စီးဆင်းကျလာလေတော့သည်။

တစ်စက်....

နှစ်စက်....

သုံးစက်....

သုတုံးလှိုင်သည် အတန်ကြာအောင်... စကားမပြောဘဲနေ လေသည်။

အဘိုးအိုက သူ့အားမော့ကြည့်လိုက်တော့မှ စကားကိုဆက် လိုက်ပြန်သည်။

"ရှိလေရှဲရဲ့ သိုင်းပညာအဆင့်ကကော ဆရာကြီး"

"သူ့ဆရာရဲ့ အဆင့်ကို ကောင်းကောင်းမှီတယ်"

သုတုံးလှိုင် မျက်မှောင်ကုပ်သွားသည်။

"သူ့ဆရာက ဘယ်သူလဲ"

"ရှိလေရှဲကိုင်ဆောင်တဲ့လက်နက်ကို တီထွင်တဲ့လူပေါ့"



"သူဟာ ဘယ်သူလဲ"

"ရှောင်ခုန်းကျူ"

"သူဘယ်မှာနေသလဲ ဆရာကြီး"

"တောင်တစ်လုံးမှာ ဇာတ်မြုပ်နေတယ်"

"ဘယ်တောင်လဲ ဆရာကြီး"

"မသိဘူး ဘယ်သူကမှ မသိကြဘူး"

သုတုံးလှိုင်သည် မျက်မှောင်ကုပ်သွားလေသည်။

အတန်ကြာမှ သူသည် ခေါင်းမော့၍ကြည့်လိုက်သည်။

အဘိုးအိုသည် မျက်လုံးမှိတ်ကာ အိပ်ပျော်သွားနေသည်ကို တွေ့လိုက်ရလေသည်။

❄❄❄

မိုးဖွဲကလေးများသည် တဖွဲဖွဲကျနေ၏။

တံခါးသည် တစ်ဘက်သို့ ဟသွားလေသည်။

သုတုံးလှိုင်ထွက်သွားပြီ ဖြစ်ပါသည်။

လိပ်ပြာသည် ထိုတံခါးကိုပိတ်ရန် တံခါးအနီးသို့ရောက်ရှိလာပြီဖြစ်လေသည်။

ဤတံခါးအားပိတ်လိုက်လျှင်....

ဤနေရာသည် အပြင်လောကနှင့် အဆက်အသွယ်အားလုံး

ပြတ်သွားမည်ဖြစ်ပါသည်။

တံခါးကို မည်သူမှလာမခေါက်ပါစေနဲ့ဟု…

သူမက ဆုတောင်းမိသည်။

အကြောင်းမှာ… အဘိုးအိုအား ဘယ်သူကမှ လာရောက်ပြီး အနှောင့်အယှက်မပေးဘဲ အေးချမ်းစွာနေထိုင်စေလိုသည့်ဆန္ဒက ပြင်းပြနေသောကြောင့်ပင်။

ယခု သူမသည် အဘိုးအိုနှင့်ဘဝချင်းတူနေလေသည်။

သူမ၏အသည်းနှလုံးသည် သေဆုံးနေပြီဖြစ်ပါသည်။

သူမတွင် ထုံထိုင်းနေသော ခန္ဓာကိုယ်နှင့် ခြေနှစ်ဖက်သာ ကျန်ရစ်နေတော့သည်။

ဆင်၏အစွယ်….

သမင်၏ချိုနှင့်တူလှသည်။

သူမ၏တစ်သက်တာတွင် အဖိုးအတန်ဆုံးသောအရာမှာ ဤခြေထောက်များပင်ဖြစ်သည်။

တစ်နည်းဆိုရလျှင်…

သူမ၏ခြေထောက်နှစ်ဖက်သည် ကံဆိုးမှု၏ ရေသောက်မြစ်ပင်ဖြစ်ပါသည်။

အကယ်၍…

သူမတွင် လှပ၍လိပ်ပြာကဲ့သို့ခုန်ပျံကပြနိုင်သော ခြေထောက်နှစ်ဖက်မရှိခဲ့လျှင်…



သူမ၏ဘဝသည် ယခုကဲ့သို့ ဆိုးဝါးသောကံကြမ္မာနှင့် တွေ့ကြုံရပါမည်လော…

❄❄❄

လိပ်ပြာသည် ခေါင်းငုံ့ထားပြီး တံခါးအနီး၌ရပ်နေ၏။

သုတုံးလှိုင် အမြန်ဆုံးထွက်ခွာသွားရန်ကိုသာ သူမမျှော်လင့်နေသည်။ သုတုံးလှိုင်က အပြင်ဘက်သို့ရောက်သွားပြီးမှ သူမဘက်သို့ လှည့်လိုက်သည်။

သူ၏မျက်ဝန်းအစုံက ထူးဆန်းသည့်အကြည့်ဖြင့် သူမအား ကြည့်နေလေသည်။ အတန်ကြာကြည့်ပြီးမှ….

"အခုတလော မင်းနေထိုင်လို့ပျော်ရဲ့လား"

ဟုမေးလိုက်လေသည်။

"ပျော်ပါတယ်"

လိပ်ပြာ၏အသံသည် စက်ရုပ်မှထွက်လာသောအသံမျိုး ဖြစ်နေလေသည်။

"မင်းသာ နေချင်တဲ့ဆန္ဒရှိရင် တစ်သက်လုံးနေနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

❄❄❄

သုတုံးလှိုင် ထွက်သွားပြီဖြစ်ပါသည်။

လိပ်ပြာသည် လှည့်ပြန်မည်အပြုတွင်....

"စကားပြောသံများကိုကြားလိုက်ရသဖြင့်... သူမ၏ခြေလှမ်းသည် ခေတ္တရပ်တန့်သွားလေသည်။

လူငယ်တစ်ယောက်၏အသံနှင့် သုတုံးလှိုင်တို့၏အသံပင် ဖြစ်ပါသည်။

သူတို့သည် တီးတိုးပြောဆိုနေကြခြင်းဖြစ်သည်။

လိပ်ပြာသည် ကောင်းစွာမကြားရပါ။

စုမာချောင်းချင်သည် ရုတ်တရက်အပြင်းဖျားနေသည်ဟုသာ ဝိုးတဝါးကြားလိုက်ရလေသည်။

သမားတော်များကိုလည်း ပင့်၍ကုသပေးခိုင်းနေရသည်။

သမားတော်ကြီးများက သူ့အား လုံးဝ အနားယူရမည်ဟု လည်း ပြောသံကိုကြားလိုက်ရလေတော့သည်။

❄❄❄



သုတုံးလှိုင်က ရပ်လျက်နေ၏။

လူငယ်သည် ရိုသေစွာဖြင့်အနီး၌ရပ်နေသည်။

"သူ့ကို လုံးဝအနားပေးရမယ်လို့ပြောတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဘယ်သူနဲ့မှလည်း အတွေ့မခံရဘူးလို့ ပြောပါတယ်"

သုတုံးလှိုင် မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူနဲ့မှဆိုတော့ ကိုယ့်အတွင်းလူကော ပါသလား"

လူငယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... အတွင်းလူကိုလည်း အတွေ့မခံရဘူးလို့ပြောပါတယ်"

"ဒါဖြင့် ကျုပ်လည်းမတွေ့ရဘူးပေ့ါ"

သုတုံးလှိုင်က မေးလိုက်သည်။

လူငယ်က...

"ဟုတ်လိမ့်မယ်လို့ ထင်တာပဲ"

"ဒါကြောင့်... သူ့ဇနီးက လာမတွေ့ပါနဲ့လို့ မင်းကို ငါ့ဆီလာပြီးအကြောင်းကြားခိုင်းတာ မဟုတ်လား"

"ဒီလိုတော့မပြောပါဘူး"

"ဒါဖြင့် သူကဘယ်လိုမှာလိုက်တာလဲ"

"ဆရာကြီးကို... အလုပ်မှန်သမျှ ခေတ္တရပ်ထားလိုက်ပါ၊ သူ့ခင်ပွန်းသက်သာလာမှ လုပ်ကြပြောကြပါလို့ မှာလိုက်ပါတယ်"

"သမားတော်ကြီးပင့်လာတာကိုကော တွေ့မိသလား"

"ဟုတ်ကဲ့၊ သမားတော်ကြီးသုံးယောက်ကို ပင့်လာပါတယ်၊ သူတို့ကို ကျွန်တော် အားလုံးတွေ့ခဲ့ပါတယ်"

"ဘယ်သူတွေလဲ"

လှူငယ်က သမားတော်သုံးယောက်၏အမည်ကိုပြောလိုက်လေသည်။ ယင်းနာမည်အား ကြားလိုက်သည်နှင့် ထိုသမားတော်ကြီးများသည် ချန်အန်းမြို့တွင် အကျော်ကြားဆုံးသမားတော်ကြီးများဖြစ်နေမှန်းသိရလေသည်။

"သမားတော်ကြီးများက ဘာတွေပြောကြသလဲ"

"ဧကရာဇ်ရဲ့ရောဂါဟာ အသက်အန္တရာယ်စိုးရိမ်ရတယ်လို့ ပြောကြပါတယ်"

သုတုံးလှိုင် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း.... သူက မဖျားရမယ့်အချိန်ကျမှ လာပြီးဖျားတာ နာတာပေါ့ကွာ"

"ဘာဖြစ်လို့လဲ"

"နောက် တစ်ရက်နှစ်ရက်အတွင်းမှာ ကျူမင်း လာလိမ့်မယ်ကွ"

ခြံဝင်းတံခါး၏တဘက်မှာရပ်နေသော လိပ်ပြာသည် တစ်ကိုယ်လုံး တောင့်တင်းသွားလေတော့သည်။

❄❄❄

# နွေရာသီအရောက်စောသောလုယန်မြို့

၂–လ၊ ၂၂–ရက်နေ့

လုယန်မြို့။

နံနက်....

နှင်းများကျလျက်....

မြင်းတစ်ကောင်သည် နှင်းများကြားမှ လုယန်မြို့ထဲသို့ ပြေးလွှားဝင်ရောက်လာသည်။

မြင်းပေါ်မှလူသည် အစိမ်းရင့်ရောင်နှင်းကာအား ဝတ်လျက် သက္ကလပ်အမွေးရှည်ဦးထုပ်ကိုဆောင်းကာ...

ဦးထုပ်ကို မျက်နှာတစ်ဝက်ခန့်ဖုံးမိစေရန် ခပ်နိမ့်နိမ့်ဆောင်းထားလေသည်။

ထိုလူသည် မြင်းစီးအလွန်ကျွမ်းကျင်လေသည်။

သူသည် မြို့ထဲသို့ ဝင်လိုက်မိသည်နှင့် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

သူသည် သူ၏မျက်နှာအားကွယ်ထားသည့်အပြင် သူ၏ မြင်းစီးကျွမ်းကျင်ပုံကိုလည်း အသိမခံလိုသည့်အသွင်ရှိနေသည်။

သို့သော်...

သူက ကိုယ့်ကိုယ်ကိုလျှို့ဝှက်ထားသော်လည်း သူသည် ဤလုယန်မြို့သို့ မရောက်ဘူးခဲ့ပါ။

ယခု ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်လေသည်။

လုယန်မြို့တွင်နေထိုင်ကြသောလူများသည် သူ့ကို တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးကြပါ။

❄❄❄



၂-လ၊ ၂၂-ရက်နေ့

ချန်အန်းမြို့။

၂-လပိုင်းဖြစ်သော ချန်အန်းမြို့၏နံနက်ခင်းသည် လုယန်မြို့ကဲ့သို့ အေးစိမ့်နေလေသည်။

လူအများစုသည် အိပ်ရာထဲတွင် ထွေးထွေးနွေးနွေးနေတတ်ကြသည်။

မည်သူမှ အိပ်ရာကမထကြသေးပါ။

သုတုံးလှိုင်က စောစောထနေသည်။

သူ၏အခြေအနေသည် သန်စွမ်းကောင်းမွန်နေသည်။

သို့သော် မျက်နှာမှာမူ လေးနက်နေသည်။

စုမာချောင်းချင် ဖျားနာနေသည်မှာ...

ရက်ပေါင်းအတော်ကြာညောင်းခဲ့ပြီဖြစ်သည်။

ရောဂါအခြေအနေကား ကောင်းမွန်လာခြင်းမရှိသေးပါ။

ထို့ကြောင့်လည်း... သူ၏စိတ်နှလုံးသည် ကြည်လင်နိုင်မည်မဟုတ်ပါ။

ထိုရက်များအတွင်း...

သူသည် စုမာချောင်းချင်နှင့် မတွေ့ခဲ့ရပါ။

လူနာသွားမေးသည့်တိုင်အောင် ဝူဝမ်းကတွေ့ခွင့်မပေးပါ။

လူနာအခန်းတွင်... ဆေးများကျိုချက်နေသောအနံ့အသက်များသည် ပျံ့နှံ့နေသည်။

ဂူဝမ်းမှာလည်း ပင်ပမ်းနွမ်းနယ်နေလေသည်။

သို့သော်...

သူမသည် သမားတော်များမှအပ မည်သူ့ကိုမှ လူနာအခန်းသို့ အဝင်မခံပါ။

သုတုံးလှိုင်ကိုပင် ပြတ်ပြတ်သားသား ငြင်းဆိုခဲ့လေ၏။

ဤတစ်ကြိမ်....

ဂူဝမ်းသည် ပထမဆုံးအကြိမ် သုတုံးလှိုင်အား ပြတ်သားစွာ တားမြစ်လိုက်ခြင်းဖြစ်သည်။

သုတုံးလှိုင်က စိတ်မဆိုးပါ။

"မယားတစ်ယောက်က မိမိခင်ပွန်းအတွက် ကောင်းတယ် ထင်ပြီးလုပ်တာပဲ... ကျွန်တော်ကအပြစ်မယူပါဘူးဗျာ"

ဟု ပြောလိုက်လေသေးသည်။

❄❄❄



ယခုအချိန်သည် နံနက်အချိန်ဖြစ်နေသေးသည်။

ပန်းဥယျာဉ်ထဲ၌... ညှို့သည်နှစ်ယောက်ရောက်ရှိနေပြီ ဖြစ်ပါသည်။

သူတို့သည် သုတုံးလှိုင်အား လာရောက်စောင့်နေကြခြင်းဖြစ်လေသည်။

ထိုညှို့သည်နှစ်ယောက်မှာ သမားတော်များဖြစ်ကြ၏။

တစ်ယောက်က သမားတော်ကြီး 'ကန့်' ဖြစ်ပြီး...

ကျန်တစ်ယောက်က သမားတော်ကြီး 'စီး' ဖြစ်ပါသည်။

သူတို့နှစ်ယောက်သည်...

ချန်အန်းမြို့တွင် သမားတော်အကျော်အမော်များ ဖြစ်ကြပေသည်။

သူတို့သည် နံနက်စောစော ထလေ့မရှိပါ။

ယခုမှာမူ... သုတုံးလှိုင်၏ဖိတ်ကြားချက်ကြောင့် စောစော အိပ်ရာကထပြီး ရောက်လာကြခြင်းဖြစ်ပါသည်။

ပို၍အခံရခက်သည်မှာ...

သုတုံးလှိုင်သည် သူတို့အား မီးပုံရှိသောညှို့ခန်း၌ ညှို့ခံထားခြင်းမရှိဘဲ လေးဘက်လေးတန်မှ လေတဟူးဟူး တိုက်ခတ်နေသောဥယျာဉ်ထဲ၌ ထိုင်၍စောင့်ခိုင်းထားခြင်း ဖြစ်လေသည်။

ယခုအချိန်သည်...

အကယ်၍ (၆)လပိုင်းဖြစ်နေလျှင်...

ပန်းများဝေဝေဆာဆာဖြင့် အလွန်ကြည်နူးဖွယ်ရာကောင်းမည်ဖြစ်ပါသည်။

သို့သော်... ယခုမှာမူ အေးစိမ့်သောလေများသည် ဓားသွားပမာ သူတို့အားတိုက်ခိုက်နေသဖြင့်...

အပေါ်သွားနှင့်အောက်သွားတို့ပင် တလှုပ်လှုပ်ထိအောင် ခိုက်ခိုက်တုန်ချမ်းနေလေသည်။

သမားတော်နှစ်ယောက်သည် အအေးဒဏ်ကြောင့် မျက်နှာတစ်ခုလုံး ညိုမည်းနေကြလေသည်။

သူတို့၏ရင်ထဲ၌ သုတုံးလှိုင်အား ဝမ်းနုတ်ဆေးများများ ကျွေးပြီးသတ်ပစ်ချင်လောက်အောင် မုန်းတီးနေကြလေသည်။

သို့သော်... သူတို့၏စိတ်ကူးသည် စိတ်ကူးမျှသာဖြစ်သည်။ မျက်နှာမှာမူ အားတင်း၍ပြုံးထားရ၏။

သုတုံးလှိုင်အားအံတုလျှင် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲနိုင်သည်ကို သူတို့နားလည်ထားကြလေသည်။

ထို့ကြောင့်လည်း...

သုတုံးလှိုင်သည် မြေခွေးဦးထုပ်၊ မြေခွေးအမွေးပွအင်္ကျီများ ဝတ်ဆင်ပြီး အစောင့်အရှောက်များခြံရံကာရောက်ရှိလာသည်ကို တွေ့လိုက်ရသည်နှင့် ထိုင်ရာမှ ကပျာကယာထလိုက်ကြလေသည်။

သူတို့၏မျက်နှာများသည် ရွှေအချိန်တစ်ထောင်ရလိုက်သည့် သူဌေးကြီးပမာ အလွန်ဝမ်းသာသောအသွင်ကို ဆောင်နေလေသည်။



"ဟဲ.... ဟဲ.... ဟဲ.... နေကောင်းတယ်နော်ဆရာကြီး"

သူတို့သည် မျက်နှာတစ်ခုလုံးပြုံး၍ ပြိုင်တူမေးလိုက်ကြခြင်းဖြစ်သည်။

သုတုံးလှိုင်ကလည်း သူတို့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေ၏။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဒီလောက်ချမ်းတဲ့ရာသီမှာ ခင်ဗျားတို့ကို ဘာဖြစ်လို့ ညှော့ခန်းထဲကို မဖိတ်တာလဲဆိုတာ အံ့ဩနေကြမှာပဲနော်"

သူတို့၏စိတ်ထဲတွင် အမှန်ပင်အံ့ဩနေ၏။

သို့သော်...

သူတို့၏နှုတ်မှထွက်လာသောစကားလုံးများသည် တစ်မျိုးဖြစ်နေ၏။

"ဟဲ.... ဟဲ.... ဟဲ.... ဒီလိုမထင်ပါဘူးဗျာ၊ အခုလို အချိန်မျိုးမှာ ဆောင်းခရေပန်းပွင့်နေတာကို လာကြည့်ခိုင်းတာဖြစ်ရမယ်လို့ ထင်နေပါတယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ကိုလာကြည့်ခိုင်းတာ မှန်ပါတယ်၊ ဒါပေမယ့် ဆောင်းခရေပန်းတော့မဟုတ်ဘူးဗျ"

"ဒါဖြင့်... ဘာလဲဆရာကြီး"

"ဟဲ... ဟဲ... ဟဲ.... သမားတော်ကြီး'စီး'က မြို့အစွန်အဖျားမှာ သီးခြားအိမ်တစ်လုံးနဲ့ထားတဲ့မိန်းကလေးဟာ အတော်လှပါတယ်

ဗျာ၊ အဲ.... သမားတော်'ကန့်'က နောက်ထပ်ယူထားတဲ့ မိန်းကလေးဟာ ဆောင်းခရေပန်းထက်တောင် အသားဖြူပါသေးတယ်၊ ဒါကြောင့် ခင်ဗျားတို့ကိုဖိတ်ခေါ်လိုက်တာဟာ ဆောင်းခရေပန်းကိုကြည့်ဖို့မဟုတ်ပါဘူး"

သမားတော်နှစ်ယောက်၏လက်ဝါးများတွင် ချွေးများထွက်ပေါ်လာလေသည်။

သူတို့ အလွန်လျှို့ဝှက်ထားသောအကြောင်းများကို သုတုံးလှိုင်က မည်သို့သိထားပါသနည်း။

သူတို့သည် သုတုံးလှိုင်အား ကြောင်အမ်းအမ်းဖြင့်ကြည့်ကာ ပါးစပ်ဟောင်းလောင်းဖြစ်နေကြ၏။

"ကဲ.... ကျွန်တော့်နောက်ကို ခဏလိုက်ခဲ့ကြပါဗျာ"

သုတုံးလှိုင်သည် ကောက်ကျစ်စွာပြုံး၍ ပြောလိုက်သည်။

သမားတော်နှစ်ယောက်သည်...

မည်သည့်စကားမှ မပြောရဲတော့ဘဲ တိတ်ဆိတ်စွာဖြင့် သူ့နောက်သို့လိုက်သွားလေတော့သည်။

❄❄❄



သုတုံးလှိုင်သည် ရှေ့မှလျှောက်နေ၏။

သမားတော်နှစ်ယောက်သည် နောက်မှလိုက်လာ၏။

ထိုလမ်းကလေး၏နံဘေးတွင် ကျောက်ပြားများဖြင့်ပြုလုပ်ထားသော ရေမြောင်းတစ်ခုရှိသည်။

သုတုံးလှိုင်၏ခြေလှမ်းသည် ထိုရေမြောင်းအနီး၌ ရပ်တန့်သွားသည်။

သမားတော်များသည်...

သုတုံးလှိုင်က သူတို့ကို အဘယ်ကြောင့် ဤနေရာသို့ ခေါ်လာသည်ကို နားမလည်နိုင်ဘဲရှိနေကြသည်။

"ဟေ့.... ဒီရေမြောင်းဖုံးထားတဲ့ ကျောက်ပြားကို မလိုက်စမ်း"

သုတုံးလှိုင်က လက်အောက်ငယ်သားတစ်ယောက်အား အမိန့်ပေးလိုက်သည်။

အိမ်ဖော်တစ်ယောက်သည် ရေမြောင်းဖုံးအုပ်ထားသော ကျောက်ပြားကို မယူလိုက်လေသည်။

သုတုံးလှိုင်သည် သမားတော်ကြီးဘက်သို့ လှည့်လိုက်ပြီး....

"လာကြည့်စမ်းပါဗျာ၊ ဒါကဘာတွေလဲဗျ"

သူညွှန်ပြသောနေရာသည် ရေမြောင်းတစ်ခုမျှသာဖြစ်လေသည်။

သမားတော်ကြီး၏အလုပ်မှာမူ လူနာကြည့်ရန်သာဖြစ်ပါသည်။

ယခုမှာမူ သုတုံးလှိုင်သည် သမားတော်ကြီးနှစ်ယောက်အား ပင့်ဖိတ်ပြီး ရေမြောင်းကိုကြည့်ခိုင်းသည်မှာ ထူးခြားနေ၏။

ရေမြောင်းသည် ကြည့်ချင်စဖွယ်ဖြစ်နေ၍လော။

သမားတော် 'စီး'နှင့်'ကန့်'တို့မှာ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

သုတုံးလှိုင်မှာမူ ရေမြောင်းကိုသာ အာရုံစူးစိုက်စွာကြည့်နေလေသည်။

သူ၏ပုံဟန်မှာ... ကမ္ဘာပေါ်တွင် ဤရေမြောင်းထက် ကြည့်ကောင်းဖွယ်ရာမရှိဟူသောပုံမျိုးဖြစ်နေ၏။

သမားတော်ကြီးကန့်က စိတ်မြန်သူတစ်ယောက်ဖြစ်၏။

သူသည် မနေနိုင်တော့ဘဲမေးလိုက်လေသည်။

"ဒါကတော့ ရေမြောင်းတစ်ခုပဲမဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့ကိုကြည့်ရင်တော့ ရေမြောင်းတစ်ခုပါပဲ"

"ဒါဖြင့်... လူကြီးမင်းက ကျုပ်တို့ကိုခေါ်လာပြီး ရေစီးမြောင်းကို ဘာဖြစ်လို့ကြည့်ခိုင်းရတာလဲ"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ဟဲ.... ဟဲ.... ဟဲ.... ဒီရေမြောင်းဟာ ပန်းရုံဆရာက လက်ရာကောင်းကောင်းနဲ့ပြုလုပ်သွားတယ်ဆိုတာ ဘယ်လောက်ထင်ရှားသလဲ၊ ကြည့်စမ်း... ချောမွတ်ပြီး ဘယ်တုန်းကမှပိတ်ဆို့မှုမရှိဘူး"

သမားတော်ကြီးနှစ်ဦးသည် ပါးစပ်ပိတ်ထားလိုက်လေ



တော့သည်။ သုတုံးလှိုင်က စကားဆက်လိုက်သည်။

"ဒီရေမြောင်းဟာ စုမာချောင်းချင်တို့ နေထိုင်တဲ့နေရာကနေ ပန်းခြံအထိ ရောက်လာတဲ့ရေမြောင်းပါ"

သမားတော်တို့သည် သုတုံးလှိုင်က ဘာကိုဆိုလိုမှန်း စဉ်းစား၍မရပါ။

ထိုအချိန်မှာပင်... လေထဲ၌ ဆေးများကြိုနေသော အနံ့အသက်များသယ်ဆောင်လာနေသည်ကို အနံ့ရလိုက်လေသည်။

❄❄❄

ဤလမ်းကလေးသည်....

နံနက်စောစောတည်းက သန့်ရှင်းပြီးဖြစ်သည်။

ရေမြောင်းထဲတွင် ရှိနေသောအမှိုက်များမှာလည်း သန့်ရှင်းပြီးဖြစ်သည်။

ထို့ကြောင့် ရေမြောင်းသည်သန့်ရှင်းနေ၏။

သူတို့သည် ဆေးကြိုနေသောအနံ့အသက်များရလိုက်သောအခါ...

ရေမြောင်းထဲသို့ ဝါကျင့်ကျင့်အရည်များ စီးဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

သုတုံးလှိုင်သည် လက်တစ်ချက်ဝှေ့ယမ်းပြလိုက်ရာ သူ၏

အိမ်ဖော်သည် ထိုရေမြောင်းထဲမှစီးလာသောရေများကို ပန်းကန်တစ်လုံးနှင့် ခံယူလိုက်လေသည်။

သုတုံးလှိုင်သည် သမားတော်ကြီးများဘက်သို့ လှည့်ကြည့်လိုက်ပြီး…

"သမားတော်ကြီးများ ကြည့်ကြစမ်းပါဗျာ… ဒါက ဘာအရည်တွေလဲဗျ"

သမားတော်ကြီးနှစ်ယောက်သည် ထိုအရည်များကိုကြည့်ပင်မကြည့်ဘဲ ဆေးများကျိုထားသော ဆေးရည်ဖြစ်နေသည်ကို သိလိုက်ရလေသည်။

သုတုံးလှိုင်သည်… သူတို့အား အေးတိအေးစက်ဖြင့်ကြည့်လိုက်သည်။

"ဒီအရည်ဟာ ဘာလဲဆိုတာ ခင်ဗျားတို့ မသိဘဲကော့မနေဘူးဗျ"

သမားတော်ကြီးကန့်သည် စကားပြောရန်နှုတ်ခမ်းလှုပ်လိုက်ပြီးမှ စကားတစ်ခွန်းမှမပြောဖြစ်ပါ။

သမားတော်ကြီးစီး၏ပါးစပ်မှာလည်း အပ်နှင့်ချုပ်ထားခြင်းခံရသည့်အလား ပိတ်နေ၏။

"ဒီဆေးတွေဟာ… မနေ့က ခင်ဗျားတို့ပေးတဲ့ဆေးတွေပါပဲ၊ မနေ့ညသန်းခေါင်ယံကစပြီး ကျိုတယ်၊ မီးနည်းနည်းနဲ့ ခုမနက်ကျမှ ကျိုပြီးသွားတယ်"



သုတုံးလှိုင်က သမားတော်ကြီးနှစ်ယောက်ကို ပြုံး၍ကြည့်လိုက်ပြီး သူ၏စကားကိုဆက်လိုက်သည်။

"ကျုပ်သိရသလောက်တော့ ဒီဆေးတစ်ဖုံဟာငွေ (၅၀) လောက်တန်တယ်"

သမားတော်ကြီးများ၏မျက်နှာသည် ကွက်ခနဲပျက်သွားကြလေသည်။

သုတုံးလှိုင်ကပြုံး၍ ချိုလွင်သောအသံဖြင့်….

"ဒီဆေးရည်ဟာ စုမာချောင်းချင်ရဲ့ ဝမ်းဗိုက်ထဲရောက်ရမယ် မဟုတ်လား။ အခုတော့ ရေမြောင်းထဲ ဘယ်လိုလုပ်ရောက်လာသလဲဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့မရဘူးဗျ"

သူသည် ပြောရင်း သူ၏မျက်လုံးအစုံသည် ရုတ်တရက်တောက်ပလာသည်။

"ဒါပေမယ့် လူတစ်ယောက်ကိုတော့ သိတယ်လို့ ကျုပ်သတိရလိုက်တယ်ဗျ"

"ဘယ်သူလဲ"

သမားတော်ကြီး 'စီး'ကမေးလိုက်သည်။

သုတုံးလှိုင်က သူ့ကိုလက်ညှိုးညွှန်ပြလိုက်ပြီး….

"ခင်ဗျားပဲ"

သမားတော်ကြီး 'စီး'၏ ခန္ဓာကိုယ်သည် ရုတ်တရက် တုန်ယင်သွားသည်။

သူ၏တစ်ကိုယ်လုံးသည် အင်အားချိနဲ့သွားသည့်အလား
စားလိုက်ရသည်။

သုတုံးလှိုင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ခင်ဗျားက သဘောမပေါက်သေးတော့ ဒီနေရာမှာ ပူအိုက်လွန်းလို့နဲ့တူတယ်၊ လူတစ်ယောက်ဟာ သိပ်ပြီးပူအိုက်နေရင်တော့ မှတ်ဉာဏ်မကောင်းဘူး ဖြစ်တတ်တာပေါ့"

သူသည် အနီးတွင်ရပ်နေသောအစောင့်အား....

"ကဲ... အဲဒီလူကြီးမင်းနှစ်ယောက်ရဲ့ အင်္ကျီကို ချွတ်ပေးလိုက်ပါကွာ"

သမားတော်ကြီး 'စီး'သည် သူ၏အင်္ကျီကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း....

"မလုပ်ပါနဲ့ဗျာ၊ အင်္ကျီမချွတ်လိုက်ပါနဲ့"

သုတုံးလှိုင်က သူ့အားပြုံး၍....

"ခင်ဗျား မအိုက်ဘူး ဟုတ်လား"

သမားတော်ကြီး 'စီး'သည် ခေါင်းကို ကပျာကယာခါယမ်းပြလိုက်သည်။

"ဒါဖြင့်... သောက်ရမယ့်ဆေးရည်ဟာ ဘာကြောင့်... ရေမြောင်းထဲရောက်နေရတာလဲဆိုတာ လူကြီးမင်း... သိလောက်ပြီနဲ့တူတယ်"

သမားတော်ကြီးစီးသည် မည်သို့ပြောရမှန်းမသိဘဲ ဖြစ်နေ



လေသည်။ သုတုံးလှိုင်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျားပြောရမှာခက်နေရင် ကျုပ်ကပဲ ပြောပြမယ်၊ ခင်ဗျားကြည့်နေရတဲ့လူနာဟာ ဘာရောဂါမှမရှိလို့မဟုတ်လား"

"ကျုပ်မသိဘူး... ကျုပ်မသိဘူး"

သုတုံးလှိုင်က မဲ့ပြုံးပြုံးလိုက်သည်။

သမားတော်ကြီးအနီး၌ရပ်နေသော အစောင့်နှစ်ယောက်က သူ၏အင်္ကျီကိုချွတ်ရန်ဟန်ပြင်လိုက်ရာ....

သမားတော်ကြီးစီးက ရန်းကန်ရင်း....

"ကျုပ် တကယ်မသိလို့ပါ၊ သူ့ကို ကျုပ်တွေ့မှမတွေ့ရဘဲဗျာ"

သုတုံးလှိုင်၏မျက်လုံးအိမ်များသည် ကျုံ့ဝင်သွားသည်။

"ခင်ဗျားက သူ့ကိုမတွေ့ဘူးဟုတ်လား၊ စုမာချောင်းချင်ကို တွေ့ဘူးလား"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သူ့ကိုမတွေ့ခဲ့ပါဘူး"

"သူ့မိန်းမက သူ့ယောကျ်ားရဲ့ရောဂါကိုကုဖို့ ပင့်ဖိတ်လာတာ ဟုတ်လား၊ ဘာဖြစ်လို့ မတွေ့ရမှာလဲ"

သမားတော်ကြီးစီးသည် ခေါင်းခါယမ်းလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့်... ကျုပ်လာတဲ့အခါမှာ လူနာကို တွေ့ရပါဘူးဗျာ"

သုတုံးလှိုင်သည် တိတ်ဆိတ်စွာရပ်နေ၏။

သူ၏မျက်လုံးသည် မီးခိုးရောင်သန်းနေသော ကောင်းကင်

အား မော့ကြည့်နေသည်။

သူသည် အတန်ကြာရပ်ပြီးမှ သမားတော်ကြီးကန့်ဘက်

ဖြည်းညှင်းစွာလှည့်လိုက်သည်။

"ခင်ဗျားကော လူနာကိုတွေ့ခဲ့ရသလား"

"ကျုပ်လည်း မတွေ့ရပါဘူးဗျာ"

သမားတော်ကြီးကန့်သည် သက်ပြင်းတစ်ချက်ချလိုက်

"စုမာချောင်းချင်ရဲ့ဇနီးက ကျုပ်တို့ကိုပင့်လာပြီး ဘယ်

မရှိတဲ့အိပ်ခန်းကိုကြည့်နိုင်းသလို ဖြစ်နေပါတယ်ဗျာ"

ထိုစဉ်မှာပင်... ဝူဝမ်း၏အသံကိုကြားလိုက်ရသည်။

"တကယ်လို့ ရွှေငါးဆယ်သားလောက်ပေးမယ်ဆိုရင်

သမားတော်ကြီးမဆို လွတ်နေတဲ့အခန်းကိုကြည့်နိုင်းရင် ကြည့်

ပဲရှင်"

သူမသည် အေးစက်သောလေသံဖြင့် စကားဆက်လိုက်

လေသည်။

"နောက်တစ်ကြိမ်... ကျွန်မက အအေးဒဏ်ခံနိုင်တဲ့သ

တော်ကြီးကိုပင့်ဖို့ ကြိုးစားရမှာပါပဲ"

❋❋❋



ဤနေရာသည်....

လူနာရှိသည်ဟုညွှန်ပြမည့်သူသည် ဝူဝမ်းဖြစ်ရမည်။

သူမ၏မျက်နှာသည် အိပ်ရေးပျက်လွန်း၍ ဟောက်ပက်ဖြစ်

နေသည်။

သူမတစ်ကိုယ်လုံးမှာလည်း ပင်ပန်းနွမ်းနယ်နေသည့်ပုံဟန်

ဖြစ်နေ၏။

သူမသည် အအေးဒဏ်မခံနိုင်သောသမားတော်ကြီး နှစ်

ယောက်ကို စိုက်ကြည့်လိုက်သည်။

"ကျွန်မက မိန်းမသားတစ်ယောက်ပါ၊ ဆရာကြီးသုံးလိုင်

လောက်တော့ အာဏာမရှိပါဘူး၊ ဒါကြောင့်... ရှင်တို့နှစ်ယောက်ကို

အကျိုးချုပ်ပစ်မှာမဟုတ်ပါဘူး၊ ဒါပေမယ့်...."

သူမ၏အသံသည် အေးစက်စက်ဖြင့်....

"ရှင်တို့ကို ကျွန်မ သတိတစ်ခုပေးရဦးမယ်၊ ရှင်တို့အိပ်တဲ့

အခါမှာ တံခါးကိုလုံအောင်ပိတ်ပါ၊ ဒါမှမဟုတ်ရင် ရှင်တို့ အိပ်ရာက

နိုးတဲ့အခါမှာ နှင်းတွေဖုံးနေတဲ့မြေကြီးပေါ်မှာအိပ်နေရတာကို တွေ့ရ

ပါလိမ့်မယ်"

သမားတော်ကြီးနှစ်ယောက်၏မျက်နှာသည် ဖြူဖပ်ဖြူရော်

ဖြစ်သွားကြလေသည်။

အကယ်၍သာ...

လူတစ်ယောက်၏အကြည့်သည်...

လူကိုသတ်နိုင်မည်ဆိုပါလျှင်....

ယခု သူတို့နှစ်ယောက်သည် သေသွားမည်သာဖြစ်ပါသည်။

ဂူဝမ်းသည် သူတို့အား ခြံဝင်းအဝင်သို့ညွှန်ပြလိုက်ပြီး....

"ကဲ.... ကျေးဇူးပြုပြီး ရှင်တို့နှစ်ယောက် ဒီနေရာကနေ အမြန်ဆုံးကြွပါတော့ရှင်"

❋❋❋

သမားတော်ကြီးနှစ်ယောက်သည်... ခြေထောက်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလွှားထွက်ခွာသွားကြပြီဖြစ်ပါသည်။

ယခု....

ဂူဝမ်းနှင့်သုတုံးလှိုင်သည်...

မျက်နှာချင်းဆိုင်ရပ်၍နေကြလေသည်။

ဂူဝမ်းသည် သုတုံးလှိုင်ကိုစေ့စေ့ကြည့်လိုက်ပြီး....

"ဆရာကြီး... ကျွန်မ ရှင့်ဆီက အကူအညီတစ်ခုတောင်းချင်ပါတယ်"

သုတုံးလှိုင်က...

"ဘာများလဲဗျ"

"ရှင်လည်း ဒီနေရာကအမြန်ဆုံးကြွပါလို့"

သုတုံးလှိုင်သည် ပါးစပ်ပိတ်ထားလိုက်သည်။



သို့သော်...

သူသည် ထိုနေရာမှာပင် ရပ်လျက်နေလေသည်။

ဂူဝမ်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါပေမယ့်... ရှင်က မကြွဘူးဆိုတာတော့ ကျွန်မသိပါတယ်ရှင်၊ ရှင်ဟာ... စုမာချောင်းချင်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်၊ လောကမှာ ရှင့်လိုမိတ်ဆွေမျိုးဟာ ဘယ်တော့မှ ရှာလို့မတွေ့ဘူးဆိုတာ ကျွန်မသိပါတယ်ရှင်"

သူမ၏အသံသည်... မခံချိမခံသာပြောလိုက်သောအသံမျိုးပင်ဖြစ်ပါသည်။

သုတုံးလှိုင်က မလှုပ်မယှက်ရပ်နေ၏။

ဂူဝမ်းသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"စုမာချောင်းချင် အခုလိုကျော်ကြားလာတာဟာ... ရှင့်ကြောင့်လို့... ရှင်က စိတ်ထဲမှာထင်နေမှာပဲနော်၊ ဟုတ်ပါတယ်လေ စုမာချောင်းချင်ဟာ ရှင်ကြိုးဆွဲခံနေရတဲ့ အရုပ်နဲ့တူနေပါတယ်ရှင်"

သုတုံးလှိုင်က ဂူဝမ်းပြောသည့်စကားများသည်...

သူနှင့် ဘာမျှမသက်ဆိုင်သည့်အလား အနည်းငယ်မျှပင် မတုန်လှုပ်ချေ။

ဂူဝမ်းသည် စကားဆက်လိုက်လေသည်။

သူမ၏အသံမှာလည်း တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။

"အမှန်တော့... သူဟာ ရှင်ကခိုင်းနေတဲ့အရုပ်နဲ့ တူပါတယ်၊ ရှင်လုပ်သမျှကို သူခေါင်းပေါ်ပုံချတယ်၊ သူ့သဘောနဲ့ ဘာမှမလုပ်ရဘဲ ရှင့်သဘောနဲ့ပဲ သူလုပ်နေရတယ်၊ ဒါပေမယ့်... ရှင့်လူဟာ စက်ရုပ်မှ ဟုတ်ဘူး၊ ကိုယ့်အတွေးအခေါ် ကိုယ့်အယူအဆ ကိုယ့်ဆန္ဒဆိုတာရှိ သေးတယ် မဟုတ်လား၊ သူတစ်သက်လုံး ရှင်ချုပ်ကိုင်ထားတဲ့စက်ရုပ် တစ်ရုပ်မဖြစ်နိုင်ဘူးဆိုတာ ရှင်နားလည်ထားစမ်းပါ"

သုတုံးလှိုင်က လက်ကာပြလိုက်သည်။

"တော်ပြီ... မင်းဆက်မပြောနဲ့တော့"

ဂူဝမ်းသည် ခေါင်းငုံ့သွားပြီး မျက်ဝန်းထဲမှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးဆင်းကျလာလေသည်။

"ရှင်... အခု ဘာမေးချင်သေးလဲ"

"ဟုတ်တယ်... ကျုပ်အခု စကားတစ်ခွန်းနှစ်ခွန်း မေးချင် သေးတယ်"

"မေးပါ၊ ကျွန်မသိရင်တော့ပြောမှာပဲ"

သုတုံးလှိုင်သည် သူမအား အေးတိအေးစက်ဖြင့်ကြည့်လိုက် ပြီး.....

"စုမာချောင်းချင် ချန်အန်းမြို့ကထွက်သွားပြီမဟုတ်လား"

ဂူဝမ်းခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မင်း ဘာဖြစ်လို့ ငါ့ကိုမပြောရတာလဲ"



"ကျွန်မက သူ့မိန်းမပါ၊ ဘယ်မိန်းမမဆို သူ့ယောကျ်ားဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်စိတ်ဆန္ဒနဲ့ကိုယ် လုပ်နိုင်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်စေချင်ကြတယ်လို့ ကျွန်မယုံကြည်တယ်"

သုတုံးလှိုင်သည် သူမ၏စကားကို စိတ်မဝင်စားပါ။

"သူ ဘယ်အချိန်ကထွက်သွားတာလဲ"

သူ သိချင်သည့်ကိစ္စကိုသာ မေးလိုက်သည်။

"ဆယ့်ခုနစ်ရက်နေ့ညကပဲ ထွက်သွားပါတယ်၊ ခုလောက်ဆို လှယန်ရောက်နေလောက်ပါပြီ"

သုတုံးလှိုင်၏မျက်လုံးအစုံသည် နီရဲလာလေသည်။

"သူတစ်ယောက်ထဲ လှယန်သွားတယ်ဆိုတာ သေတွင်းကို ဆင်းသွားတာနဲ့အတူတူပဲကွ၊ မင်းနားလည်လား"

သုတုံးလှိုင်၏စကားသံက ဟိန်းထွက်သွားလေသည်။

❄❄❄

ဤလမ်းသည် အလွန်ပင်စည်ကားလှသော လမ်းတစ်ခုဖြစ် ပါသည်။

လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ဟင်းသီးဟင်း ရွက် သားငါးရောင်းနေသောဆိုင်များဖြင့် စည်ကားလှပါသည်။

၎င်းလမ်းပေါ်ရှိ ချောင်ကျကျတစ်နေရာတွင်...

ပေါက်စီဆိုင်တစ်ဆိုင်ရှိလေသည်။

လေကျယ်သည် စကားကို ကရားရေသွန်သကဲ့သို့ အဆက်မ ပြတ်ပြောနေသည်။

လေကျယ်သည် သူ၏အမည်နှင့်လိုက်အောင် အလွန်ကြွားဝါ ပြောဆိုတတ်သော လူတစ်ယောက်ဖြစ်လေသည်။

ယခု သူသည် အဝေးမှလာသောခရီးသည်တစ်ယောက်အား သူ၏သတ္တိပြောင်မြောက်သောအကြောင်းများကို ပြောဆိုကြွားဝါလျက် ရှိနေလေသည်။

ထိုခရီးသည်ကလည်း သူပြောပြသောစကားများကို စိတ်ဝင် စားသဖြင့် အရက်တိုက်လေသည်။

လေကျယ်သည် ကြေးကုလားအုပ်လမ်းမှာ ဖြစ်ပျက်ခဲ့သော တိုက်ပွဲများကို ပြန်လည်ပြောပြနေလေသည်။

ထိုခရီးသည်ကလည်း လွန်စွာစိတ်ဝင်စားဟန်ဖြင့် နားထောင် လျက်ရှိနေလေသည်။

❄❄❄



လေကျယ်သည် အရက်ကိုထပ်မံသောက်လိုက်သည်။

"အဲဒီနေ့ကပေါ့ဗျာ.... ရှောင်ကောင်းဆိုတဲ့လူငယ်က တစ် ယောက်တည်း အဲဒီလမ်းထဲကို ဝင်သွားတယ်၊ ချီကျူးရဲ့ လူတွေဟာ တစ်လမ်းလုံးမှာ ပြည့်ကြပ်နေတာပါပဲ၊ ဒါပေမယ့် ရှောင်ကောင်းဟာ ဘယ်လောက်သတ္တိရှိသလဲဆိုတာ အဲဒီလိုလူတွေ အထပ်ထပ်ရှိနေတဲ့ ကြားက ချီကျူးကိုသတ်ပစ်လိုက်တယ်လေ...."

ခရီးသည်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

"ခင်ဗျား အဲဒီအချိန်က ဟိုမှာရှိတယ်ဟုတ်လား"

"ဟုတ်ကဲ့၊ ကျုပ်ကိုယ်တိုင်ကိုယ်ကျတွေ့တာပေါ့၊ သူ့အတွက် တောင် ကျုပ်ကတော်တော်စိုးရိမ်သွားတာ.... ဒီသူငယ်တော့ အားလုံး ဝိုင်းခုတ်လို့ အပိုင်းပိုင်းဖြစ်တော့မှာပဲလို့ စိုးရိမ်မိတယ်ဗျ"

"နောက်ကော"

"အဲဒီအချိန်မှာပဲ ကျူမင်းနဲ့သူ့တပည့်သံဖိနပ်တို့ရောက်လာပြီး သူ့ဘက်ကကူတိုက်ပေးကြတယ်"

"နောက်ကော"

"သူတို့သုံးယောက်က လူအများကြီးနဲ့တိုက်ပွဲဖြစ်ပွားတာပေါ့ ဗျာ၊ ဒါပေမယ့်... သူတို့သုံးယောက်က အလွန်သတ္တိကောင်းတယ်ဗျ၊ သုံးယောက်စလုံးဟာ ဒဏ်ရာတော်တော်ရသွားကြတယ်၊ ချီကျူးတို့ ဘက်ကလူတွေလဲ သေတဲ့လူသေ၊ ဒဏ်ရာရတဲ့လူကရ၊ ထွက်ပြေးတဲ့ လူကထွက်ပြေး၊ သူတို့သုံးယောက်ထဲမှာလဲ သံဖိနပ်ဟာ တိုက်ပွဲမှာ

သေသွားပြီး ကျူမင်းနဲ့ရှောင်ကောင်းတို့သာ အသက်မသေဘဲ လွတ်မြောက်သွားတယ်ခင်ဗျ"

ခရီးသည်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... သူတို့ဟာ အတော်သတ္တိကောင်းတဲ့ သူရဲကောင်းတွေပါပဲလား"

လေကျယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့်... ချီကျူးတို့က ကိုယ့်လူမျိုးနဲ့နိုင်ငံကိုသစ္စာဖောက်တဲ့လူတွေဆိုတော့ နောက်ဆုံး... သူတို့ဟာ လူထုရဲ့မေတ္တာရူးရှလို့ အခုလိုကျဆုံးသွားတယ်ဆိုရင်လဲ မမှားဘူးပေါ့ဗျာ"

"ဘာဖြစ်လို့လဲဗျ"

"ခင်ဗျားစဉ်းစားကြည့်လေ ဒီသစ္စာဖောက်တွေက လူအများနဲ့ အမျိုးသားကိုသစ္စာရှိတဲ့လူသုံးယောက်ကို ဝိုင်းတိုက်နေတာ ကြည့်ပြီး မခံချင်လွန်းလို့ လမ်းထဲမှာရှိတဲ့ယောက်ျားတွေအားလုံးဟာ ထွက်ပြီး ဝိုင်းတိုက်တာ သူတို့ဘယ်ခံနိုင်တော့မှာလဲဗျ၊ ကျုပ်တောင်မှ နီးရာထင်းခွဲဓားတစ်ချောင်းယူပြီး ဝင်တိုက်ခဲ့တယ်ဗျ"

ခရီးသည်သည် လက်မထောင်ပြလိုက်ပြီး....

"တော်တယ်ဗျ၊ သိပ်ပြီးတော်ကြတာပဲ"

သူသည် အရက်တစ်ခွက်ထပ်မံငှဲ့ထည့်ပြီး လှမ်းပေးလိုက်သည်။

"ခင်ဗျားက အခုလိုသတ္တိရှိရှိနဲ့ဝင်ကူတာကို ကျုပ်ဂုဏ်ပြုပါ



တယ်ဗျာ"

လေကျယ်သည် ခရီးသည်လှမ်းပေးသော အရက်ခွက်ကိုယူ၍မော့ချလိုက်ပြန်သည်။

"ဒါနဲ့ ခင်ဗျားတိုက်တဲ့အရက်ကိုလည်း ကျုပ်တော်တော်သောက်လိုက်ပြီဗျ၊ ခင်ဗျားရဲ့နာမည်ကိုတောင် ကျုပ်မမေးမိသေးဘူး"

ခရီးသည်က ပြုံးလိုက်သည်။

"ကျုပ်နာမည်က စုမာချောင်းချင်လို့ခေါ်ပါတယ်"

"ဗျာ..."

လေကျယ်၏လက်ထဲမှအရက်ခွက်သည် မြေပေါ်သို့လွတ်ကျသွားလေသည်။

"ခွမ်း"

အရက်ပန်းကန်လုံးသည် ကြေမွသွားလေသည်။

"ဘာ.... ဘာပြောတယ်"

လေကျယ်သည် ခရီးသည်အား အံ့အားသင့်စွာကြည့်ရင်း မေးလိုက်သည်။

ခရီးသည်က အသာအယာပြုံးရင်း....

"ခင်ဗျားရဲ့သတ္တိကို ဂုဏ်ပြုပါတယ်လို့ပြောတာပါ"

လေကျယ်က....

"မဟုတ်ပါဘူး၊ ခင်ဗျားရဲ့နာမည် ဘယ်လိုခေါ်တယ်ဆိုတာ ပြောစမ်းပါဦး"

ခရီးသည်က ခပ်အေးအေးပင်ပြောလိုက်၏။

"စမာချောင်းချင်ပါ"

"ဗျာ.... ခင်ဗျားက စမာချောင်းချင်ဟုတ်လား"

လေကျယ်၏တစ်ကိုယ်လုံးသည်....

ရုတ်တရက် ပျော့ခွေသွားကာ....

မြေပေါ်သို့ ဝုန်းခနဲလဲကျသွားလေတော့သည်။

❋❋❋

## အသေခံတပ်သား ရှစ်ဆယ့်ရှစ်ယောက်

၂–လ၊ ၂၃–ရက်

ချန်အန်းမြို့

နံနက်....

ကောင်းကင်တစ်ခုလုံးသည် မီးခိုးရောင်သန်းနေသည်။

ကမ္ဘာမြေတလွှားတွင်လည်း မီးခိုးရောင်သန်းနေသည်။

ကြီးကျယ်ခမ်းနားသော ချန်အန်းမြို့၏မြို့ရိုးတံခါးသည် မဖွင့်သေးပါ။

နေ့စဉ်... မြို့ရိုးတံခါးဖွင့်ရန် တာဝန်ယူထားသော တပ်သားလောက်ဝါးနှင့်အားကျင်းတို့သည် ရာသီဥတုကအေးလွန်းသဖြင့် အရက်ကို အလွန်အကျွံသောက်ထားမိ၍ အိပ်ရာထ နောက်ကျနေကြ

လေသည်။

မြို့တံခါးကို အချိန်မှန်မဖွင့်နိုင်ခဲ့လျှင်… သေဒဏ်အထိအပြစ်ပေးနိုင်သည်။

ယင်းအမိန့်သည် သံမဏိကဲ့သို့ကြပ်မတ်လှပေသည်။

လောက်ဝါးသည် အိပ်ရာမှနိုးလာသောအခါ မြို့တံခါးဖွင့်ချိန်မှာ အတော်ပင်နောက်ကျသွားမှန်း သိရှိလိုက်၏။

ထို့ကြောင့်… တစ်ကိုယ်လုံး ဇောချွေးများပြန်သွားကာ အဝတ်အစားများပင် မဝတ်နိုင်တော့ဘဲ တံခါးကို အပြေးအလွှားသွားဖွင့်ရလေသည်။

"အင်း… ဒီလောက်အေးနေတော့ စောစောစီးစီး လူတွေလာကြမှာမဟုတ်သေးပါဘူးလေ"

သူသည် ကိုယ့်ကိုယ်ကို ယင်းသို့နှစ်သိမ့်ပြီး တံခါးပေါက်မှသော့ကိုဖွင့်လိုက်လေသည်။

သူသည်… တံခါးကို အနည်းငယ်ဟလိုက်သည်နှင့် ရင်ထဲထိတ်ခနဲခုန်သွားမိလေသည်။

အပြင်ဘက်တွင် မြို့ထဲသို့ဝင်ရန် လူအတော်များများစောင့်နေသည်ကို တွေ့လိုက်ရလေသည်။ လူပေါင်း ခုနစ်ဆယ် ရှစ်ဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။

သူတို့သည် ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး…

သူတို့၏ကျောပေါ်မှာလည်း…



ဓားများကိုယ်စီလွယ်ပိုးထားပြီး…

ခေါင်းပေါ်မှာလည်း အဖြူရောင်အဝတ်ဖြင့် စည်းထားသည်ကိုတွေ့ရှိရလေသည်။

ထိုလူများ၏မျက်နှာများသည် အလွန်လေးနက်တည်ကြည်နေကြသည်။

သူတို့၏ရုပ်သွင်များမှာလည်း သူသေကိုယ်သေ တိုက်ခိုက်ကြမည့်လူများ ဖြစ်နေကြသည်ကို လောက်ဝါးက နားလည်ရိပ်စားမိလိုက်လေသည်။

မြို့တံခါးပွင့်သွားသည်နှင့်….

ထိုလူများသည် အတန်းနှစ်တန်းခွဲ၍ မြို့ထဲသို့ တိတ်ဆိတ်စွာဝင်လာကြလေသည်။

မြို့ရိုးတံခါးစောင့်သော လောက်ဝါးသည်… တာဝန်ဝတ္တရားအရ သူတို့အား မေးမြန်းစစ်ဆေးရမည်ဖြစ်ပါသည်။

သို့သော်….

သူသည် မမေးဝံ့ဘဲကြောင်၍သာကြည့်နေသည်။

ထိုစဉ်….

ထိုလူစုထဲမှ မုတ်ဆိတ်ဗရဗျစ်ရှိသောလူတစ်ယောက်က သူ့အားတစ်ချက်ကြည့်လိုက်ပြီး….

"မင်းက တို့ကိုစစ်ဆေးမေးမြန်းမလို့ မဟုတ်လား၊ တို့ ဘယ်ကလာသလဲ၊ ဒီကို ဘာလာလုပ်တာလဲ…."

လောက်ဝါးသည် ထိတ်လန့်တုန်လှုပ်ပြီး မတ်တပ်ပင်မရပ်နိုင်အောင် တုန်တုန်ယင်ယင်ဖြစ်သွားလေသည်။

ထိုလူသည် အသံကျယ်လောင်စွာဖြင့်....

"မင်း... သေသေချာချာနားထောင်၊ ကျုပ်နာမည်က ကျူမင်း၊ လုယန်မြို့က ကျူမင်းပါ၊ ကျုပ်တို့ ဒီကိုလာတဲ့အကြောင်းက မင်းတို့ရဲ့ သခင်စုမာချောင်းချင်ကို သတ်ဖို့အတွက်လာခဲ့တာပါပဲ"

❋❋❋



သုတုံးလှိုင်၏မျက်နှာပေါ်တွင် မည်သည့် ဟန်အမူအရာမျှ မရှိပါ။

သူ့ရှေ့တွင် အသက်နှစ်ဆယ်ခန့်ရှိသောလူငယ်တစ်ယောက်သည် မတ်တပ်ရပ်နေသည်။

သူ့မျက်နှာပေါ်မှဟန်မူရာသည် သုတုံးလှိုင်ကဲ့သို့ မည်သည့်ဟန်မူရာမှမရှိပါ။

ထိုလူငယ်၏အမည်မှာ သုချိန်းဖြစ်ပါသည်။

အမှန်မှာ သူ၏အမည်ရင်းသည် ကို့ချင်းဖြစ်ပါသည်။

သို့သော်....

သုတုံးလှိုင်က သူ့အား သားအဖြစ်မွေးစားခဲ့ပြီးသည့်နောက် သုချိန်းဟုပြောင်းလဲလိုက်ခြင်းဖြစ်ပါသည်။

"ကျူမင်းတို့ ချန်အန်းမြို့ထဲကိုရောက်နေပါပြီ"

ဤသတင်းသည် သူက သုတုံးလှိုင်ထံသို့ လာပို့ခြင်းဖြစ်လေသည်။

ရေမြောင်းထဲမှာ နေ့စဉ်နှင့်အမျှ ဆေးရည်များစီးဆင်းလာသည်ကိုစုံစမ်းတွေ့ရှိသူမှာ သုချိန်းပင်ဖြစ်ပါသည်။

ယခုတလော သုတုံးလှိုင်အတွက် သူလုပ်ပေးခဲ့သောကိစ္စရပ်များမှာ....

သုတုံးလှိုင်လက်အောက် ယုံကြည်ရသောလူယုံတော်များထက် ပို၍များပြားလေသည်။

ထို့ကြောင့် သုချိန်းသည် သုကုံးလှိုင်၏အားအကိုးရဆုံးသော လူယုံတော်တစ်ယောက် ဖြစ်လာလေတော့သည်။

❄❄❄

"သူတို့ လူဘယ်လောက်များများပါလာသလဲ"

"ရှောင်ကောင်းအပါအဝင် ရှစ်ဆယ့်ရှစ်ယောက်တိတိ ရှိပါတယ်"

"သူကိုယ်သူ ကျူမင်းလို့ လောက်ပါးကိုပြောတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"တခြား ဘာတွေပြောသေးသလဲ"

"သူတို့က စုမာချောင်းချင်ကိုသတ်ဖို့လာတယ်လို့ ပြောပါတယ်"

သုတုံးလှိုင်၏မျက်အိမ်များသည် ရုတ်တရက် ကျုံ့ငယ်သွားလေသည်။

"နေပါဦး၊ သူတို့က ဘယ်လိုဝတ်စားဆင်ယင်မှုတွေနဲ့ လာကြတာလဲ"

"သူတို့အားလုံးဟာ ကိုယ်ကြပ်အကျႌ ခြေသလုံးကိုအဝတ်နဲ့ စည်းထားပြီး ခေါင်းပေါ်မှာ အဖြူရောင်အဝတ်စများကို စည်းထားပါတယ်၊ အဲဒီ အဖြူရောင်အဝတ်စများမှာလဲ သွေးတွေတွေ့ရပါတယ်"



သုတုံးလှိုင်က မဲ့ပြုံးပြုံးလိုက်လေသည်။

"သူတို့ခေါင်းပေါ်မှာ... ဘာဖြစ်လို့ အဝတ်ဖြူတွေစည်းထားတယ်ဆိုတာ မင်းသိသလား"

သုချိန်းကခေါင်းခါယမ်းလိုက်သည်။

သုတုံးလှိုင်သည် အေးတိအေးစက်ဖြင့် ပြုံးလိုက်ပြန်သည်။

"အဲဒီအဝတ်တွေဟာ သံဖိနပ်ရဲ့သွေးစွန်းနေတဲ့အကျႌကို ဆုတ်လိုက်တဲ့အဝတ်စတွေပဲ"

သူသည် ပြောရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခြသေ့ဂိုဏ်းဟာ ပြိုကွဲသွားပြီပဲ၊ သံဖိနပ်သေတော့မှပဲ သူတို့က မခံချင်တဲ့စိတ်ပြင်းပြလာပြီး အခုလို ပြန်စည်းရုံးမိသွားတာဖြစ်ရမယ်"

သူသည် ခေါင်းတညိတ်ညိတ်ဖြင့်....

"အင်း.... သံဖိနပ်... သံဖိနပ်... မင်း တော်တော့ကိုသတ္တိကောင်းတဲ့လူတစ်ယောက်ပါလား"

❄❄❄

သုတုံးလှိုင်သည် မလှုပ်မယှက်ရပ်လျက်နေ၏။

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ....

"ကျုမင်းက ငါဒီမှာရှိတယ်ဆိုတာသိပါတယ်၊ ဒါပေမယ့် သူက ချက်ချင်းတော့ ငါ့ဆီလာမှာမဟုတ်ဘူး"

"ဟုတ်ကဲ့"

"သူတို့က သေဖို့လာကြတယ်ဆိုတော့ ငါကသူတို့ရဲ့ ဆန္ဒပြည့်အောင်သွားတွေ့ဦးမှပဲ"

"ဟုတ်ကဲ့"

"အခုနေအခါမှာ သူတို့ရှစ်ဆယ့်ရှစ်ယောက်ဟာ အသက်စွန့်ပြီးလာကြတယ်ဆိုတော့ သူတို့ဟာ စိတ်တော်တော်ညီနေပါတယ်၊ ဒါကြောင့် အခုနေ သူတို့နဲ့ရင်ဆိုင်လိုက်ရင်တော့ တို့ခံရလိမ့်မယ်"

"ဟုတ်ကဲ့"

"ဒါကြောင့် အခုကျုပ်တို့က သူတို့နဲ့သွားတွေ့ပြီး ရင်ဆိုင်လို့မဖြစ်သေးဘူး"

"ဟုတ်ကဲ့"

သုတုံးလှိုင်သည် ရက်စက်ကြမ်းကြုတ်သော အပြုံးဖြင့် ပြုံးလိုက်သည်။ သူသည် သုချိန်းအား စေ့စေ့ကြည့်လိုက်ပြီး....

"ငါက သူတို့ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ မင်းသိသလား"

သုချိန်း ခေါင်းခါလိုက်သည်။

"ကျွန်တော် မသိပါဘူးခင်ဗျာ"



သုဘုံးလှိုင်သည်....

"ငါ သူတို့ကိုထမင်းဖိတ်ကျွေးမယ်၊ ကနေ့ည... ငါ ချန်အန်းမြို့က ပထမတန်းစားသောက်ဆိုင်မှာ သူတို့ကို ဧည့်ခံကြိုဆိုပြီး ထမင်းကျွေးမယ်"

"ဟုတ်ကဲ့"

"မင်းက သူတို့ကိုသွားဖိတ်ပါ၊ ငါကဖိတ်လိုက်တဲ့အကြောင်းပြောပြပါ"

သုချိန်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

သုတုံးလှိုင်က...

"ကျုမင်းကတော့ ငါဖိတ်တာကို ထောင်ချောက်တစ်ခုဆိုပြီး လက်ခံချင်မှလက်ခံမယ်"

သူသည် သုချိန်းအားပြုံး၍ကြည့်လိုက်ပြီး....

"ဒါပေမယ့်... သူတို့လက်ခံလာအောင် မင်းဖိတ်နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်"

"ဟုတ်ကဲ့ သူတို့ကို ရအောင်ဖိတ်ခဲ့ပါ့မယ်"

"အေး.... မင်းလည်း အသက်ရှင်ပြီးပြန်လာနိုင်ပါစေလို့ ငါစောင့်မျှော်နေမယ်"

သုချိန်းသည် တိုတောင်းစွာဖြေကြားလိုက်သည်။

"စိတ်ချ၊ ကျွန်တော် အသက်ရှင်ပြီးပြန်လာနိုင်ပါတယ်"

သုချိန်း၏လေသံက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝ ရှိသော လေသံမျိုးဖြစ်သည်။

သုတုံးလှိုင်က ကျေနပ်အားရဟန်ဖြင့် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

❄❄❄

သုတုံးလှိုင်သည် သူ၏ နွေးထွေးလှသောအခန်းထဲသို့ ရောက်ရှိသွားသောအခါ လိပ်ပြာကခေါင်းဖီးနေ၏။

သူမသည် မည်းနက်ပြီးရှည်လျားလှသော ဆံကေသာများကို အကြိမ်ကြိမ်ဖီးနေ၏။

သူမသည် လောကဖ္၌ ခေါင်းဖြီးသည့်အလုပ်ကလွဲ၍ အခြားလုပ်ရမည့်အလုပ်မရှိဟု ထင်နေသည်နှင့်တူလှပေသည်။

သုတုံးလှိုင်သည် သူမခေါင်းဖြီးနေသည်ကို တိတ်ကဆိတ် ကြည့်နေ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်က ခေါင်းဖြီးနေသည်ကို တစ်ယောက်ကကြည့်နေသည်။

ရုတ်တရက်....

သူမ ဖီးနေသောဘီးသည် သုံးပိုင်းကျိုးသွားလေသည်။

လိပ်ပြာ၏လက်သည် တုန်ခါသွားသည်။



လက်ထဲတွင်ကျန်ရှိနေသော ဘီးတစ်ပိုင်းကိုလည်း မကိုင်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့လွတ်ကျသွားလေသည်။

သုတုံးလှိုင်သည် ဘီးကျိုးသွားသည်ကိုမမြင်ချင်ဟန်ဆောင်နေ၏။ သူသည် ချိုလွင်သောအသံဖြင့်....

"ကနေ့ည ကျုပ်ချည့်သည်ကို ထမင်းကျွေးစရာရှိတယ်"

လိပ်ပြာသည် ကျိုးပဲ့သွားသောဘီးအား စိုက်ကြည့်ရင်း....

"ကနေ့ညလည်း ကျွန်မက ထမင်းစားဖို့ဖိတ်ရဦးမယ်"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ဘယ်သူ့ကိုဖိတ်မှာလဲ"

"ကျွန်မကိုယ်ကျွန်မဖိတ်မှာပေါ့၊ နေ့စဉ်နေ့တိုင်း ကျွန်မကိုယ်ကျွန်မ ထမင်းစားဖိတ်တာပဲမဟုတ်လား.... ထမင်းစားရတာဟာ တော်တော် စိတ်ချမ်းသာစရာကောင်းပါတယ်"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ထမင်းစားချိန် စိတ်ချမ်းသာ ကိုယ်ချမ်းသာ စားရတာဟာ အကောင်းဆုံးပါပဲ၊ ကနေ့ညလည်း ကျုပ်ဖိတ်ထားတဲ့ချည့်သည်ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာစားစေချင်လို့ မင်းကိုအကူအညီတစ်ခုတောင်းရဦးမယ်"

လိပ်ပြာသည် မချိပြုံးပြုံးလိုက်သည်။

"ရှင်က ဘာခိုင်းမလို့လဲ၊ ရှင်ခိုင်းတာကို ကျွန်မ မလုပ်လို့ကော ဖြစ်မှာတဲ့လား"

သုတုံးလှိုင်သည် အပြုံးမပျက်ပါ။

"မင်းကို တခြားကိစ္စမခိုင်းပါဘူးကွာ၊ အခုတော့...."

လိပ်ပြာက ပြုံးလိုက်ပြီး....

"ညော့သည်အတွက် သွားပြီးကပြပေးဖို့မဟုတ်လား"

သုတုံးလှိုင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

❄❄❄

ချန်အန်းမြို့ရှိ အကျော်ကြားဆုံးသော စားသောက်ဆိုင်မှာ ချန်အန်းကူးဖြစ်ပါသည်။

ချန်အန်းမြို့မှာ နာမည်အကြီးဆုံးလက်ဖက်ရည်ဆိုင်မှာလည်း ချန်အန်းကူးဖြစ်ပါသည်။

သို့သော်.... ချန်အန်းကူးစားသောက်ဆိုင်နှင့် ချန်အန်းကူး လက်ဖက်ရည်ဆိုင်တို့မှာ တခြားစီဖြစ်နေပါသည်။

ချန်အန်းကူးစားသောက်ဆိုင်သည် မြို့၏အနောက်ပိုင်းတွင် တည်ရှိလေသည်။

ခြံဝန်းအလွန်ကြီးကျယ်ပြီး အခန်းပေါင်း မြောက်များစွာရှိလေသည်။ ယင်းစားသောက်ဆိုင်မှလက်ရာများသည် ထိပ်တန်း လက်ရာများပင်ဖြစ်ပါသည်။



ချန်အန်းကူးလက်ဖက်ရည်ဆိုင်သည် မြို့လယ်တွင်ရှိ အစည်ကားဆုံးသော လမ်းတစ်လမ်းပေါ်တွင်ရှိသည်။

ဈေးနှုန်းချိုသာပြီး အစားအစာများသည် သန့်ရှင်းလတ်ဆတ်လေ၏။

ထို့ကြောင့်....

နေ့စဉ်မိုးလင်းသည်နှင့် လာရောက်စားသုံးသောလူများသည် ပြည့်နှက်၍နေလေသည်။

ဤလက်ဖက်ရည်ဆိုင်သို့ လာရောက်စားသောက်ကြသော လူများမှာ အလွှာစုံလင်လှပေသည်။

ချမ်းသာကြွယ်ဝသူ၊ မင်းစိုးရာဇာ၊ ကုန်သည်ပွဲစား၊ လက်လုပ်လက်စား၊ ဈေးသည်၊ အကြမ်းအလုပ်သမားတို့ပါဝင်ကြပေသည်။

ထို့ကြောင့်....

ဤနေရာသို့လာရောက်၍ လက်ဖက်ရည်သောက်ခြင်းသည် လူတန်းစားအလွှာအစုံကိုလည်း တွေ့မြင်နိုင်ပေသည်။

ထို့ကြောင့်... ကျူမင်းသည် ဤလက်ဖက်ရည်ဆိုင်သို့ရောက်ရှိလာလေသည်။

❄❄❄

"ဘာဖြစ်လို့ အာမခံဌာနကို တစ်ခါတည်းဝင်ပြီး မတိုက်ခိုက်တာလဲ"

"ဘာဖြစ်လို့ ဒီမှာစောင့်နေရတာလဲ"

ဤမေးခွန်းသည် ကျူမင်းနှင့်အတူပါလာသော ရဲဘော်များ၏မေးခွန်းများဖြစ်ပါသည်။

သို့သော်....

သူတို့သည် ကျူမင်းကိုမမေးဝံ့ကြပါ။

ကျူမင်းမှာလည်း ချက်ချင်း ဝင်ရောက်တိုက်ခိုက်ရန် မသင့်ဟူသောအကြောင်းကရှိနေ၏။

ချန်အန်းမြို့သည် အာမခံဌာန၏အခြေစိုက်စခန်းတစ်ခု ဖြစ်သည်။

သူ၏အာမခံဌာနတွင် အဆင့်မြင့်သောသိုင်းသမား များစွာရှိသည်။ အထူးသဖြင့် စုမာချောင်းချင်နှင့် သုတုံးလှိုင်တို့၏သိုင်းပညာသည် ပို၍ကြောက်စရာကောင်း၏။

ယခု... သူတို့သည် မိုင်ပေါင်းများစွာက ရောက်ရှိလာသဖြင့် မောဟိုက်နေကြလေသည်။

စုမာချောင်းချင်နှင့် သုတုံးလှိုင်တို့မှာမူ မပင်မပန်းစောင့်နေရသဖြင့် သူတို့ဘက်က တစ်ပန်းသာနေပြီဖြစ်ပါသည်။

ကျူမင်းသည် ဤသို့ ဆင်ခြင်သုံးသပ်မိသည့်အတွက် ယခုကဲ့သို့ သူ၏တပ်သားများကို ခေတ္တအနားပေးထားခြင်းဖြစ်ပါသည်။



မိုင်ပေါင်းများစွာခရီးနှင်လာပြီးမှ အနားယူလိုက်ရသဖြင့် စိတ်လက်များ ကြည်လင်လာလေသည်။

သို့သော်....

ကျူမင်းသည် လိပ်ပြာအား မကြာခဏသတိရနေသည်။

"လိပ်ပြာရယ်.... မင်းဘယ်မှာလဲကွယ်"

ကျူမင်း၏စိတ်ထဲမှ တမ်းတမ်းတတပင် ရေရွတ်လိုက်မိလေသည်။

❄❄❄

ဘယ်သူကမှ အရက်မသောက်ပါ။

အားလုံးသောလူများသည် စိတ်ဓာတ်တက်ကြွနေကြသည်။ ထို့ကြောင့် အရက်သောက်ရန်မလိုပါ။

သူတို့သည် စားပွဲတစ်ရာကျော်ရှိသော လက်ဖက်ရည်ဆိုင်တွင် စားပွဲဆယ့်သုံးခုတိတိ နေရာယူထားလိုက်ကြလေသည်။

ဤနေရာသည် လူပြည့်ပြီဖြစ်သည်။

နေရာလွတ်လည်း မရှိတော့ပါ။

သို့သော် သူတို့လူစုဝင်ရောက်လာသည်နှင့် စားသောက်နေကြသောဧည့်သည်များသည် အလျှိုအလျှိုထွက်ခွါသွားသောကြောင့် နေရာအများအပြားလွတ်သွားပြီ ဖြစ်ပါသည်။

သုချိန်းသည် တစ်ယောက်တည်းလာခြင်းဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲသို့လှမ်းဝင်လိုက်သောအခါ ကျူမင်းတို့လူစုသည် သူ့ကိုသတိမပြုမိပါချေ။

သူ့ကို မည်သူမည်ဝါဟု မည်သူကမှ မသိခြင်းကြောင့် ဖြစ်ပါသည်။

သို့သော်... ရှောင်ကောင်းက သိနေလေသည်။

ရှောင်ကောင်းသည် သုချိန်းအား ကောင်းစွာမှတ်မိထားခြင်းဖြစ်ပါသည်။

သုချိန်းသည် လက်ဖက်ရည်ဆိုင်ထဲသို့ဝင်ရောက်လာသည်နှင့် ကျူမင်းတို့ရှေ့သို့လျှောက်သွားလေသည်။

"ခင်ဗျားဟာ လုယန်က ခြသေ့်ဂိုဏ်းချုပ်ကြီးကျူမင်း ဟုတ်လား"

ကျူမင်းသည် ဆတ်ခနဲခေါင်းမော့လိုက်သည်။

သူ၏နီရဲသောမျက်လုံးအစုံဖြင့် သုချိန်းအားကြည့်လိုက်ပြီး....

"ဟုတ်တယ်၊ ကျုပ်ကကျူမင်းပဲ၊ မင်းကဘယ်သူလဲ"

"ကျွန်တော်က 'သု'အမျိုးအနွယ်ကပါ"

ရှောင်ကောင်းက အံ့အားသင့်သွားသည်။

"နေပါဦး၊ ခင်ဗျားက 'ကို့'အမျိုးအနွယ်ကပါ၊ ကျုပ်မှတ်မိပါတယ်"

သုချိန်းက အေးတိအေးစက်ဖြင့်....



"ဝမ်းနည်းပါတယ်၊ ပြီးခဲ့တဲ့ကိစ္စကို ကျွန်တော်ဘယ်တော့မှ မစဉ်းစားဘဲ မေ့ပျောက်ထားတတ်ပါတယ်"

သုချိန်းက စကားကိုပိတ်ပြောလိုက်သဖြင့် ရှောင်ကောင်းမှာ ဘာမှမပြောသာဘဲဖြစ်သွားရလေတော့သည်။

❄❄❄

ရှောင်ကောင်းသည် ရုတ်တရက် အရက်သောက်ချင်သော စိတ်ဆန္ဒများ ပြင်းထန်လာလေသည်။

ထိုစဉ်မှာပင်....

ကျူမင်းသည် အားရပါးရရယ်မောလိုက်လေသည်။

"အောင်မယ်.... မင်းက စကားပြော တော်တော်ကောင်းပါလားကွ၊ အရက်သောက်လိုက်ပါဦးကွာ"

သုချိန်းက အေးတိအေးစက်ဖြင့်....

"ကျွန်တော် မသောက်ပါရစေနဲ့ဗျာ"

ကျူမင်း၏ရယ်မောသံသည် ရုတ်တရက် ရပ်တန့်သွားသည်။ သူ၏မျက်လုံးအစုံသည်... တောရိုင်းတိရစ္ဆာန်များကဲ့သို့ သုချိန်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းက အရက်မသောက်ဘူးဟုတ်လား"

"ဟုတ်ကဲ့"

ကျူမင်းသည် ဆတ်ခနဲထလိုက်သည်။

"မင်း တကယ်မသောက်ဘူးဟုတ်လား"

သုချိန်းသည် ဣန္ဒြေမပျက်ပါ။

"ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ကိုသတ်မယ်ဆိုရင်… လွယ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုအရက်သောက်ခိုင်းဖို့တော့ မလွယ်ပါဘူးခင်ဗျာ"

ကျူမင်းသည် အားရပါးရရယ်မောလိုက်သည်။

"မင်း မဆိုးဘူး၊ သုတုံးလှိုင်က ခိုင်းလိုက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းကို ဘာလာလုပ်ခိုင်းတာလဲ"

"ကနေ့ည အဘသုတုံးလှိုင်က မြို့ရဲ့အနောက်ဘက်မှာရှိတဲ့ ချန်အန်းကူးစားသောက်ဆိုင်မှာ ထမင်းစားဖို့ ဖိတ်ခိုင်းလိုက်လို့ပါ"

"ကျုပ်တို့ လူဘယ်နှစ်ယောက်လာတယ်ဆိုတာကော သူသိသလား"

သုချိန်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ဂိုဏ်းချုပ်ကြီးအပါအဝင် အားလုံးစုစုပေါင်း ရှစ်ဆယ့်ရှစ်ယောက်ဆိုတာ သိပါတယ်"

"ဒါဖြင့်… ဘာဖြစ်လို့ သူက ကျုပ်တို့နှစ်ယောက်ထဲကို ဖိတ်ရတာလဲ၊ ပိုက်ဆံနှမြောလို့လား"

"နှမြောလို့မဟုတ်ပါဘူးခင်ဗျာ၊ ခင်ဗျားတို့ရဲ့ လုံခြုံရေးအတွက်ပါ ထည့်စဉ်းစားမိလို့ပါ"



"လုံခြုံရေးအတွက်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ဒီလိုပါ၊ ဂိုဏ်းချုပ်ကြီးနဲ့ရှောင်ကောင်းတို့ဟာ ဘယ်လိုနေရာပဲသွားသွား သွားနိုင်တဲ့အရည်အချင်းရှိပါတယ်၊ ကိုယ့်ကိုယ်ကိုလည်း ကာကွယ်နိုင်ပါတယ်၊ ကျန်တဲ့လူတွေကတော့ ဒီလိုဟုတ်လိမ့်မယ် မထင်ပါဘူးခင်ဗျာ"

ကျူမင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"မင်းပြောတာမှန်တယ်၊ ချန်အန်းကူးစားသောက်ဆိုင်ဟာ ယောင်ချောက်တစ်ခုဖြစ်ပါစေ၊ ကျုပ်တို့သွားရဲပါတယ်ကွာ၊ ဒါပေမယ့် မင်းက ဒီနေရာကိုမလာသင့်ဘူးကွ"

"ဘာဖြစ်လို့လဲဗျ"

"မင်းလို ဉာဏ်ပညာစွမ်းတဲ့လူတစ်ယောက်ကို ကျုပ်လက်လွှတ်ရမှာ စိုးရိမ်လို့ပါကွာ"

သုချိန်းကရယ်မောလိုက်သည်။

"ယန်းကျင်းတောင်မှ ခင်ဗျားတို့ကိုပုန်ကန်ပြီး အာမခံဌာနဘက်ကိုယိမ်းသွားနိုင်ခဲ့ရင် ကျွန်တော်က ဘာဖြစ်လို့ ခြသေ့ဂိုဏ်းဘက်ကိုမယိမ်းနိုင်ရမှာလဲ၊ ဒါပေမယ့်…"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒါပေမယ့် အခုမဖြစ်သေးပါဘူးခင်ဗျာ"

"ဒါဖြင့် ဘယ်အချိန်မှဖြစ်မှာလဲ"

"ခြသေ့်ဂိုဏ်းရဲ့အင်အားဟာ အာမခံဌာနကိုဖြိုနိုင်တဲ့အခါကျမှဖြစ်ပါလိမ့်မယ်"

ရှောင်ကောင်းသည် ထိုလူငယ်ကို အံ့အားသင့်စွာဖြင့်ကြည့်နေသည်။ ဤမျှအသက်ငယ်ငယ်နှင့် ဤကဲ့သို့စကားမျိုးပြောတတ်သည်ကို သူအံ့သြမိလေသည်။

သုချိန်းသည် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျွန်တော်က အမှန်အတိုင်းပြောနေတာပါ၊ စကားမှန်မှန်ပြောရင် နားဝင်မချိုဘူးပေါ့ဗျာ"

ကျူမင်းသည် ရယ်မောခြင်းမပြုတော့ပါ။

"ဒါဖြင့် မင်းကိုငါ လွှတ်လိုက်ရင် မင်းက သုတုံးလှိုင်ဘက်ကနေပြီး ကျုပ်ကိုရန်မူမှာပေါ့ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

ကျူမင်းကမဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့အသက်ဟာ တို့ရဲ့လက်ခုပ်ထဲမှာရှိတယ်ဆိုတာ မင်းနားလည်ရဲ့လား"

"ကျွန်တော် နားလည်ပြီးသားပါ၊ ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ကိုသတ်မယ်ဆိုရင် အလွန်လွယ်ပါတယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲ"



"ဂိုဏ်းချုပ်ကြီး ကျွန်တော့်ကိုသတ်လိုက်ရင် ဂိုဏ်းချုပ်တွေ့ချင်တဲ့လူကို တွေ့နိုင်မှာမဟုတ်တော့လို့ပါ"

ကျူမင်းသည် မျက်နှာကွက်ခနဲပျက်သွားလေသည်။

သုချိန်းပြောသောစကားကို သူနားလည်လိုက်သည်။

ယင်းစကားကြောင့် သူ၏တစ်ကိုယ်လုံးသည် တုန်ခါသွားလေသည်။

သုချိန်းကမူ သူ့အားဦးညွတ်လိုက်ပြီး...

"ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

အေးအေးဆေးဆေးပင် လျှောက်သွားခြင်းဖြစ်ပါသည်။

ကျူမင်း၏နဖူးပေါ်မှ ချွေးကြောများသည် ထောင်တက်လာလေသည်။

သူသည် မည်သို့လုပ်ရမည်နည်း။

သုချိန်းအား လွှတ်လိုက်လျှင် သူ၏လက်အောက်ငယ်သားများက သူ့အပေါ်မကျေမနပ်ဖြစ်သွားမည်လော။

သို့သော်....

သူက သုချိန်းအားသတ်လိုက်လျှင် သူ့ချစ်သူလိပ်ပြာ သေရမည်မှာ သေချာလှပေသည်။

ထိုစဉ်....

ရောင်ကောင်းသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး.....

"အင်း.... သုဘုံးလှိုင်က တော်တော်အကြံဥာဏ်ကောင်းတဲ့ လူပဲ၊ တို့က လက်နက်မဲ့သူတစ်ယောက်ကို မသတ်ဘူးဆိုတာ သူကြို တွက်ထားလို့လည်း သူ့ရဲ့လူယုံတော်ကိုလွှတ်လိုက်တာဖြစ်ရမယ်"

သူသည် ကျန်လူများကိုတစ်ချက်ကြည့်လိုက်ပြီး.....

"ယောကျ်ားဆိုရင် ဓားဓားချင်း၊ လှံလှံချင်းသာ သူသေကိုယ်သေတိုက်ခိုက်ရမယ်၊ လက်နက်မဲ့ကိုမသတ်ရဘူးကွ၊ ဂိုဏ်းချုပ်ကြီးကသာ သူ့ကိုသတ်လိုက်ရင် သူတို့က တို့ကိုအထင်သေးတော့မှာပေါ့"

လူတစ်ယောက်သည် ထိုင်ရာမှသတ်ခနဲထလိုက်သည်။

"ဟုတ်တယ်၊ နောင်ကြီးပြောတာမှန်တယ်၊ ဂိုဏ်းချုပ်ကြီးက သူ့ကိုလွှတ်လိုက်တာပဲ ကောင်းပါတယ်"

ရောင်ကောင်းသည် ဆိုင်လုလင်အား လက်မြှောက်ပြလိုက်သည်။

"ကဲ.... ဟေ့၊ အရက်ကောင်းကောင်းယူခဲ့စမ်း"

❊❊❊



"ကျုမင်းက လိပ်ပြာကိုမစွန့်လွှတ်နိုင်ဘူးဆိုတာ ကျုပ်သိထားတယ်၊ ဒါပေမယ့် မင်းကိုအခုလို အလွယ်တကူလွှတ်လိုက်မယ်လို့တော့ ကျုပ်မထင်ဘူး"

သူ၏မျက်လုံးအစုံသည် လေးလေးနက်နက်တွေးခေါ်သည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

"မိန်းကလေးတစ်ယောက်အတွက်နဲ့ ရန်သူကိုအလွယ်တကူ လွှတ်ပေးလိုက်တာ သူ့ရဲဘော်တွေက သူ့ကိုအထင်သေးမသွားနိုင်ဘူးလား"

သုတုံးလှိုင်က မဲ့ပြုံးပြုံးလိုက်သည်။

"လိပ်ပြာဆိုတဲ့မိန်းကလေးဟာ ဒီလောက်ပဲ ဆွဲဆောင်မှုပြင်းထန်သလား"

သုချိန်းက ခေါင်းခါယမ်းလိုက်သည်။

"သူ့ရဲ့ရဲဘော်တွေက သူ့ကိုအထင်မသေးပါဘူး၊ စိတ်ဓာတ်လည်းမကျကြပါဘူး"

"ဘာဖြစ်လို့လဲ"

"ရောင်ကောင်းက ကျုမင်းရဲ့သဘောကိုနားလည်ထားတော့ သူကပဲ ကျုမင်းအပေါ် သူ့ရဲဘော်တွေက အထင်မသေးအောင် အချိန်မီစကားနဲ့ဖြေရှင်းပေးလိုက်ပါတယ်"

သုတုံးလှိုင်က ခံပြင်းသောအပြုံးဖြင့် ပြုံးလိုက်သည်။

"ဒီလူဟာ ကျုမင်းရဲ့ မိတ်ဆွေအစစ်ပါပဲ၊ သူ့ရဲဘော်တွေက

ဒီလောက်မဟုတ်ပါဘူး"

သုချိုန်းက ခေါင်းခါယမ်းလိုက်သည်။

"သူ့ရဲဘော်တွေကလည်း ကျူမင်းရဲ့ အခက်အခဲကို နားလည်ထားကြပါတယ်"

"ဘာဖြစ်လို့လဲကွ"

"ဘယ်သူမဆို သံယောဇဉ်ရှိစမြဲပါပဲ၊ သံယောဇဉ်မရှိတဲ့ လူဟာ တကယ်သူရဲကောင်းမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလူမျိုးမှသံယောဇဉ်မရှိတာလဲ"

"ဘယ်သူသေသေ ငဖော်မာရင်ပြီးရောဆိုတဲ့လူမျိုး"

သုချိုန်းသည် သုတုံးလှိုင်အား တစ်ချက်ကြည့်လိုက်ပြီး...

"သူရဲကောင်းတွေဟာ မေတ္တာစစ် မေတ္တာမှန်ရှိကြတယ်၊ သံယောဇဉ်ရှိကြတယ်၊ အရာရာကို ခင်မင်တွယ်တာတတ်ပါတယ်၊ ဒါပေမယ့် သူတို့မျက်ရည်မကျကြဘူး"

သူသည် တစ်လုံးချင်းပြောလိုက်၏။

"သူရဲကောင်းမျက်ရည် မြေဝယ်မခပါ"

❄❄❄



ညနေ့.....

ညနေ ဆည်းဆာအချိန်ဖြစ်သည်။

အိပ်ခန်းအတွင်း၌ အမှောင်ထုက လွှမ်းမိုးလာပြီဖြစ်သည်။

သို့သော် မီးမထွန်းသေးပါ။

လိပ်ပြာသည် မီးထွန်းသည်ကို မနှစ်သက်ပါ။

သူမသည် ပိုးဖလံကောင်ပမာ မီးအိမ်ကိုတိုးဝင်သွားရမည်ကိုကြောက်ရွံ့သောကြောင့် ဖြစ်ပါသည်။

❄❄❄

မီးဖိုမှမီးရောင်များသည် ယိမ်းနွဲ့လှုပ်ရှားနေ၏။

လိပ်ပြာသည် မီးဖိုဘေးတွင်မတ်တပ်ရပ်နေသည်။

အဝတ်အစားလဲရန် အကျီချွတ်နေ၏။

အခန်းတံခါးကို တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သည်။

သူမသည် လှည့်၍မကြည့်ပါ။ အခန်းထဲသို့ဝင်လာသူမှာ သုတုံးလှိုင်ဖြစ်ရမည်ဟု သိထားသောကြောင့်ဖြစ်ပါသည်။

အကြောင်းမှာ.... ဤအခန်းထဲသို့ သုတုံးလှိုင်မှအပ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်လာခြင်းမရှိသောကြောင့်ဖြစ်ပါသည်။

❄❄❄

ပေါ့ပါး၍ ပါးလွှာသော ကချေသည်များဝတ်ဆင်လေ့ရှိသော အဝတ်အစားများကို ဝတ်ဆင်လိုက်သောအခါ...

သူမ၏အလှသည်...

မည်သည့်ယောကျာ်းကမှ မကြည့်ဘဲမနေနိုင်တော့ပါ။

လရောင်များသည် ပြတင်းပေါက်မှတိုးဝင်လာသည်။

သူမ၏ခန္ဓာကိုယ်သည် လရောင်၏ပက်ဖျန်းမှုကြောင့် ပို၍ ဆွဲဆောင်မှုရှိသည်ဟု ထင်ရလေသည်။

သူ့နောက်ဘက်တွင်ရပ်နေသောလူသည် စကားတစ်ခွန်းမှ မပြောဘဲ တိတ်ဆိတ်နေသဖြင့်... သူမသည် အနည်းငယ်အံ့သြသွားလေသည်။

နောက်သို့လှည့်ကြည့်လိုက်သောအခါ...

အခန်းထဲသို့ ဝင်ရောက်လာသူမှာ သုတုံးလှိုင်မဟုတ်ဘဲ ချော မောချေ၍ခန့်ညားသော လူငယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

လိပ်ပြာသည် တစ်ခဏကြာမျှ အံ့အားသင့်သွားလေသည်။

ဤအခန်းထဲသို့ သုတုံးလှိုင်အပြင် အခြားသူ ဝင်လာဝံ့သည်ကိုအထူးပင်အံ့သြနေ၏။

ဤလူငယ်သည် အဘယ့်ကြောင့် ဝင်လာဝံ့သနည်း။

သုတုံးလှိုင်က သူ့အားအပြစ်ပေးမည်ကို... အဘယ့်ကြောင့် ကြောက်ရွံ့ခြင်းမရှိပါသနည်း။



သူမသည် ထိုလူငယ်အားသေသေချာချာကြည့်မိလိုက်သော အခါ....

ထိုလူငယ်၏မျက်လုံးအစုံသည် ရေခဲပမာ အေးစက်နေသည် ကို တွေ့မြင်လိုက်ရလေသည်။

❄❄❄

သုချိန်းသည် လိပ်ပြာအားကြည့်နေသည်။

လိပ်ပြာကလည်း သူ့အား စိုက်ကြည့်နေ၏။

သူမသည် အတန်ကြာကြည့်မိသည့်တိုင်အောင် ထိုလူငယ် ၏မျက်နှာမှာ ဟန်မူရာပြောင်းလဲခြင်းမရှိသည်ကို တွေ့လိုက်ရသည်။

"ရှင်က ဘယ်သူလဲ"

"သုချိန်း.... ကျွန်တော့နာမည်သုချိန်းပါ"

"ရှင်က လူမှဟုတ်ရဲ့လား၊ သွေးသားရှိတဲ့လူမှ ဟုတ်ရဲ့လား"

"ကျွန်တော်က လူဟုတ်ပါတယ်"

"ရှင့်မျက်လုံးကော ကန်းနေသလား"

"မကန်းပါဘူး"

"ကျွန်မကိုကော ရှင်မြင်မှမြင်ရဲ့လား"

"ကျွန်တော် မြင်ပါတယ်"

လိပ်ပြာက ပြုံးလိုက်သည်။

"ရှင်က စကားကိုလိမ်မပြောတတ်ဘူး မဟုတ်လား"

"တစ်ခါတစ်လေတော့ လိမ်ပြောတတ်ပါတယ်"

"ဒါဖြင့်... ဘယ်လိုအခါမျိုးမှာ ရှင်လိမ်ပြောတတ်သလဲ"

"လိုအပ်တဲ့အခါမှ ကျွန်တော်လိမ်ပြောတတ်ပါတယ်၊ များသောအားဖြင့် ကျွန်တော် အမှန်အတိုင်းပြောတာကများပါတယ်"

"အခုကော ရှင်လိမ်ပြောဖို့လိုအပ်နေသလား"

"မလိုအပ်ပါဘူးခင်ဗျာ"

လိပ်ပြာသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်ဟာ ကျွန်မအခန်းထဲကိုဝင်လာတယ်၊ ကျွန်မအဝတ်အစားလဲနေတာကိုလည်း ကြည့်တယ်၊ သုတုံးလှိုင် ရှင့်ကိုသတ်မှာမကြောက်ဘူးလား"

သုချိန်းသည် သူမအားကြည့်လိုက်ပြီး....

"အရင်က ကြောက်ကောင်းကြောက်လိမ့်မယ်၊ အခုတော့ ကြောက်စရာမလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်လာတာ သူကခိုင်းလိုက်လို့ပါ"

"ဟား.... ဟား.... ဟား"

လိပ်ပြာက အားရပါးရရယ်မောလိုက်သည်။

"ဒါကြောင့်ကိုး၊ ကဲ.... ဆိုစမ်းပါဦး၊ ရှင်က ကျွန်မရဲ့အခန်းထဲကို ဘာကိစ္စနဲ့ဝင်လာရတာလဲ"



"ခင်ဗျားကို လာခေါ်သွားမလို့ပါ"

လိပ်ပြာ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်ကိုခေါ်သွားမလို့လဲ"

သုချိန်းသည် ဟန်မူရာကင်းမဲ့သော မျက်နှာနှင့် တစ်လုံးချင်းပြောချလိုက်လေသည်။

"ဆရာကြီးသုတုံးလှိုင်က ခင်ဗျားကို သူ့ရဲ့ဧည့်သည်အတွက် ကပြဖို့ပြောထားတာ ခင်ဗျားမေ့သွားပြီလား"

❄❄❄

## ကချေသည်မလေး လိပ်ပြာ

၂-လ၊ ၂၃-ရက်....

လုယန်မြို့....

လေတဟူးဟူးတိုက်ခတ်နေသည်။

နှင်းဖွဲများသည် ငန်း၏တောင်ပံမွေးပမာ တဖွဲဖွဲကျနေလေသည်။

စမာချောင်းချင်သည် ဦးထုပ်ကိုဆောင်း၍ နှင်းကာခြုံကာ မြင်းကိုအမြန်ဆုံးနှင်ပြေးလွှားနေသည်။

ရာသီဥတုအလွန်ဆိုးရွားသည့်ကြားမှပင် လုယန်မြို့ကပြေးထွက်လာပြီးလျှင် ချန်အန်းမြို့တော်သို့ဦးတည်၍ မောင်းနှင်သွားလေတော့သည်။

ကျူမင်းသည် ယခုအခါ ချန်အန်းမြို့တော်သို့ရောက်ရှိနေလိမ့်



မည်ဟု သူယူဆထားလေသည်။

အာမခံဌာနတို့၏အင်အားသည် အလွန်ပင်ကြီးမားလှလေသည်။

သူ၏လက်အောက်တွင် အကောင်းဆုံးတိုက်ခိုက်ရေးသမားအတော်များများရှိသည်။

ယခု ကျူမင်းသည် သူ၏လူများ ချန်အန်းမြို့သို့သွားရောက်ခြင်းမှာ အာမခံဌာနအား အသေခံတိုက်ခိုက်ရန်... ထွက်ခွာသွားခြင်းဖြစ်သည်ကို သူသိထားသည်။

သူတို့သည် လုယန်မြို့မှထွက်လာကတည်းက အသက်ရှင်ပြီးပြန်ရလိမ့်မည်ဟု မမျှော်လင့်ကြပါ။

ထို့ကြောင့်... သူ၏တပ်သားများသည် အလွန်ပြင်းပြင်းထန်ထန်တိုက်ခိုက်မည့် တပ်သားများဖြစ်ရမည်ဟုလည်း သူယုံကြည်ထားလေသည်။

သို့သော် သုတုံးလှိုင်သည် အလွန်ရင့်ကျက်ပြီး အကြံဉာဏ်ထက်မြက်သောလူတစ်ယောက်ဖြစ်သည်ကို... သူအသိဆုံးဖြစ်လေသည်။

သုတုံးလှိုင်သည် သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်မည်မဟုတ်ပါ။

သူသည် နည်းပရိယာယ်များဖြင့် ကျူမင်းတို့ကိုပြန်လည် ချေမှုန်းလိမ့်မည်ဟုလည်း သူယုံကြည်နေသည်။

သုတုံးလှိုင်၏နည်းဗျူဟာများသည်...

များသောအားဖြင့် ရာခိုင်နှုန်းပြည့် အောင်မြင်နိုင်လေသည်။

ထို့ပြင်... သူ၏နည်းပရိယာယ်သည် ရက်စက်ကြမ်းကြုတ်လေသည်။ ကောက်ကျစ်စဉ်းလဲသည်။

ထို့ကြောင့် တစ်ဘက်သားမှာ အလူးအလဲခံရမည်မှာ ယုံမှားဖွယ်ရာမရှိပါ။

❄❄❄

သုတုံးလှိုင်၏အကြောင်းကိုသိထားသူမှာ စုမာချောင်းချင်တစ်ယောက်သာရှိလေသည်။

ထို့ကြောင့်...

သုတုံးလှိုင်၏နည်းပရိယာယ်ကို ဟန့်တားနိုင်ရန် ယခုကဲ့သို့ နှင်းမုန်တိုင်းကြားမှ အစွမ်းကုန်မောင်းနှင်နေခြင်းဖြစ်ပါသည်။

သူသည် အစကတည်းက နယ်ချဲ့ကျူးကျော်သူဘက်က ရပ်တည်လိုက်ရခြင်းကို နောင်တကြီးစွာရနေပြီဖြစ်သည်။

အကယ်၍ ကျူမင်းသည် သုတုံးလှိုင်၏နည်းပရိယာယ်ထဲသို့ ချဉ်းနင်းဝင်ရောက်သွားမိ၍ ဆုံးရှုံးသွားခဲ့လျှင်....

မျိုးချစ်အင်အားစုတို့သည် များစွာ နစ်နာထိခိုက်လိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့်...

သူသည် အချိန်မီ သွားရောက်ဟန့်တားရန် စိတ်ဆန္ဒစောနေခြင်းဖြစ်ပေသည်။

နှင်းများသည်လည်း ပို၍ပင်ကျလာလေတော့သည်။

❄❄❄



ချန်အန်းကူး စားသောက်ဆိုင်သည် နှင်းခရေပန်းပင်များဖြင့် ပတ်ချာလည်ဝိုင်းရံစိုက်ထားလေသည်။

သုတုံးလှိုင်သည် အပေါ်ထပ်သို့ တက်လာမိသောအခါ ကျူမင်းနှင့် ရှောင်ကောင်းတို့သည် ရောက်ရှိနေပြီ ဖြစ်ပါသည်။

သူတို့အနီးရှိစားပွဲပေါ်တွင် အရက်တစ်အိုးရှိသည့်အနက် အိုးတစ်ဝက်ခန့်မျှသာ ကျန်တော့သည်။

သုတုံးလှိုင်က ပြုံး၍နှုတ်ဆက်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် ဒါလောက် စောစောရောက်လာလိမ့်မယ်လို့ ကျုပ်မထင်ဘူးဗျ"

ကျူမင်းက မဲ့လိုက်သည်။

"စောစောလာတော့ ပိုက်ဆံမပေးရတဲ့အရက်ကို အားရပါးရ ပိုသောက်ရတာပေါ့ဗျာ"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ... ဂိုဏ်းချုပ်ကြီးပြောတာ မှန်ပါတယ်၊ စောစောလာတော့ များများမြင်တွေ့ရတာပေါ့ဗျာ"

သူသည် အခန်းပေါ်ရှိသမျှ ပြတင်းပေါက်အားလုံးကို တွန်းဖွင့်လိုက်သည်။

"ဒီနေရာမှာ နှင်းခရေပွင့်ပင်များကလွဲလို့ ဂိုဏ်းချုပ်ကြီးက တခြားဘာတွေကိုမြင်ရသေးသလဲ"

ကျူမင်းက ပါးစပ်ကိုဖြဲထားလိုက်ပြီး....

"ခွေးချီးပုံတွေပဲမြင်တယ်ဗျ၊ ဘယ်ခွေးဝဲစားက ယိုသွားမှန်းမှမသိဘဲ"

သုတုံးလှိုင်က ဒေါသလည်းမထွက်ပါ။

ဟန်မူရာလည်း မပျက်ပါ။

"ဒါတော့ ကျုပ်လည်း မရှင်းဘူးဗျ၊ ဒါပေမယ့် ကျုပ်အာမခံရဲတာက အဲဒီခွေးဝဲစားတွေဟာ ကျုပ်တို့ဆီက မဟုတ်ဘူးဆိုတာ ပြောရဲပါတယ်"

ကျူမင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ဆီကမဟုတ်မှန်း ခင်ဗျားက ဘယ်လိုလုပ်သိသလဲ၊ ခင်ဗျားက သူ့ကိုမေးလို့လား၊ သူက ခင်ဗျားကိုပြောလို့လား"

သုတုံးလှိုင်က ပြုံးလျက်....

"တချို့ကိစ္စဟာ မေးစရာမလိုတော့ပါဘူးဗျာ၊ ဥပမာ ဂိုဏ်း



ချုပ်ကြီးက ခွေးချီးပုံတစ်ပုံတွေ့လိုက်တာနဲ့ ဒါဟာ ခွေးယိုထားတယ်ဆိုတာ သိလိုက်ပြီပဲ၊ ခွေးကယိုသလား မယိုဘူးလားဆိုတာ မေးစရာမလိုတော့ပါဘူးဗျာ၊ ခွေးနဲ့ခွေးချီးက စကားမပြောတတ်ပါဘူးဗျာ"

"ဟား.... ဟား.... ဟား"

ကျူမင်းက အားရပါးရရယ်မောလိုက်လေသည်။

"ခင်ဗျား တော်တော်စကားတတ်တဲ့လူပဲ၊ စကားစစ်ထိုးလို့ကတော့ ကျုပ်က ခင်ဗျားကိုနိုင်မှာမဟုတ်ဘူး"

သူသည် ရယ်မောရင်း အရက်ခွက်ကို မြှောက်ပြလိုက်လေသည်။

"ကဲ.... ဒါဖြင့်... ခင်ဗျားနဲ့ အရက်သောက်တာပဲ ကောင်းပါတယ်"

"အရက်သောက်တာလောက်တော့ ဖြစ်ပါတယ်"

သုတုံးလှိုင်သည် အရက်ကိုယူ၍မော့ချလိုက်လေသည်။

"တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ဂိုဏ်းချုပ်ကြီး ဒီကိုရောက်လာတယ်ဆိုတာ အရက်သောက်ဖို့တော့ မဟုတ်ဘူးထင်ပါတယ်"

"အေး... ဒါလဲဟုတ်တယ်"

"ဂိုဏ်းချုပ်ကြီး ဒီကိုလာတာ ကျုပ် ဘယ်လိုနည်းပရိယာယ်သုံးမယ်ဆိုတာ သိချင်လို့မဟုတ်လား"

"ဟား.... ဟား.... ဟား"

ကျူမင်းသည် အားရပါးရရယ်မောလိုက်ပြန်သည်။

"ဒီတစ်ခါ ခင်ဗျားပြောတာမှန်သွားပြန်ပြီဗျာ"

သူ၏ရယ်မောသံသည်... ရုတ်တရက် ရပ်တန့်လိုက်ပြီး သူ၏ မျက်လုံးအစုံသည် စူးရှတောက်ပစွာဖြင့် သုတုံးလှိုင်အား ကြည့်လိုက်လေသည်။

"ပြောစမ်းပါဦး၊ ခင်ဗျားက ဘယ်လိုနည်းပရိယာယ် သုံးဦးမလို့လဲ"

"အမှန်ပြောရမယ်ဆိုရင်... ကျုပ်က ဘာနည်းပရိယာယ်မှ မသုံးပါဘူးဗျာ၊ နည်းပရိယာယ်သုံးတယ်လို့ဆိုရင်တော့ ကျုပ်ကတော့ မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘယ်သူလဲ"

သုတုံးလှိုင်သည် အရက်တစ်ခွက်ထည့်လိုက်ပြီးလျှင် မော့ချလိုက်ပြန်သည်။

ထို့နောက်....

သူသည် သူ၏အသုံးအနှုန်းလေသံမျိုးဖြင့်....

"ကနေ့ည ဂိုဏ်းချုပ်ကြီးကိုပင့်ဖိတ်လိုက်တာဟာ... လူတစ်ယောက်က ခင်ဗျားအတွက် ကပြချင်နေလို့ပါ"

❄❄❄



ကျူမင်း၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

ထိုတဒင်္ဂအချိန်တွင်... သူခံစားလိုက်ရသော ခံစားချက်များသည် မည်သူမှနားလည်မည်မဟုတ်ပါ။

သုတုံးလှိုင်သည် အရက်**ခွက်ကိုမြှောက်**ပြလိုက်ပြီး....

"နေပြည်တော်တစ်ခွင်မှာ **ကျော်ကြားနေ**တဲ့ ကချေသည်မလေးလိပ်ပြာဆိုတဲ့နာမည်ကို ခင်ဗျားကြားဖူးမှာပေါ့ဗျာ၊ ကနေ့ည သူက ခင်ဗျားအတွက် ကပြပါလိမ့်မယ်"

ရှောင်ကောင်းသည် ကျူမင်းအား တစ်ချက်ကြည့်ပြီး ပါးစပ်ကို ပိတ်ထားလိုက်သည်။

သုတုံးလှိုင်သည် ရှောင်ကောင်းဘက်သို့လှည့်၍ ပြုံးပြလိုက်ပြန်သည်။

"ကနေ့ည **ကျုပ်ခင်ဗျားကိုဖိတ်ခေါ်**တာဟာ ကချေသည်ရဲ့အကကို **ကြည့်ဖို့မဟုတ်ပါဘူးဗျ**"

"ဒါဖြင့်...."

သုတုံးလှိုင်သည် ကြားဖြတ်လိုက်ပြီး....

"လူတစ်ယောက်ပါ၊ ခင်ဗျား အလွန်တွေ့ချင်နေတဲ့ လူတစ်ယောက်ကိုပြချင်လို့ပါ"

❄❄❄

ရှောင်ကောင်း၏မျက်နှာသည်…

ကွက်ခနဲ ပျက်သွားလေတော့သည်။

အမည်နာမကိုပင်မသိခဲ့ရသော မိန်းကလေး….

သူ၏တစ်သက်တာတွင်

မေ့ပျောက်မသွားနိုင်သောမေတ္တာ

သုတုံးလှိုင်၏စကားသည် အဓိပ္ပါယ်ပါနေသဖြင့်….

သုတုံးလှိုင်က သူ့အား ပြမည့်သူမှာ ဤမိန်းကလေးပင် ဖြစ်နေမည်လော….

သုတုံးလှိုင်သည် ရှောင်ကောင်းအားပြုံး၍ပြလျက်….

"အမှလောက်ဆိုရင် ကျွန်တော်ပြရမယ့်လူကို ဘယ်သူလဲဆိုတာ ခင်ဗျားသိလောက်ပြီထင်ပါတယ်ဗျာ"

"မြွမ်း"

ရှောင်ကောင်း၏လက်ထဲမှ အရက်ပန်းကန်လုံးသည် ကြွေမွသွားလေသည်။

ပန်းကန်ကွဲစများသည် သူ၏လက်ဝါးထဲသို့ စိုက်ဝင်နေ၏။ ကျမင်းသည် ရုတ်တရက်အော်ဟစ်လိုက်သည်။

သူသည်…

အကြောတထောင်းထောင်းထနေသော လက်ချောင်းများဖြင့် သုတုံးလှိုင်၏အင်္ကျီကိုဆွဲထားလိုက်လေသည်။

"ပြောစမ်း…. ပြောစမ်း… သူအခု ဘယ်မှာလဲ"



သုတုံးလှိုင်သည် လှုပ်ပင်မလှုပ်ပါ။

ကျမင်း၏လက်ကို အေးတိအေးစက်ဖြင့်ကြည့်နေ၏။

ကျမင်း၏လက်က သူ၏အင်္ကျီစကိုလွှတ်လိုက်တော့မှ သူက တစ်လုံးချင်းပြောချလိုက်လေသည်။

"သူ အခုလာပါတော့မယ်ဗျာ"

❄❄❄

သူ၏စကားသည်…

ကျမင်းအား ပြောပြလိုက်ခြင်းဖြစ်သည်။

သို့သော်…

သူ၏မျက်လုံးအစုံသည် ရှောင်ကောင်းအားကြည့်၍ ပြောနေသည့်အလား….

❄❄❄

ထိုအချိန်တွင်…

အလွန်ခန့်ညားသော မြင်းလှည်းတစ်စီးသည်…

ချန်အန်းကူးစားသောက်ဆိုင်ရှေ့သို့ လာရောက်ရပ်တန့်လိုက်လေသည်။

ခြံဝင်းထဲ၌ ဂီတသံများထွက်ပေါ်လာလေသည်။

ထိုဂီတသံနှင့်**အတူ တေးသံ**ဆိုနေသည်ကိုလည်း ကြားလိုက်ရလေသည်။ ထို**တေးသံသည် လူဘဝ၏** တွေ့ကြုံဆုံကွဲဖြစ်တတ်ပျက်တတ်ပုံများကိုဖွဲ့ဆို**ထားသော တေးတစ်ပုဒ်**ဖြစ်ပါသည်။

"နွေရာသီကုန်ဆုံးခဲ့သည်....

ထပ်မံရောက်ရှိလာသည့်ပန်းများသည် ဖူးပွင့်လာသည်။

ကြွေကျသွားပြန်သည်။

ခွဲခွာသင့်သောအချိန် ရောက်ရှိလာသောအခါ...

မည်သူကတားဆီးနိုင်ပါသနည်း"

လိပ်ပြာသည် မြင်းလှည်းအတွင်း၌ငေး၍ထိုင်နေသည်။

သီချင်းသံများကိုလည်း ငေး၍နားထောင်နေ၏။

လေတစ်ချက်တိုက်ခတ်လိုက်ရာ...

သစ်ရွက်ခြောက်တစ်ခုသည် လေထဲမှပါလာပြီးလျှင်...

လိပ်ပြာတစ်ကောင်ကဲ့သို့ ပျံကာဝဲကာ မြေပေါ်သို့ ကျသွားလေသည်။

သူမသည် မြင်းလှည်းတံခါးအားတွန်းဖွင့်လိုက်ပြီး ဆင်းလာလေသည်။

မြေပေါ်မှကြွေကျနေသော ထိုသစ်ရွက်ခြောက်ကို ကောက်ယူလိုက်သည်။

သူမသည် ရွက်ကြွေကိုငေး၍ကြည့်နေ၏။



ငြည်မျှကြာအောင်ကြည့်နေမိမှန်းမသိ...

ရုတ်တရက်...

မျက်ရည်စက်တစ်စက်သည် ထိုရွက်ကြွေပေါ်သို့ ပေါက်ခနဲကျသွားလေသည်။

❄❄❄

အေးစိမ့်နေသောလေများသည် တဟူးဟူးတိုက်ခတ်နေ၏။

**ကျူမင်းသည် အင်္ကျီကြယ်သီး**ကိုဖြုတ်လိုက်သည်။

**သူ့ရင်ထဲမှာဝေကြွလာသော** အပူလုံးများကို လေအေးဖြင့် **တိုက်ခတ်စေလိုခြင်းလော....**

သူနှင့်ရှောင်ကောင်းတို့နှစ်ယောက်စလုံးသည် စကားမပြောဘဲ တိတ်ဆိတ်စွာနေကြသည်။

သူတို့၏ရင်ထဲတွင် မဖော်ပြနိုင်သောခံစားချက်များ ကိုယ်စီခံစားလိုက်ရလေ၏။

ဆံပင်ဖြူဖွေးပြီး မျက်မမြင်သောအဘိုးအိုတစ်ယောက်သည် တောင်ဝှေးတစ်ချောင်းဖြင့် အပေါ်ထပ်သို့ စမ်းတဝါးဝါးတက်လာလေသည်။

ကျစ်ဆံမြီးကျစ်ထားသော မိန်းကလေးတစ်ယောက်သည် အဘိုးအို၏အင်္ကျီစအားဆွဲကာ နောက်မှလိုက်လာနေ၏။

အဘိုးအိုဏ်လက်ထဲတွင် ပလွေတစ်လက်ကိုကိုင်ထားသည်။ မိန်းကလေးကမူ စောင်းတစ်လက်ကိုကိုင်ထားလေသည်။

သူတို့သည် လိပ်ပြာအတွက် လာရောက်တီးမှုတ်မည့် ဂီတပညာရှင်များဖြစ်ကြလေသည်။

အဘိုးအို၏မျက်နှာတစ်ခုလုံးသည် ပါးရေတွန့်များဖြင့် ပြည့်နက်နေ၏။

ထိုပါးရေတွန့်များသည် သချိုင်းဂူတစ်ခုနှင့်တူလှသည်။

သို့သော်....

ထိုသချိုင်းဂူသည် ဒုက္ခဆင်းရဲခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည်တို့ကိုမြှုပ်နှံထားသော သချိုင်းဂူဖြစ်ပါသည်။

မိန်းကလေးသည် မည်သည့်အရာကိုမှမမြင်ပါ။

သူကလည်း မျက်မမြင်တစ်ယောက်ဖြစ်သည်။

သူမ မွေးလာကတည်းက မျက်မမြင်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် အလင်းရောင်ဟူသည်ကို သူမ မသိပါ။

လောက၏ သာယာပျော်မြူးပုံများကိုလည်း လုံးဝ သိရှိဟန်မတူပါ။ ဤကဲ့သို့လူနှစ်ယောက်သည်... ဝမ်းသာပျော်ရွှင်သော တေးသံများကို မည်သို့တီးမှုတ်ပါမည်နည်း။

❊❊❊



အဘိုးအိုသည် တီတ်ဆိတ်စွာတက်လာသည်။

သူထိုင်နေ ကျနေရာသို့ တိတ်ဆိတ်စွာလျှောက်သွားသည်။

သူသည် ဤနေရာသို့ရောက်ရှိလာသည်မှာ တစ်ကြိမ်မကတော့ပါ။

သူလာရောက်တီးမှုတ်သည့်အချိန်တိုင်းမှာ ဝမ်းနည်းကြေကွဲမှုတေးသံများသာ များနေ၏။

လူသားသည် အလွန်ထူးခြားသော သတ္တဝါမျိုးဖြစ်သည်။

သူတို့သည် တစ်ခါတစ်ရံ ဝမ်းနည်းကြေကွဲမှုကို ရွှင်လန်းသော ခံစားမှုတစ်ခုဟုယူဆတတ်ကြသည် မဟုတ်ပါလော...

❊❊❊

အောက်ထပ် လှေကားမှ တက်လာသောခြေသံများ ကြား လိုက်ရပြန်သည်။

အလွန်ပေါ့ပါးသော ခြေသံဖြစ်သည်။

ထိုခြေသံများ**ကြားလိုက်**ရသည်နှင့်…

ရှောင်ကောင်းသည် ထိုင်ရာမှထလိုက်သည်။

သူသည် လှေကားရှိရာသို့ပြေးလွှားသွားသည်။

ကျူမင်းသည် လှုပ်ပင်မလှုပ်ပါ၊

သူ့တစ်ကိုယ်လုံးသည် ရုပ်ကြွင်းတစ်ခုအလား တောင့်တင်း နေလေတော့သည်။

❄❄❄

နာမည်ကိုပင်မသိလိုက်ရသော မိန်းကလေးတစ်ယောက်…

တစ်သက်လုံးမမေ့နိုင်သော ချစ်ခြင်းမေတ္တာ…

ရှောင်ကောင်းသည် တစ်သက်နှင့်တစ်ကိုယ် သူမအား မတွေ့ နိုင်တော့ဟုထင်ထားသော မိန်းကလေးသည်….

ယခု….

သူ့ရှေ့တွင်ရောက်နေပြီမဟုတ်ပါလော….

အိပ်မက်များပင်ဖြစ်နေသလော….

မဟုတ်ပါ….



သူမသည် သူ့အားတွေ့လိုက်ရသည်။

သူမသည် သူ့အားငေး၍ငေး၍ကြည့်နေ၏။

အံ့သြခြင်း ဝမ်းသာခြင်းစသည့်မျက်နှာမျိုးဖြစ်ပေါ်လာသည်။

သူမသည် ရှောင်ကောင်းအား ကြိုဆိုရမည်လော သို့မဟုတ် နောက်ဆုတ်ထွက်ပြေးရမည်လောဟု…

ဝေခွဲမရအောင် ဖြစ်နေလေသည်။

ရှောင်ကောင်းသည် သူ့အားရွေးချယ်ခွင့်မပေးပါ။

သူသည် လှေကားအောက်သို့ပြေးဆင်းသွားပြီးလျှင် သူမ ၏လက်နှစ်ဖက်ကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

ယခု သူသည် အိပ်မက်မက်ခြင်းမဟုတ်မှန်း သိလိုက်ရလေ သည်။

သူ၏လက်ထဲတွင် သူ့ချစ်သူ၏နွေးထွေးသောလက်ကလေး များအား ဆုပ်ကိုင်ထားမိသည်မဟုတ်ပါလော….

သူ၏အသည်းနှလုံးမှာလည်း ထွေးနွေးကြည်နူးသောခံစား ချက်များဖြင့် ပြည့်နှက်နေ၏။

“ချစ်သူရယ်…. မင်းဘယ်ကိုသွားနေတာလဲကွယ်၊ အခုကော ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲကွယ်”

ဤစကားများသည် ရှောင်ကောင်းမေးလိုက်သောစကားလုံး များမဟုတ်ပါ။ ရင်ထဲမှာသာဖြစ်ပေါ်လာသော စကားလုံးများ ဖြစ်ပါ သည်။

ယခု....

သူတို့သည် ပြန်လည်ဆုံတွေ့ကြပြီမဟုတ်ပါလော....

လူချင်းဆုံတွေ့ရသည့်နောက် ယင်းသို့မေးရန်မလိုတော့ပါ

သူသည် နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် စကားလုံးများကိုပြောရန် ကြိုးစားနေသည်။

အတန်ကြာမှ...

သူ၏အသည်းနှလုံးထဲမှ စကားလုံးများသည် နှုတ်မှတိုးထွက် လာပြီး အသံအဖြစ်ထွက်ပေါ်လာလေ၏။

"ဟင်.... မင်းလာပြီ၊ မင်းတကယ်လာပြီနော်၊ ဒီတစ်ခါ မင်း ဘယ်ကိုမှမသွားရဘူး၊ ကိုယ်က မင်းကိုဘယ်တော့မှမခွဲတော့ပါဘူး"

သူသည် ယင်းသို့ပြောပြီး သူမ၏လက်ကိုဆွဲကာ လှေကား ထစ်အတိုင်း နောက်သို့ တဖြည်းဖြည်းဆုတ်၍ တက်သွားလေတော့ သည်။

သူ၏မျက်လုံးအစုံသည် သူမ၏မျက်နှာမှမခွာနိုင်တော့ပါ။

သူတို့သည် အပေါ်ထပ်သို့ ရောက်လာသည့်တိုင်အောင်...

ရောင်ကောင်းက သူမ၏လက်ကိုဆွဲလျက်...

နောက်သို့ တစ်လှမ်းချင်းဆုတ်သွားနေသေး၏။

ရုတ်တရက်....

သူမ၏မျက်နှာပေါ်တွင် မမျှော်လင့်သောပြောင်းလဲမှုများ ဖြစ်ပေါ်လာလေသည်။



သူမ၏မျက်လုံးအစုံသည် ကြောက်ရွံ့ထိတ်လန့်သွားပြီး သူမ ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ရုတ်တရက် အင်အားချိနဲ့သွားသည်ဟု ထင်လိုက်ရလေသည်။

သူမသည် မည်သည့်အရာကိုမြင်တွေ့၍ ယခုကဲ့သို့ ကြောက် ရွံ့တုန်လှုပ်သွားရပါသနည်း။

❄❄❄

ရောင်ကောင်းသည် သူမကို အံ့အားသင့်စွာဖြင့် ကြည့်နေ မိသည်။

သူမ ဘာကြောင့် ယင်းကဲ့သို့ဖြစ်သွားသည်ကိုသိချင်၍ လှည့် ကြည့်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....

ရုတ်တရက် တစ်စုံတစ်ခုကိုသတိရလာလေ၏။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ထိတ်လန့်ခြင်း၊ အံ့သြခြင်း စသည်စသည့်ဟန်မူရာအဖြစ် ပြောင်းလဲသွားလေသည်။

အတန်ကြာမှ....

သူသည် နောက်သို့တဖြည်းဖြည်းလှည့်ကြည့်လိုက်သည်။

သူလှည့်ကြည့်လိုက်သည်နှင့်...

ကျူမင်းကို တွေ့လိုက်ရလေတော့သည်။

ကျူမင်း၏မျက်နှာပေါ်တွင် မုဆိုးများ ထောင်ထားသော ထောင်ချောက်ထဲသို့ကျရောက်နေသော တိရစ္ဆာန်တစ်ကောင်၏ ဟန်မူရာမျိုး ထင်ဟပ်ပေါ်လွင်နေသည်။

သူ၏မျက်နှာတွင် ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း စသည့်အရိပ်အရောင်များ ရောယှက်နေသည်။

သူ၏မျက်လုံးအစုံမှာလည်း...

ရောင်ကောင်းလက်တွဲလာသောမိန်းကလေးအား...

မျက်တောင်မခတ်စိုက်ကြည့်နေ၏။

လိပ်ပြာ....

ရုတ်တရက်....

ရောင်ကောင်းသည် အားလုံးကို သဘောပေါက်နားလည်လိုက်လေတော့၏။

လိပ်ပြာ....

သူ၏အသည်းနှလုံးထဲ၌ အချိန်မလပ် သတိရစွဲလန်းနေသော မိန်းကလေးမှာ...

ကျူမင်း၏အချစ်ဆုံးသော လိပ်ပြာဖြစ်နေပါသည်။ ကံကြမ္မာသည် အဘယ်ကြောင့် ဤမျှရက်စက်ရပါသနည်း။

❄❄❄



ဤသည်....

ကံကြမ္မာ မဟုတ်ပါ။

တိုက်ဆိုင်မှုလည်း မဟုတ်ပါ။

သုတုံးလှိုင်သည် သူတို့အားတစ်လှည့်စီကြည့်နေသည်။

သူ၏မျက်လုံးအစုံသည်...

ကောက်ကျစ်စဉ်းလဲသော အပြုံးရောင်များသန်းနေသည်။

ကျူမင်း၏လက်နှစ်ဖက်သည် ရေခဲပမာအေးစိမ့်နေ၏။

ရောင်ကောင်းနှင့်လိပ်ပြာတို့၏လက်များမှာလည်း အေးစိမ့်နေလေ၏။

ရောင်ကောင်းသည် လိပ်ပြာ၏အေးစက်သောလက်ကို လွှတ်လိုက်လေသည်။

သူ၏ခြေလှမ်းသည် နောက်သို့ဆုတ်သွားသည်။

ချောင်ကျသောနေရာတစ်ခုသို့ ဆုတ်သွားလေ၏။

ကျူမင်း၏မျက်လုံးအစုံသည်... ရောင်ကောင်း၏မျက်နှာကို စိုက်ကြည့်နေ၏။

ကျူမင်း၏မျက်လုံးအစုံသည်... ထက်မြက်သော ဓားပါးနှစ်လက်ပမာ မိမိအားထိုးသွင်းလိုက်သည်ဟု ရောင်ကောင်း ခံစားမိလိုက်ရလေသည်။

❄❄❄

ရှောင်ကောင်းသည်....

သေဆုံးသွားပြီဖြစ်သည်။

သူ၏ခန္ဓာကိုယ် သေဆုံးသွားခြင်းမဟုတ်ပါ။

သို့သော်....

သူ၏အသည်းနှလုံးက သေဆုံးသွားခြင်းဖြစ်ပါသည်။

ကျူမင်းသည်...

မိမိအပေါ် မည်သို့သဘောထားမည်နည်း။

မိမိကကော...

ကျူမင်းအား မည်သို့ရှင်းပြသင့်သနည်း။

ရှောင်ကောင်းသည် တွေဝေသွားသည်။

မည်သို့မှစဉ်းစား၍မရပါ။

ယခု....

သူသည် ဤနေရာက ထွက်ပြေးရန်မှတပါး အခြားနည်းလမ်းမရှိတော့ပါချေ။

❄❄❄



"ခဏ"

ရှောင်ကောင်းသည် ခြေလှမ်းလှမ်းလိုက်သောအခါ သူ့အား ဟန့်တားလိုက်သော အသံတစ်သံကိုကြားလိုက်ရသည်။

ရှောင်ကောင်းသည် ထိတ်လန့်ခြင်းဖြင့် လိပ်ပြာအား လှည့်ကြည့်လိုက်သည်။

ယခု လိပ်ပြာသည် ဣန္ဒြေပြန်ဆည်နိုင်ပြီဖြစ်သည်။

သူမသည် အေးကိအေးစက်ဖြင့်....

"ရှင်သွားမယ်ဆိုတာ ကျွန်မသိတယ်၊ မသွားလို့မဖြစ်ဘူးဆိုတာလဲ ကျွန်မသိပါတယ်၊ ဒါပေမယ့်... ခဏစောင့်ပါရှင်"

သူမသည် ကျူမင်းဘက်သို့လှည့်လိုက်၏။

"ကျွန်မ ကတဲ့အခါမှာ ဘယ်သူမှ ထမသွားရဘူးလို့ ရှင်ပြောခဲ့တာ ကျွန်မမမှတ်မိပါတယ်"

ကျူမင်းက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်မိလေသည်။

သုတုံးလှိုင်သည် ရယ်မောလိုက်၏။

ကောက်ကျစ်စဉ်းလဲစွာပြုံး၍ လိပ်ပြာကိုမေးလိုက်သည်။

"မင်း ကနိုင်သေးရဲ့လားကွဲ့"

လိပ်ပြာသည် ရင်ကိုကော့ ခေါင်းကိုမော့ကာ....

"ဒီမှာရှင့်... ပိုးကြိုးများ အန်ထုတ်တဲ့ ပိုးကောင်ကို တွေ့ဘူးတယ်မဟုတ်လား"

"တွေ့ဖူးသားပဲ၊ အဲဒါဘာဖြစ်သလဲ"

"ပိုးကောင်ဟာ မသေမချင်း သူ့ရဲ့ပိုးကြိုးဟာ ဘယ်တော့မှ မကုန်ဘူးရှင့်"

သုံမသည် အေးတိအေးစက်ဖြင့်ပြုံးလိုက်ပြီး....

"ကျွန်မလည်း ဒီလိုပဲ... ကျွန်မ အသက်ရှင်နေသမျှ ကာလပတ်လုံး ကျွန်မ ကနိုင်ပါသေးတယ်ရှင့်"

သုတုံးလှိုင်သည် လက်ခုပ်လက်ဝါးတီးလိုက်သည်။

"ဒါဆို သိပ်ကောင်းတာပေါ့ကွာ"

❄❄❄



နှင်းကာသည် လိပ်ပြာ၏ပခုံးပေါ် မှချွတ်ချလိုက်ပြီး ဖြစ်ပါသည်။

လိပ်ပြာသည် ကရန်နေရာယူထားလိုက်သည်။

တစ်ချိန်လုံး တိတ်ဆိတ်စွာထိုင်နေသော ပလွေကိုင်ထားသည့်အဘိုးအိုက မတ်တပ်ရပ်လိုက်သည်။

သုတုံးလှိုင်က သူ့အားကြည့်လိုက်ပြီး....

"ခင်ဗျားက ဘာဖြစ်လို့ထရတာလဲ"

အဘိုးအိုက ဦးညွှတ်လိုက်သည်။

"ကျုပ်က မျက်မမြင်တစ်ယောက်ပါ၊ ကျုပ် ဒီကိုရောက်တိုင်း ဝမ်းနည်းတဲ့တေးသံကိုပဲ တီးမှုတ်နေရပါတယ်"

သူသည် စကားကိုခေတ္တရပ်တန့်လိုက်ပြီးမှ....

"ဒါကြောင့်... ဒီနေ့တော့ တေးသွားကိုပြောင်းဖို့ စိတ်ကူးထားပါတယ်"

သုတုံးလှိုင်က သူ့အားကြည့်လိုက်ပြီး....

"ဘာလဲ ခင်ဗျားက ကျုပ်တို့အတွက် ပျော်ရွှင်ဖို့ တေးသွားကိုတီးမှုတ်မလို့လား"

"ဟုတ်ပါတယ်"

"ခင်ဗျားက ဝမ်းသာစရာ ဘာတွေတွေ့လို့လဲ"

"ဘာမှမတွေ့ပါဘူးခင်ဗျာ"

သုတုံးလှိုင် မျက်မှောင်ကုပ်လိုက်သည်။

"ဒါဖြင့်... ဘာဖြစ်လို့ ပျော်ရွှင်တဲ့တေးသွားကို တီးမှုတ်ဖို့ စိတ်ကူးရတာလဲ"

အဘိုးအိုက ဦးညွှတ်လိုက်ပြီး....

"ကျုပ်ဟာမျက်မမြင်ပါ။ ဒါပေမယ့်.... ကနေ့တွေ့ကြုံရတဲ့ ဝမ်းနည်းကြေကွဲမှုဟာ တော့တော့်ကိုများနေတယ်ဆိုတာ စိတ်ထဲမှာ ခံစားလိုက်ရလို့ပါ"

အခန်းတစ်ခုလုံး ရုတ်တရက်ငြိမ်သက်တိတ်ဆိတ်သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

❄❄❄

အဘိုးအိုသည်....

သုတုံးလှိုင်၏ အဖြေကိုမစောင့်တော့ပါ။

ပလွေကို စောင်မှုတ်လိုက်လေတော့သည်။

သူ၏နှင့်အတူပါလာသော မိန်းကလေးကလည်း စောင်းကိုလက်ချောင်းကလေးများဖြင့် လှုပ်ရှားပေးနေသည်။

အလွန်ပျော်မြူးပြီး ပေါ့ပါးသောတေးသံသာများသည် ငြိမ့်ညောင်းစွာဖြင့် ထွက်ပေါ်လာလေတော့သည်။

❄❄❄



လိပ်ပြာသည် ကနေ၏။

သူမ၏ကပဟန်မှာ လွန်စွာပေါ့ပါးပြီး ကြည်နူးဖွယ်ရာကောင်းလှပေသည်။

သူမ၏တစ်သက်တာတွင်...

ရှိရှိသမျှသောဒုက္ခများကိုမေ့ပျောက်ပြီး...

ပျော်ရွှင်စွာ ကနေလေသည်။

သူမသည် သူမ၏အသက်နှင့်ဘဝကို အနုပညာထဲသို့ မြှုပ်နှံထားလိုက်ပြီဖြစ်ပါသည်။

❄❄❄

"ထောက်"

စောင်းကြိုးများသည် ရုတ်တရက်ပြတ်ထွက်သွားသည်။

လိပ်ပြာ၏အကသည်လည်း ရုတ်တရက် ရပ်တန့်သွားသည်။

သူမသည် သစ်ရွက်တစ်ရွက်ပမာ သုတုံးလှိုင်၏ခြေထောက်အနီး၌ထိုင်ချလိုက်သည်။

တစ်ဆက်တည်းမှာပင် သူမသည် သုတုံးလှိုင်၏ဖိနပ်ထဲမှ ဓားတစ်လက်ကို ဆွဲထုတ်လိုက်သည်။

ဝင်းလက်နေသော ဓားမြောင်တစ်လက်ဖြစ်ပါသည်။

သူမ၏မျက်လုံးအစုံသည် ကျူမင်းအားလှည့်ကြည့်လိုက်၏။

ထို့နောက်...

ရှောင်ကောင်းဘက်သို့ လှည့်ကြည့်လိုက်၏။

သူမသည် လက်ထဲမှဓားဖြင့် ရုတ်တရက်ခုတ်ချလိုက်သည်။

သူမ၏ဒူးခေါင်းပေါ်သို့ ခုတ်ချလိုက်ခြင်းဖြစ်သည်။

သွေးများသည် ပန်းထွက်လာ၏။

"ခြွမ်း.... ခြွမ်း"

ဓားသည် ကြမ်းပြင်ပေါ်သို့လွင့်ကျသွားလေတော့သည်။

ယခု....

သူမသည် ကချေသည်တစ်ယောက်မဟုတ်တော့ပါ။

လောကပေါ်တွင်...

ခြေထောက်ပြတ်နေသော ကချေသည်ဟူ၍ မရှိပါ။

❄❄❄

## ကျဆုံးခြင်း

နှစ်လ၊ နှစ်ဆယ့်လေးရက်၊

ချန်အန်းမြို့တော်။

မိုးမလင်းမီတွင် ဖြစ်ပါသည်။

ကောင်းကင်တစ်ခုလုံးသည် မှောင်မည်း၍နေသည်။

အရှေ့ဦးရောင်ခြည် မယှက်သန်းမီအချိန်သည်...

တစ်ညလုံး၏အမှောင်မိုက်ဆုံးသောအချိန်ဖြစ်သည်။

ရှောင်ကောင်းသည် အမှောင်ထုထဲတွင် တစ်ယောက်တည်း ထိုင်နေ၏။

"ကျုပ်မမှားဘူး၊ ကျုပ်က ကျုမင်းအပေါ် သစ္စာမဖောက်ဘူး၊ လိပ်ပြာအပေါ်မှာလည်း သစ္စာမဖောက်ဘူး၊ လိပ်ပြာလည်းမမှားဘူး"

သူသည် ဤသို့ ကိုယ့်ကိုယ်ကိုထပ်တလဲလဲပြောနေ၏။

ချစ်ခြင်းမေတ္တာသည် မှားသည်ဟုမဆိုနိုင်ပါ။

လူတစ်ယောက်က အခြားလူတစ်ယောက်ကိုချစ်ခြင်းသည် မှားသည်ဟု မည်သူကမှမပြောနိုင်ပါ။

သူက လိပ်ပြာကိုချစ်မိသည့်အချိန်တွင်…

လိပ်ပြာမှာ ကျူမင်း၏ချစ်သူမှန်း သူမသိခဲ့ပါ။

တွေးလည်း မတွေးမိပါ။

သို့သော်….

ကျူမင်းနှင့်လိပ်ပြာ၏ဟန်မူရာကို တွေ့မြင်လိုက်သည်နှင့် သူ အသည်းစွဲချစ်နေသောလိပ်ပြာသည်…

ကျူမင်း အသည်းစွဲချစ်ခဲ့သော မိန်းကလေးဖြစ်သည်ကို သူ သိလိုက်ရလေသည်။

သူ၏စိတ်ထဲတွင် မလုံမလဲဖြစ်လာသဖြင့် သူသည် ယခုကဲ့သို့ထွက်လာရခြင်းဖြစ်ပါသည်။

ပထမတွင်…

သူသည် သွေးအိုင်ထဲမှလိပ်ပြာကိုပွေ့ထူလိုက်ပြီး မည်သည့်အရာကိုမှ ဂရုမစိုက်တော့ဘဲ…

သူ၏တစ်သက်တာမှာ ချစ်ခဲ့ရသောမိန်းကလေးကို ခေါ်သွားပြီးလျှင်…

တစ်သက်လုံးစောင့်ရှောက်ရန်စိတ်ကူးမိသေးသည်။



သို့သော်….

ကျူမင်းက သူ့ထက်လက်ဦးသွားသောကြောင့် သူက တိတ်ဆိတ်စွာ ထွက်ခွာလာရခြင်းဖြစ်ပါသည်။

ထို့ကြောင့်…

သူသည် ထွက်ခွာသွားသည်မှတပါး… မည်သို့မျှ မတတ်နိုင်တော့ပါ။

သူသည် မည်မျှဝေးဝေးသွားရပါမည်နည်း။

မည်သည့်နေရာသို့ သွားရပါမည်နည်း။

မည်မျှဝေးဝေးသို့သွားပါမှ ဤအကြောင်းအရာများကို မေ့နိုင်မည်နည်း။

ဤမေးခွန်းများကို မည်သူကမှအဖြေမပေးနိုင်ပါ။

❄❄❄

မိုးလင်းသည့်အချိန်သို့ ရောက်လုနီးနီးဖြစ်လေလေ...

ကမ္ဘာမြေသည် ပို၍မှောင်လေလေဖြစ်လာသည်။

ရှောင်ကောင်းသည်... အေးစိမ့်သောနင်းမြေပေါ်သို့ အိပ်ချလိုက်သည်။

သူ၏မျက်လုံးအစုံသည် နက်မှောင်နေသော ကောင်းကင်သို့ကြည့်ကာ....

ထို့နောက်....

သူ၏မျက်လုံးများသည် မှိတ်ထားလိုက်လေသည်။

မျက်လုံးဖွင့်ထားလျက်နှင့် အမှောင်ထုကိုသာ မြင်နေရလျှင် မျက်လုံးမှိတ်ထားသည်ကပင် ကောင်းသေး၏။

ထို့ကြောင့်....

သူသည် မျက်လုံးကိုမှိတ်ထားလိုက်လေ၏။

"ဒီအတိုင်းဆိုရင် မင်းသေသွားလိမ့်မယ်"

သူ မျက်လုံးမှိတ်ထားလိုက်သောအခါ... လူတစ်ယောက်၏ အေးစက်သောအသံကို ကြားလိုက်ရလေသည်။

"ဒီနှစ်ဆောင်းရာသီမှာ ချန်အန်းမြို့ထဲက အနည်းဆုံး လူလေးငါးယောက်ဟာ မင်းလိုပဲ အအေးခံလို့ အအေးမိပြီးသေသွားကြတယ်"

ရှောင်ကောင်းသည် မျက်လုံးကိုဖွင့်မကြည့်ပါ။

စိတ်ဆင်းရဲစွာ အသက်ရှင်နေလျှင် သေသည်ကကောင်းပါသေးသည်ဟု သဘောပိုက်ထား၏။



သို့သော်... စကားပြောသောလူသည် သူသေမည်ကိုပင် လက်မခံပါ။

ရုတ်တရက်...

ပူစပ်စပ်အရည်တစ်ခုသည် သူ၏ပါးစပ်ထဲသို့ သွန်းလောင်းခြင်းခံလိုက်ရပြီး ဝမ်းထဲသို့စီးဆင်းသွားလေသည်။

သူ၏ဝမ်းဗိုက်တစ်ခုလုံးသည် ပူလောင်သွားကာ တစ်ကိုယ်လုံး နွေးနွေးထွေးထွေးဖြစ်သွားလေသည်။

သူသည် မျက်လုံးဖွင့်လိုက်သည်နှင့် လူတစ်ယောက်ကိုတွေ့လိုက်ရ၏။

သူ၏လက်ထဲတွင် သေတ္တာတစ်လုံးကိုင်လျက်ရှိသည်။

သူသည် ကျောက်ရုပ်တုပမာ မလှုပ်မယှက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

❄❄❄

ရှောင်ကောင်းသည် လဲလျောင်းနေရာမှထလိုက်ပြီး....

"ကောင်းလိုက်တဲ့အရက်ဗျာ၊ ခင်ဗျားက ကျူပ်ကိုအရက်တိုက်တယ်ဟုတ်လား"

ထိုလူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဟာ.... သိပ်ကောင်းတာပေါ့၊ ကျုပ်ကလည်း အရက်သိပ်သောက်ချင်နေတာ၊ ရှိရင် ပေးစမ်းပါဦးဗျ"

ထိုလူသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းက အရက်သမားမဟုတ်ဘူး၊ မင်းက ဉာဏ်တစ်စက်မှ မရှိတဲ့လူ"

ထိုလူက ပစ်ပစ်ခါခါပြောလိုက်၏။

ရှောင်ကောင်းက ရယ်မောလိုက်သည်။

"အရက်သမားနဲ့ ဉာဏ်မကောင်းတဲ့လူဟာ ဘာများထူးခြားကွဲပြားနေလို့လဲဗျ"

"နည်းနည်းတော့ ထူးတာပေါ့"

"ရှင်းပြစမ်းပါဦး၊ ဘယ်လိုနည်းနည်းထူးတာလဲ"

"မင်း ကိုယ်တွေ့မြင်လိုက်ရရင်တော့ သိမှာပေါ့ကွာ"

"ဘာကိုကြည့်ရမှာလဲဗျာ"

"ကျုပ်နောက်ကိုသာလိုက်ခဲ့"

ထိုလူသည် ရှောင်ကောင်း၏လက်ကိုဆွဲကာ ခြေလှမ်းသွက်သွက်ဖြင့်လျှောက်သွားလေတော့သည်။

❄❄❄



ဤနေရာသည် အဆောက်အဦး အများအပြားရှိနေသည်။ ထိုအဆောက်အဦးသည် အခြားမဟုတ်ပါ။ ချန်အန်းကူးစားသောက်ဆိုင်ပင် ဖြစ်နေပါသည်။

❄❄❄

မိုးလင်းလုလု ဖြစ်နေသည်။

မှုန်ဝါးဝါးမြင်ကွင်းဖြင့် ချန်းအန်းကူးစားသောက်ဆိုင် အနီးတစ်ဝိုက်၏ မြင်ကွင်းကို မြင်တွေ့လိုက်ရလေသည်။

ထူးခြားသည်မှာ...

ဖြူဖွေးနေသောနှင်းများပေါ်တွင် အနီရောင်ပန်းကလေးများသည် ဟိုတစ်ပွင့် သည်တစ်ပွင့် ကြွေကျနေသည်ကိုတွေ့ရလေသည်။

သေတ္တာဆွဲထားသောလူသည် ရှောင်ကောင်းဘက်သို့လှည့်လိုက်သည်။

"မင်း ဘာတွေတွေ့သလဲ"

ရှောင်ကောင်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာကိုမှမတွေ့ပါလားဗျာ"

"နှင်းပေါ်မှာပန်းကလေးတွေနဲ့တူတာကို တွေ့သလား"

"တွေ့ပါတယ်"

"အဲဒါကိုပန်းလို့ထင်ရင် မင်းမှားသွားလိမ့်မယ်"

ထိုလူသည် အေးတိအေးစက်အသံဖြင့်....

"အဲဒါဟာပန်းမဟုတ်ဘူး၊ သွေးကွက်တွေသိလား"

ရှောင်ကောင်းသည် ရင်ထဲ၌ ခဲများဆွဲထားလိုက်ရသည့်အလား လေးလံသွားလေသည်။

ဤသို့ဆိုလျှင်...

မြင်ကွင်းတစ်ခုလုံးမှာ သွေးများဖြစ်နေချေပြီ။

မည်သူ့သွေးများပါနည်း။

ကျူမင်းတို့သည် ချန်အန်းသို့ရောက်လာသောအခါ...

သူ၏အသေခံတပ်သားများကို ဤနေရာတွင် တပ်ဖျောက်ထားလိုက်ကြလေသည်။

သူ၏သဘောမှာ သုတုံးလျှိုင်တို့အား အပြတ်ချေမှုန်းရန် ဖြစ်ပါသည်။

သေတ္တာဆွဲထားသောလူက စကားဆက်လိုက်၏။

"မင်းတို့ အသေခံတပ်သားတွေ ဒီမှာတပ်ဖျောက်ထားတာတော့ဟုတ်ပါပြီ၊ ဒါပေမယ့်... သုတုံးလျှိုင်ရဲ့ဦးနှောက်ဟာ မင်းတို့ထက် မညံ့ဘူးဆိုတာ မင်းတို့မစဉ်းစားမိတာ မဟာအမှားတစ်ခုပါပဲ၊ မင်းတို့လူတွေအားလုံး ဒီမှာရှိတယ်ဆိုတာ သူတို့ကသိထားလို့ မင်းတို့ကို သူတို့က ဝိုင်းထားလိုက်တယ်ကွ"

ရှောင်ကောင်းသည် မျက်မှောင်ကုပ်သွား၏။

"ဒီတိုက်ပွဲမှာ သုတုံးလျှိုင်ဟာ လူပေါင်းသုံးဆယ့်နှစ်ယောက်



ကိုအသုံးပြုလိုက်တယ်၊ အဲဒီလူတွေကလည်း သူနှစ်ရက်အတွင်းမှာ စုဆောင်းထားတဲ့ အကောင်းဆုံးတိုက်ခိုက်ရေးသမားတွေပဲ၊ ဒါပေမယ့် သူတို့လူက မင်းတို့ထက် အများကြီးသာနေပေမယ့် သုတုံးလျှိုင်က အရမ်းကာရော မလုပ်သေးဘူး၊ အသေးစိတ်အစီအစဉ်ကို ချလိုက်သေးတယ်ကွ"

ရှောင်ကောင်းသည်... လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

"ဒီတစ်ခါ ချန်အန်းကိုလာတဲ့ ကျူမင်းတို့လူစုဟာ အသေခံတပ်သားတွေဆိုတာ သူသိထားလို့ဖြစ်မှာပေါ့ဗျာ"

ထိုလူက ရယ်မောလိုက်သည်။

"မင်း တော်တော်ညံ့သေးတာပဲ၊ အသေခံတိုင်းလည်း အောင်မြင်နိုင်မယ်လို့ ထင်နေသလား"

ရှောင်ကောင်းသည် ပါးစပ်ပိတ်ထားလိုက်တော့သည်။

ထိုလူက စကားဆက်လိုက်သည်။

"တစ်ခါတလေ အသေခံတိုက်တာဟာ အသေခံသက်သက်ပဲဖြစ်တတ်ပါတယ်၊ သုတုံးလျှိုင်က ဒီလိုလူမျိုးကိုမကြောက်သေးဘူး"

"ဒါဖြင့်... သူကဘယ်သူ့ကိုကြောက်တာလဲ"

"မင်းကို..."

ရှောင်ကောင်းက ပြုံးလိုက်သည်။

မချိသောအပြုံးမျိုးဖြစ်ပါသည်။

"ကျွန်တော်နဲ့စုမာချောင်းချင် သိန်းငှက်မျှော်စင်မှာတိုက်ခိုက်ခဲ့တာကို ခင်ဗျားမေ့သွားပြီလား"

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့် မင်းကို ခက်တယ်လို့ပြောတာပေါ့၊ စုမာချောင်းချင်ဟာ ချန်အန်းမြို့မှာမရှိဘူးကွ၊ ဒါကြောင့်... သုတုံးလှိုင်က ကျူမင်းနဲ့ နှစ်ယောက်ထဲယှဉ်ခဲ့ရင် သူက မမှုသေးဘူး၊ အေး မင်းပါလာရင်တော့ သူအကျပ်တွေ့သွားနိုင်တယ်"

ရှောင်ကောင်း၏မျက်နှာတစ်ခုလုံးသည် မည်းမှောင်သွားလေတော့၏။

"နေပါဦး... စုမာချောင်းချင်က ဘယ်ရောက်သွားလို့လဲ"

"သူက လုယန်မြို့ရောက်နေတယ်လေ၊ အမှန်ပြောရရင် စုမာချောင်းချင်ဟာ သုတုံးလှိုင်လိုလူစားမျိုးမဟုတ်ဘူး၊ သူက မျိုးချစ်စိတ်အပြည့်ရှိတဲ့ သူရဲကောင်းတစ်ယောက်ပါ"

"ဒါဖြင့်... သူက ဘာဖြစ်လို့ နယ်ချဲ့သြဇာကို ခံနေရတာလဲ"

"ဒါကတော့ သူ့ကိုကြိုးဆွဲနေတဲ့လူ ရှိနေလို့ပေါ့"

"သုတုံးလှိုင် ဟုတ်လား"

"ဟုတ်တယ်"

ရှောင်ကောင်း မျက်မှောင်ကုပ်သွားသည်။

"နေပါဦး... သူက ဘာဖြစ်လို့ သုတုံးလှိုင်ရဲ့ကြိုးဆွဲတာကို ခံနေရတာလဲ"



"အကြောင်းအမျိုးမျိုးတော့ ရှိနေတာပေါ့ကွာ၊ သုတုံးလှိုင်ရဲ့အကြံဉာဏ်နည်းဗျူဟာတွေ အလွန်ကောင်းတယ်လို့လည်း ပြောနိုင်တာပေါ့ကွာ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုလို စုမာချောင်းချင်မရှိတဲ့အခါမှာ မင်းတို့နှစ်ယောက်နဲ့ သုတုံးလှိုင်တစ်ယောက်တည်းနဲ့ ရင်ဆိုင်တိုက်ခိုက်ကြမယ်ဆိုရင် သုတုံးလှိုင်ဟာ အခုလောက်ဆိုရင် လူသေတစ်ယောက်ဖြစ်နေပါပြီ"

ရှောင်ကောင်းသည် နှင်းပေါ်မှသွေးစက်များကို ကြည့်ကာ တစ်ကိုယ်လုံးချွေးပြန်နေသည်။

ထိုလူသည် စကားကိုဆက်လိုက်ပြန်သည်။

"အဲဒီအချိန်ဟာ မင်းတို့ရဲ့ အကောင်းဆုံးအခွင့်အရေးတစ်ခုပါပဲ၊ ဒါပေမယ့် မင်းကထွက်သွားတော့ အားလုံးဒုက္ခရောက်ရတာပေါ့၊ မင်းစဉ်းစားကြည့်စမ်း၊ ကျူမင်းက မင်းကိုအလွန်အားကိုးတဲ့အခါမှာ မင်းက ခြေပြတ်နေတဲ့မိန်းကလေးတစ်ယောက်ကို သူ့အတွက် ထားခဲ့တယ်၊ မင်းကိုယ်မင်းတော့ သူ့အပေါ်မှာသစ္စာရှိတယ်လို့ ပြောဦးမှာပဲ၊ အမှန်ပြောရရင်... မင်းကြောင့် ကျူမင်းနဲ့ သူ့ရဲ့ရဲဘော်ရစ်ဆယ်ကျော်အားလုံး အသက်ဆုံးရှုံးသွားရတာပဲ"

ရှောင်ကောင်းသည် စကားမပြောတော့ပါ။

စကားတစ်လုံးမှလည်း ပြောနိုင်ခြင်းမရှိတော့ပါ။

သူ၏အင်္ကျီတစ်ခုလုံးသည် ချွေးများဖြင့်စိုရွှဲနေသည်။

ထိုလူက ရပ်နားခြင်းမရှိသေးပါ။

သူ၏အသံသည် ပို၍အေးစက်သွားလေသည်။

"ဒါကြောင့်... မင်းထွက်သွားတဲ့အခါမှာ သူတို့က သုတုံးလှိုင်တို့လူစုနဲ့ အသေခံတိုက်ရတာပေါ့၊ ဒါပေမယ့် အသေခံတိုက်တိုင်းလည်း အကျိုးရှိတာမှမဟုတ်ဘဲ"

သူသည် သွေးကွက်များပြည့်နှက်နေသောနေရာသို့ ညွှန်ပြလိုက်လေသည်။

"ဒီနေရာဟာ လူသတ်တဲ့နေရာတစ်ခုဖြစ်သွားတာပေါ့"

ရှောင်ကောင်းသည် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ နောင်တရခြင်းစသည့်ခံစားချက်များကို...

တစ်ပြိုင်နက်ခံစားလိုက်ရလေသည်။

သူသည် ခေါင်းကိုမော့လိုက်ပြီး ထိုလူအား စေ့စေ့ကြည့်လိုက်လေသည်။

"အဲဒီအချိန်မှာ ခင်ဗျားက ဒီမှာထိုင်ပြီး ကြည့်နေတာမဟုတ်လား"

ထိုလူက ခံစားချက်ကင်းမဲ့စွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူတို့တွေ တစ်ယောက်ပြီးတစ်ယောက် အသတ်ခံရတာကို ခင်ဗျားက အေးအေးဆေးဆေးထိုင်ကြည့်နေတယ်ပေါ့ ဟုတ်လား"

ထိုလူ ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်၊ တိုက်ပွဲပြီးတဲ့အထိ သုတုံးလှိုင်တို့ အောင်ပွဲခံသွားသည်အထိ ကျုပ်ကထိုင်ကြည့်နေခဲ့ပါတယ်"

"ခင်ဗျား... ခင်ဗျားဟာ ကြည့်ရတာ တော်တော်ပျော်တယ်မဟုတ်လား"

ထိုလူက အေးစက်စက်ဟန်မူရာဖြင့်...

"ပျော်တယ်လည်း မဟုတ်ပါဘူး၊ စိတ်ဆင်းရဲတယ်လည်း မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုရင်... ဒါက မင်းတို့ရဲ့ကိစ္စပဲလေ၊ ကျုပ်နဲ့ဘာဆိုင်လို့လဲ"

ရှောင်ကောင်းသည် သူထိန်းချုပ်ထားခဲ့သောဒေါသများ ပေါက်ကွဲသွားလေသည်။

"ခင်ဗျားက လူမှဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ကျုပ်ကလူပါပဲ"

"လူဟုတ်ရင် ဘာဖြစ်လို့ သူတို့အသတ်ခံရတာကို ကြည့်နေရတာလဲ၊ ဘာဖြစ်လို့ သူတို့ကိုမကယ်ရတာလဲ"

ထိုလူက ရယ်မောလိုက်သည်။

ပြီးနောက်...

ရှောင်ကောင်းအား ပြန်မေးလိုက်သည်။

"မင်းကော မင်းက ဘာဖြစ်လို့ သူတို့ကိုမကယ်တာလဲ၊ ဘာဖြစ်လို့ ထွက်သွားပြီး နှင်းပေါ်သွားပြီးအသေခံချင်ရတာလဲ"

ရှောင်ကောင်း၏ပါးစပ်သည် ပိတ်သွားလေသည်။

ထိုလူသည် စကားကိုဆက်လိုက်ပြန်သည်။

"မင်းက... တကယ်သေချင်ရင် ကိုယ့်ကိုယ်ကို သတ်သေဖို့မလိုပါဘူး"

"ဘာဖြစ်လို့လဲ"

"သုတ်ုးလှိုင်က မင်းကို ဦးလောကကာ ပျောက်သွားအောင် အစီအစဉ်ချထားပြီးပါပြီ"

"သူက ဘယ်လိုအစီအစဉ်တွေချထားတယ်ဆိုတာ ခင်ဗျားသိသလား"

"သိတယ်"

"ဒါဖြင့်... ပြောပါ"

"သူက မင်းကိုသတ်ဖို့ လူတစ်ယောက်လွှတ်လိုက်ပြီကွ"

ရှောင်ကောင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဟဲ... ဟဲ... ဟဲ ကျုပ်ကိုသတ်ဖို့ လွယ်မယ်များထင်နေသလား၊ နေပါဦး... သူက ဘယ်သူ့ကိုလွှတ်လိုက်တာလဲ"

"ကြေးတန်းစား လူသတ်သမားတစ်ယောက်ပေါ့"

"ဟုတ်လား၊ ခင်ဗျားက ဒီလူကိုသိသလား"

"သိတာပေါ့"

"ဘယ်သူလဲ"



"သူ့ရဲ့နာမည်က ရှိလေရှဲ"

ရှောင်ကောင်းသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ကျုပ်နားလည်ပြီ... ရှိလေရှဲဆိုတာ ခင်ဗျားမဟုတ်လား"

"ဟုတ်တယ်"

❄❄❄

ရှောင်ကောင်းသည် ပြန်လည်တည်ငြိမ်သွားပြီဖြစ်ပါသည်။ အရေးကြုံလျှင် သက်လုံကောင်းရမည်မဟုတ်ပါလော....

နံနက်ခင်း၏နှင်းမြူများသည် တလူးလူးတလွန့်လွန့်ဖြင့် မြေပေါ်မှထိုးတက်လာနေ၏။

သူသည် နှင်းမြူများထက် လျှို့ဝှက်ဆန်းကြယ်သောလူအား ငြိမ်သက်စွာဖြင့်ကြည့်နေသည်။

အတန်ကြာမှ....

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားလိုပုဂ္ဂိုလ်မျိုးက ငွေအတွက်နဲ့ လူကိုသတ်လိမ့်မယ်လို့ ကျွန်တော်မထင်မိဘူးဗျ"

"ကျုပ်လည်း မင်းတွေးသလိုပါပဲ၊ ငွေအတွက်နဲ့ လူမသတ်တာဟာ နှစ်ပေါင်းအတော်ကြာသွားပါပြီ"

"ဒါဖြင့်... အခု ဘာစိတ်ကူးပေါက်လာတာလဲဗျ"

ရှိလေရှဲသည် ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏မီးခိုးရောင်သန်းနေသော မျက်လုံးအစုံသည်... နှင်းမြူ ပမာတွေဝေသွားသည်။

"လူတိုင်းလူတိုင်းမှာ မတွေ့မြင်ရသောကြိုးကွင်းတစ်ချောင်း ရှိတယ်ကွ၊ လူ့ဘဝကို ဒီကြိုးကွင်းက ချုပ်ကိုင်ထားတယ်၊ တချို့လူရဲ့ ကြိုးကွင်းဟာ အိမ်ထောင်မိသားစုဖြစ်တယ်၊ တချို့ကျပြန်တော့ ဩဇာ အာဏာဖြစ်တယ်"

သူသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းနဲ့ကျုမင်းတို့မှာ ကြိုးကွင်းရှိကြတယ်မဟုတ်လား"

"ထားပါတော့လေ၊ ခင်ဗျားကော... ခင်ဗျားရဲ့ကြိုးကွင်းက ဘာလဲဗျ"

"စာချုပ်"

"စာချုပ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုစာချုပ်မျိုးလဲ"

"လူသတ်တဲ့စာချုပ်"

ရှောင်ကောင်းသည် နားမလည်နိုင်ပါ။

ရှိလေရှဲ၏အသံသည် ဝေးလံသောနေရာသို့ပျံ့လွင့်သွားသည့် အလားရှိ၏။

"ကျုပ်ရဲ့အခြေအနေကို မင်းသိပါတယ်၊ ငွေရှိတယ် ချမ်းသာ



ကြွယ်ဝတယ်၊ အေးအေးဆေးဆေးထိုင်စားနိုင်တယ်၊ ဒါပေမယ့်... လွန် ခဲ့တဲ့နှစ်(၂၀)လောက်ကဆိုရင် ကျုပ်ဟာ ဆင်းရဲလိုက်တာ သူတောင်း စားသာသာပဲရှိတယ်ကွ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်းအခုလိုပေါ့၊ ဆွေမျိုးမရှိ မိတ်ဆွေမရှိ တစ်ကောင်ကြွက်၊ ကျုပ်လက်ထဲကသေတ္တာတစ်လုံးကလွဲလို့ ဘာမှမရှိဘူးကွ"

"ဒါဖြင့် ခင်ဗျားက လူသတ်တဲ့အလုပ်ပဲ လုပ်နေတယ်ပေါ့ ဟုတ်လား"

"ဒါကိုတော့ ကျုပ်မငြင်းဘူး၊ ဒါပေမယ့်... ကျုပ်သတ်တဲ့လူ တွေဟာ များသောအားဖြင့် သေသင့်တဲ့လူတွေပါပဲ"

ရှောင်ကောင်းက နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကို လူသတ်နိုင်တဲ့အခွင့်အရေးရထား တယ်လို့များ မှတ်နေသလား"

"ဒီလိုတော့ဘယ်ဟုတ်မလဲကွ၊ ကျုပ်သတ်တဲ့လူတွေဟာ အ မျိုးသားသစ္စာဖောက်တွေ နယ်ချဲ့အလိုတော်ရိတွေပဲ၊ လူကောင်းဆို ကျုပ်မသတ်ဘူး၊ မျိုးချစ်ပုဂ္ဂိုလ်ဆိုရင် ကျုပ်ကိုဘယ်လောက်ပေးပေး မသတ်ဘူး"

"နောက်တော့... ခင်ဗျားက ချမ်းသာလာလို့ ဒီအလုပ်ကိုစွန့် လွှတ်လိုက်တယ်ဆိုပါတော့"

"မဟုတ်ဘူး၊ ကျုပ်က လူတစ်ယောက်ကို မှားသတ်မိလို့ဒီအချိန်ကစပြီး… ကျုပ်ဟာ အိပ်မပျော်တဲ့ရောဂါ စွဲကပ်လာတော့တာပဲကွ"

"ဘယ်လိုလူမျိုးကိုသတ်မိလို့လဲ"

"မသေသင့်မသေထိုက်တဲ့လူတစ်ယောက်ပေါ့၊ ကျုပ်တို့လူသတ်သမားတွေဟာ အဲဒါကိုအကြောက်ဆုံးပါပဲ"

"ထားပါတော့လေ၊ ခင်ဗျားပြောတဲ့စာချုပ်က ဘယ်လိုလဲ"

"ဒီစာချုပ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၁၅)နှစ်ကတည်းက ချုပ်ဆိုခဲ့တာပါ၊ စာချုပ်ထဲမှာ သူကကျုပ်ကို လူတစ်ယောက်သတ်ခိုင်းရင် အချိန်မရွေး ပုဂ္ဂိုလ်မရွေး သတ်ပေးရမယ်လို့ပါတယ်"

"ခင်ဗျားက **ဒီစာချုပ်အတိုင်း** မဆောင်ရွက်ခဲ့ဘူးဆိုပါတော့"

"မဆောင်ရွက်ခဲ့တာ မဟုတ်ဘူး၊ သူကခိုင်းကိုမခိုင်းတာ"

"အခုတော့… ခိုင်းလိုက်ပြီမဟုတ်လား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျားက ဘာကြောင့် ဒီစာချုပ်ကိုချုပ်ဆိုပေးရတာလဲဗျ"

"သူက ကျုပ်ရဲ့အသက်ကိုကယ်ခဲ့လို့ပေါ့"

"ဒါကြောင့်… သူကခင်ဗျားကို ဒီစာချုပ် ချုပ်ခိုင်းထားတယ် မဟုတ်လား"



"ဟုတ်တယ်၊ အခုတော့ သူကအမိန့်ပေးလိုက်ပြီ၊ သူ့အတွက် လူတစ်ယောက်သတ်ပေးရမယ်လို့ပြောတယ်"

"သူသတ်ခိုင်းတဲ့လူက ကျွန်တော်ပဲမဟုတ်လား"

"ဟုတ်တယ်"

❄❄❄

ရှိလေရဲသည် ရှောင်ကောင်းအား ကိတ်ဆိတ်စွာဖြင့် ကြည့်နေလေသည်။

ရှောင်ကောင်းကလည်း သူ့အား စိုက်ကြည့်နေ၏။

အတန်ကြာမှ ရှောင်ကောင်းကစကားစလိုက်သည်။

"ကျူမင်းရဲ့အလောင်း ဘယ်မှာရှိတယ်ဆိုတာ… ခင်ဗျားသိသလား"

"ကျူမင်းရဲ့အလောင်း မရှိသေးဘူးကွဲ့"

ရှောင်ကောင်း မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"လောလောဆယ် သူ မသေသေးလို့ပေါ့"

ရှောင်ကောင်းသည် အသက်ရှူပင်ခေတ္တမျှရပ်တန့်သွားသည်ဟုထင်လိုက်ရသည်။

"ဒီတစ်ခါသူက ထိုးဖောက်ထွက်သွားပြန်ပြီလား"

"မဟုတ်ဘူး... သုတုံးလှိုင်က သူ့ကိုလွှတ်လိုက်တာပဲ၊ အမှန်ပြောရရင်... သူကထွက်ပေါက်လုံးဝမရှိတော့ပါဘူး"

"သုတုံးလှိုင်က ဘာဖြစ်လို့ သူ့ကိုလွှတ်လိုက်ရတာလဲ"

"သုတုံးလှိုင်က စုမာချောင်းချင်အတွက် ချန်ထားခဲ့တာပေါ့"

"ကျွန်တော်နားမလည်ဘူးဗျ"

"မင်းနားလည်အောင်ပြောရမယ်ဆိုရင် ကျူမင်းသေဆုံးခြင်းဟာ သိုင်းလောကတစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ်မယ့် သတင်းတစ်ခုပါပဲ၊ ဒီလိုနာမည်ကျော်ကြားမယ့်ကိစ္စမှန်သမျှကို သုတုံးလှိုင်က စုမာချောင်းချင်အတွက် အမြဲချန်ထားတတ်ပါတယ်"

ထိုစဉ်မှာပင်....

အဝေးမှ အနီရောင်မီးခိုးတန်းများ ထိုးတက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုမီးခိုးတန်းများသည် တစ်ခဏအကြာတွင် လေ၏တိုက်ခိုက်မှုကြောင့်ပျံ့လွင့်သွားလေသည်။

ရှိလေရှဲသည် ထူးခြားသောအသံဖြင့်....

"ကျူပ်က ထူးခြားတဲ့နေရာတစ်ခုသွားမလို့ မင်းလဲလိုက်ခဲ့"

❄❄❄



ထိုအနီရောင်မီးခိုးတန်းများသည် မည်သည့်နေရာက လွှတ်လိုက်သနည်း။

အကြောင်းတစ်ခုခုများရှိနေမည်လော....

ရှိလေရှဲပြောသော ထူးခြားသောနေရာဟူသည် မည်သည့်နေရာဖြစ်ပါသနည်း။

သူက အဘယ်ကြောင့်... ရှောင်ကောင်းအား ခေါ်ဆောင်သွားရပါသနည်း။

များစွာသော လူသတ်သမားတို့သည် လူသတ်သောအခါ ထူးခြားသောနေရာတစ်ခုသို့ ခေါ်ဆောင်သွားတတ်ပါသည်။

ဤသို့ဆိုလျှင်....

ထိုထူးခြားသောနေရာသည် သုသာန်တစပြင်များ ဖြစ်နေပြီလော....

❄❄❄

ဤနေရာသည် သုသာန်တစပြင်မဟုတ်ပါ။

ထူးခြားသည့်လက္ခဏာလည်း မတွေ့ရပါ။

သေးငယ်သော ဘုံကျောင်းတစ်ခုမျှသာဖြစ်ပါသည်။

ဤဘုံကျောင်းငယ်သည် အလွန်ချောင်ကျသော လမ်းကြားတစ်ခုထဲ၌တည်ရှိလေသည်။

ဤဘုံကျောင်းငယ်သည်…

နှစ်ရှည်လများ ကိုးကွယ်ဝတ်ပြုခြင်းမရှိကြသဖြင့် ဟောင်းနွမ်းပျက်စီးနေလေသည်။

ရှောင်ကောင်းသည် ရှီလေရှဲ၏နောက်တွင်ရပ်နေ၏။

သူသည် လူအများကစွန့်ပစ်ထားသော ဘိုးဘိုးနှင့်ဘွားဘွားရုပ်တုကို တိတ်ဆိတ်စွာကြည့်နေ၏။

သူ၏စိတ်ထဲတွင်…

ရုတ်တရက် လီပ်ပြာအားသတိရလာသည်။

သူ၏ချစ်သူသည်…

အခြားမိန်းကလေးတစ်ယောက်ဖြစ်လျှင်…

ကောင်းလေစွ…

ယခုမှာမူ လီပ်ပြာဖြစ်နေ၏။

လီပ်ပြာသည် ကျူမင်း၏ချစ်သူဖြစ်သည်မဟုတ်ပါလော…

❄❄❄



ဤနေရာသည် မည်သို့ထူးခြားနေပါသနည်း။

ရှီလေရှဲသည် အဘယ်ကြောင့် ဤနေရာသို့ခေါ်ဆောင်လာရပါသနည်း။

ရှောင်ကောင်းသည် မမေးပါ။

သူက မမေးဖြစ်သော်လည်း ရှီလေရှဲက သူ့အားပြောပြနေ၏။

"သူတို့အားလုံးသိကြတယ်၊ ကျုပ်လုပ်ခဲ့တယ်ဆိုတာ သူတို့အားလုံးသိကြတယ်"

ရှောင်ကောင်းက မျက်မှောင်ကုပ်သွားသည်။

"သူတို့ဟုတ်လား၊ သူတို့ဆိုတာ ဘယ်သူတွေလဲ"

"သူတို့ဆိုတာ သူတို့ပေါ့"

သူသည် ဘိုးဘိုးနှင့်ဘွားဘွားရုပ်တုအား ကြည့်လိုက်သည်။

"သူတို့ဆိုတာ **အဲဒီဘိုးဘိုးနဲ့ဘွားဘွားရုပ်တုပေါ့**"

ရှောင်ကောင်းက နားမလည်ပါ။

ရှီလေရှဲက သူ နားမလည်မှန်းသိသည်။

ထို့ကြောင့် ရှင်းပြသည်။

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်တုန်းက ကျုပ်ကိုငွေပေးပြီး လူသတ်ခိုင်းတဲ့လူများဟာ ဒီနေရာကိုသိကြပါတယ်၊ ဒါကြောင့် သူတို့က ကျုပ်ကို လူတစ်ယောက်သတ်ခိုင်းချင်ရင် ဒီကိုလာပြီး နေရာဒေသတစ်ခုရဲ့ အမည်နဲ့ လူတစ်ယောက်ရဲ့အမည်ကို ရေးထားပါတယ်"

ရှောင်ကောင်းသည် စိတ်ဝင်စားစွာနားစွင့်နေသည်။

"ဒေသနေရာအမည်ဆိုတာက... ကျုပ်ကို ငွေသွားယူနိုင်းတဲ့ နေရာပဲ... အမည်ကတော့ ကျုပ်သွားသတ်ရမယ့်လူရဲ့နာမည်ပဲ"

ရှောင်ကောင်းသည် ရှိလေရှဲ၏ရှင်းပြချက်များကို ဗိုလ်စိတ်ဝင်စားလာသည်။

ရှိလေရှဲက စကားဆက်ပြန်သည်။

"နောက်တော့... ကျုပ်ဒီအလုပ်ကို ရပ်တန့်လိုက်တယ်၊ ဒီကိုမရောက်တော့ဘူး"

"ဒါဖြင့်ခင်ဗျား နှစ်အတော်ကြာကြာ ဒီကိုမရောက်ဘူးပေါ့"

"ဟုတ်တယ်၊ မနေ့ကမှ ကျုပ်ဒီကိုထပ်ပြီးရောက်ခဲ့ပါတယ်"

"နှစ်အတော်ကြာကြာမရောက်ဘဲ အခုမှဘာစိတ်ကူးပေါက်ပြီး ထပ်လာရတာလဲ"

"ဒီလိုပါ... ကျုပ်က အနီရောင်မီးခိုးတန်းကိုတွေ့လိုက်လို့ပါ"

"ခုနကတွေ့ခဲ့တဲ့ အနီရောင်မီးခိုးဟုတ်လား"

"ဟုတ်ပါတယ်"

ရှိလေရှဲသည် ထပ်မံရှင်းပြလိုက်သည်။

"ကျုပ်ကိုခိုင်းတဲ့လူရှိရင် အခုလို မီးခိုးတန်းသုံးကြိမ်တိုင်တိုင် လွှင့်ရတယ်၊ ကျုပ်က အဲဒီမီးခိုးတန်းတွေ့ရင် ဒီနေရာကိုအရောက်လာရတယ်"

"ဒါဖြင့်... မနေ့က ခင်ဗျား ဒီအနီရောင်မီးခိုးတန်းတွေ့လို့ ရောက်လာတာပေါ့"



"ဟုတ်ပါတယ်"

"ခင်ဗျား ဒီကိုရောက်လာတော့ ကျုပ်နာမည်ကို တွေ့တယ်ဆိုပါတော့"

ရှိလေရှဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုပ်မသေခင် တစ်ခုတော့သိချင်ပါတယ်ဗျာ"

"ပြောပါ"

"ခင်ဗျားကို ခိုင်းတဲ့လူဟာ သုတုံးလှိုင်မဟုတ်လား"

ရှိလေရှဲ ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး၊ သုတုံးလှိုင်က ကျုပ်ကိုမခိုင်းရဲပါဘူးဗျာ"

ရှောင်ကောင်း မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘယ်သူလဲ"

"ကျုပ်ကိုအသက်ကယ်ခဲ့တဲ့လူပေါ့"

"သူက ကျုပ်နဲ့ ဘယ်လိုရန်ငြိုးများရှိလို့လဲ"

"မရှိဘူး"

"မရှိရင် ဘာဖြစ်လို့ ကျုပ်ကိုသတ်ချင်ရတာလဲ"

ရှိလေရှဲသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

"ကျုပ်အထင်နဲ့ပြောရမယ်ဆိုရင်... သုတုံးလှိုင်ဟာ အဲဒီလူဆီက စာချုပ်ရထားတာနဲ့တူတယ်၊ ဒါကြောင့် သူက ဒီစာချုပ်ကိုကိုင်ပြီး မင်းကိုသတ်ဖို့ ကျုပ်ကိုခိုင်းလိုက်တာဖြစ်ရမယ်"

ရှောင်ကောင်းသည် ခေါင်းညိတ်လိုက်သည်။

"ဒါဖြစ်နိုင်တယ်၊ ဒါပေမယ့်... ခင်ဗျားက ကျုပ်ကိုအလွယ်တကူသတ်နိုင်လိမ့်မယ်လို့ ကျုပ်မယူဆဘူး၊ သေရမယ့်အတူတူ ခင်ဗျားကိုလည်း ကျုပ်အစွမ်းကုန်ခုခံရမှာပဲ"

ရှောင်ကောင်းသည် ယင်းသို့ပြောပြီးသည်နှင့် သူ့အထုပ်ထဲမှဓားကို ဆွဲထုတ်လိုက်သည်။

ရှီလေရှဲသည် ရှောင်ကောင်း၏ဓားကို ကြည့်မိလိုက်သောအခါ...

သူ၏မျက်လုံးအစုံသည် ထူးခြားသောဟန်မူရာများပေါ်လွင်လာလေသည်။

❄❄❄

ရှောင်ကောင်း၏ဓားသည် မည်သို့မှထူးခြားချက်မရှိပါ။

သို့သော်....

ရှီလေရှဲ၏မျက်နှာတစ်ခုလုံးသည် ထူးခြားသောအရိပ်အရောင်များပေါ်လွင်လာလေသည်။

ရှောင်ကောင်း၏ဓားကို သူကောင်းစွာသိ၏။

ဤဓားသည် ဓားပါရဂူရှို့တဆူးကိုယ်တိုင်ပြုလုပ်ထားသောဓားတစ်လက်ဖြစ်သည်။



ဤသို့ဆိုလျှင်...

ရှောင်ကောင်းသည် တစ်နည်းမဟုတ်တစ်နည်း ဓားပါရဂူရှို့တဆူးနှင့်ပတ်သက်နေမည်မှာ သေချာလှပေသည်။

❄❄❄

ရေချိုးခန်းထဲ၌...

အငွေ့တထောင်းထောင်းဖြစ်နေ၏။

သုတုံးလှိုင်သည် ရေချိုးနေသည်။

သူသည် သွေးစွန်းနေသောသူ၏လက်များကို အစွမ်းကုန်သန့်ရှင်းနေသည်နှင့်တူလှပေသည်။

သူသည် ပူလောင်သောရေနွေးထဲမှာ ရေချိုးလေ့ရှိသည်။

သူရေချိုးသောကရိယာများသည်...

နီပွန်နိုင်ငံမှအထူးပြုလုပ်ထားသောကရိယာများ ဖြစ်ပါသည်။

သူသည် ရေကိုစိတ်အေးလက်အေးချိုးနေရင်း ရှောင်ကောင်းနှင့် ရှီလေရှဲတို့အကြောင်းကို တွေးမိလေသည်။

ယခု....

ရှီလေရှဲနှင့်ရှောင်ကောင်းတို့သည်...

သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်က သေရမည် ဖြစ်ပါသည်။

သူတို့နှစ်ယောက်အနက် မည်သူသေကြမည်နည်း။

❋❋❋

သုတုံးလှိုင်သည် ယင်းသို့တွေးရင်း သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

သို့သော်....

သူ၏ရယ်မောသံသည် ရုတ်တရက်ရပ်တန့်သွားလေသည်။

အကြောင်းမှာ....

လူတစ်ယောက်သည် သူ့အခန်းထဲသို့ချဉ်းနင်းဝင်ရောက်လာသည်ကို ရိပ်စားမိလိုက်သောကြောင့်ဖြစ်ပါသည်။

သူသည် လှည့်ပင်မကြည့်ဘဲ....

"အခုဝင်လာတာ ရှိလေရှဲမဟုတ်လား"

ဟုမေးလိုက်လေသည်။

"ဟုတ်တယ် ငါပဲ"

"အခြေအနေဘယ်လိုလဲဗျ"



ရှိလေရှဲသည် သူ၏မေးခွန်းကိုမဖြေပါ။

သူကပင် ပြန်မေးလိုက်သည်။

"မင်းက ငါ့ကို ရောင်ကောင်းကိုသတ်ဖို့လွှတ်လိုက်တာ ငါတို့နှစ်ယောက်ထဲမှာ ဘယ်သူသေမယ်ဆိုတာသိချင်လို့ မဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူပဲသေသေ၊ မင်းက ဝမ်းနည်းမှာမဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်.... ခင်ဗျားတို့နှစ်ယောက်စလုံး သေသွားရင် ကျုပ်အဖို့ ပိုတောင်ကောင်းသေးတယ်"

"ဟဲ.... ဟဲ... မင်းက အမှန်အတိုင်းပြောနေတာကိုး"

"ဟုတ်တယ်... ကျုပ်လိမ်ပြောစရာမလိုပါဘူး"

"ငါကလဲ... လိမ်မပြောတတ်ဘူးဆိုတာ မင်းယုံတယ်မဟုတ်လား"

"ကျုပ်ယုံပါတယ်ဗျာ"

"မင်းက ငါ့ကို တစ်ခါမှမမြင်ဖူးဘူး၊ ငါဟာ ဘယ်သူဘယ်ဝါလဲဆိုတာ သိပ်သိချင်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ဒါပေမယ့် မင်းလှည့်မကြည့်ပါနဲ့၊ ကြည့်ရင်... မင်းအသက်မရှိတော့ဘူးလို့သာမှတ်ပါ"

"ကျုပ်လှည့်မကြည့်ပါဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုရင်... ကျုပ်က

မသေချင်သေးလို့ဘဲ"

"အေး… စကားမှန်မှန်ပြောတာတော့ အကောင်းဆုံးပဲပဲ မင်း လိမ်ပြောမယ်ဆိုရင်တော့… အခု ရေချိုးနေရင်းနဲ့ သေဖို့သာပြင် ပေတော့"

"ကျုပ်ပြောပြီးပြီကော ကျုပ်က မသေချင်သေးပါဘူးလို့"

"အေး… ကောင်းတယ်"

ရှိလေရှဲ့သည် အနည်းငယ်စဉ်းစားလိုက်ပြီး…

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်တုန်းက ငါနဲ့လူတစ်ယောက် စာချုပ်ချုပ်ထားတယ်၊ ဒီကိစ္စမင်းသိရဲ့လား"

"သိတယ်"

"စာချုပ်ပေါ်မှာ လူတစ်ယောက်ရဲ့နာမည်ကိုမရေးဘဲ ကွက်လပ်ချန်ထားတာကိုကော သိသလား"

"သိထားပါတယ်"

"အခု ဒီစာချုပ်က ငါ့ဆီရောက်လာတယ်၊ စာချုပ်ပေါ်မှာရှိတဲ့ကွက်လပ်မှာလည်း လူတစ်ယောက်ရဲ့နာမည်ကို ဖြည့်စွက်ရေးထားတယ်၊ ဘယ်သူ့နာမည်ဖြည့်စွက်သလဲဆိုတာကော သိသလား"

သုတုံးလှိုင်က အားရပါးရရယ်မောလိုက်သည်။

"ဒီနာမည်ကကျုပ်ဖြည့်ထားတာပဲ ဘာဖြစ်လို့မသိရမှာလဲ"

"ဒါဖြင့်… ဒီစာချုပ်ကိုမင်းက ဘယ်ကျောင်းငယ်ဆီကိုသွားပို့ထားတာပေါ့ဟုတ်လား"



"ဟုတ်တယ်၊ လူတစ်ယောက်က ကျုပ်ကိုပို့ခိုင်းလို့ပါ၊ ပို့ပြီးရင် အနီရောင်မီးခိုး သုံးကြိမ်တိတိလွှတ်ရမယ်လို့ပြောပါတယ်"

"အဲဒီလူက ဘယ်သူလဲကွ"

"ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ပြောမပြနိုင်ဘူး"

"သူ အခု မသေသေးဘူးလား"

"မသေသေးဘူးဗျ"

"ဒါဖြင့်… အခုသူဘယ်မှာရှိသလဲဆိုတာ မင်းသိသလား"

"သိတယ်"

"ကောင်းပြီ… မင်းထပြီးရပ်နိုင်ပါပြီ"

"ကျုပ်က ဘာဖြစ်လို့ထရပ်ရမှာလဲ"

"သူ့ဆီကို မင်းက ငါ့ကိုခေါ်သွားရမယ်"

"ကျုပ်မခေါ်သွားလို့ကော မဖြစ်ဘူးလား"

"မဖြစ်ဘူး"

သုတုံးလှိုင်သည် ချက်ချင်းထရပ်လိုက်သည်။

သူသည် ပြောမရသောကိစ္စတစ်ခုကို ထပ်မံပြောဆိုခြင်းမပြုပါ။

ရှိလေရှဲက စကားဆက်လိုက်သည်။

"မင်းအဝတ်အစားကို ဝတ်လိုက်ပါ၊ ဦးထုပ်ကိုဆောင်းပြီး ဖိနပ်ကိုလည်း ကျကျနနစီးထားစမ်းပါ"

သုတုံးလှိုင်သည် ရှိလေရှဲပြောသည့်အတိုင်း…

အဝတ်အစားများ ဝတ်ဆင်လိုက်သည်။

ထို့နောက် သူသည် အခန်းထဲမှ ဖြည်းညှင်းစွာထွက်လာလေသည်။

ရှိလေရှဲသည် သူ့နောက်မှလိုက်သွားရင်း....

"မင်းဟာ အတော်မာနကြီးတဲ့လူတစ်ယောက်ဆိုတာ ငါသိထားတယ်၊ မင်းရဲ့သိုင်းပညာနဲ့ အတွင်းအားကလည်း အဆင့်အတော်မြင့်နေပြီ၊ သိုင်းလောကမှာ မင်းကိုနိုင်မယ့်လူဟာ အတော်ရှားတယ်ဆိုတာလည်း ငါနားလည်ထားတယ်"

သုတုံးလှိုင်သည် စကားတစ်ခွန်းမှမပြောပါ။

ရှေ့သို့သာ ခြေလှမ်းမှန်မှန်သွားနေသည်။

ရှိလေရှဲက စကားဆက်လိုက်သည်။

"စုမာချောင်းချင်ဟာ မင်းနဲ့ယှဉ်လိုက်ရင် အများကြီးလိုသေးတယ်လို့ ငါယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုရင်... သူက မင်းလောက်ခေါင်းမအေးဘူးကွ၊ ငါ့တစ်သက်မှာ မင်းလောက်ခေါင်းအေးတဲ့လူကို မတွေ့ဖူးခဲ့သေးဘူး"

သုတုံးလှိုင်က ရယ်မောလိုက်သည်။

"ကျုပ်ကိုယ်ကျုပ်တော့ ဒီလိုပဲယုံကြည်ထားပါတယ်"

"ဒါဖြင့်... မင်း ဘာဖြစ်လို့ ငါ့ကိုပြန်မတိုက်တာလဲ၊ မင်းက ငါ့ကိုပြန်တိုက်ရင် ငါ့ကိုနိုင်လိမ့်မယ်လို့ကော မင်းမတွေးမိဘူးလား"

"ကျုပ်က လုံးဝမတွေးပါဘူးဗျာ"



"ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ဟာ အသက်ရှင်သန်ချင်သေးတယ်ဆိုရင် ဒီလိုကိစ္စမျိုးကို မတွေးတာအကောင်းဆုံးပါပဲ"

ရှိလေရှဲသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့် မင်းကခွေးတစ်ကောင်လို ငါပြောသမျှကို လိုက်လုပ်ရတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ လောကမှာ ဒီလိုအဖြစ်မျိုးဟာ တော်တော်များပါတယ်"

❄❄❄

ခြံဝင်းမှကျဉ်းမြောင်းသောတံခါးသည် ပိတ်ထားသည်။

သုတုံးလှိုင်သည် တံခါးကိုခေါက်လိုက်သည်။

သုံးချက်ခေါက်ပြီးမှ နောက်ထပ်တစ်ချက်ထပ်ခေါက်လိုက်သည်။

ဤတံခါးခေါက်နည်းသည် သူနှင့်အဘိုးအိုတို့၏... လျှို့ဝှက်သင်္ကေတတစ်ခုဖြစ်ရမည်။

အတန်ကြာစောင့်နေသော်လည်း ခြံဝင်းထဲမှ တပ်စုံတစ်ရာတုံ့ပြန်သည်ကို မတွေ့ရပါ။

"သူ မရှိဘူးဟုတ်လား"

"ရှိပါတယ်၊ သူဘယ်မှမသွားပါဘူး"

သူသည် ပြောရင်း တံခါးကိုထပ်မံခေါက်လိုက်သည်။

အတွင်းဘက်၌ တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။

သုတုံးလှိုင်သည် တံခါးတွန်းဖွင့်ကြည့်သည်။

တံခါးသည် အတွင်းဘက်မှ မင်းတုပ်ထိုးထားခြင်းမရှိသောကြောင့် ပွင့်သွားလေသည်။

ခြံဝင်း၏အတွင်းဘက်တွင် တိတ်ဆိတ်၍ ကြည်နူးဖွယ်ရာကောင်းလှပေသည်။

ဥယျာဉ်အလယ်၌ အကာမဲ့အဆောင်တစ်ဆောင်ရှိသည်။

အဘိုးအိုသည် ထိုအဆောင်တွင်းမှာထိုင်လျက် တဖွဲဖွဲကျနေသောနှင်းများကိုငေး၍ကြည့်နေသည်လားမသိ။

မလှုပ်မယှက် တုတ်တုတ်မျှမလှုပ်ပါချေ။

သုတုံးလှိုင်သည် ထိုအဆောင်ရှိရာသို့တစ်လှမ်းချင်းလျှောက်သွားလေသည်။

အဆောင်ရှိရာသို့ရောက်ရှိသည်နှင့် ခြေလှမ်းကိုရုပ်တန့်လိုက်လေသည်။

အဘိုးအိုသည် နောက်ထပ်အိုမင်းနိုင်ခြင်းမရှိတော့ပါချေ။

လူတစ်ယောက်သည် အတွေးအခေါ်နှင့်ခံစားချက်များရှိနေမှသာလျှင် အသက်အိုမင်းသွားနိုင်သည်။

အကယ်၍ တွေးခေါ်ခြင်းမပြုနိုင်လျှင် ခံစားနိုင်ဖွမ်းမရှိလျှင်



အိုမင်းနိုင်လိမ့်မည် မဟုတ်တော့ပါ။

အမှန်မှာ လူတစ်ယောက်ကသာလျှင် တွေးခေါ်မှုနှင့်ခံစားမှုကင်းမဲ့နိုင်သည်။

သေသွားသည့်လူသာလျှင်...

ထပ်၍အိုမင်းနိုင်စွမ်းမရှိပါ။

အဘိုးအိုသည် ထိုင်လျက်သေဆုံးနေပြီဖြစ်ပါသည်။

သုတုံးလှိုင်သည် ကျောက်ရုပ်ပမာရပ်လျက်နေသည်။

သူ့နောက်မှလိုက်လာသော ရှိလေရှဲသည် လျှပ်တစ်ပြက်အဆောင်ထဲသို့ပြေးဝင်သွားလေသည်။

❄❄❄

သုတုံးလှိုင်သည် ရှိလေရှဲကို တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ခဲ့ဘူးပါ။

ယခု....

သူသည် ရှိလေရှဲအားတွေ့မြင်လိုက်ရပြီဖြစ်ပါသည်။

ရှိလေရှဲသည် ထွားကြိုင်းသောလူတစ်ယောက်မဟုတ်ပါ။

သို့သော်... သာမန်လူထက် အနည်းငယ်အရပ်မြင့်နေသည်။

သူ၏ဆံပင်များသည် မည်းနက်နေသည်။

သူ့ကိုယ်ပေါ်မှ ဝတ်ဆင်ထားသောအင်္ကျီများသည် ဟောင်း

နှမ်းရှုံ့နေလေသည်။

သူ့လက်ထဲမှသေတ္တာသည်လည်း အလွန်ပင်ဟောင်းနွမ်းနေလေသည်။

ရှိလေရှဲသည် သေဆုံးနေသောအဘိုးအိုအနီးသို့ ချဉ်းကပ်သွားပြီး သေသေချာချာကြည့်လိုက်လေသည်။

❄❄❄

သုတုံးလှိုင်သည် အလွန်မာနကြီးသောလူတစ်ယောက်ဖြစ်လေသည်။

သူ၏တစ်သက်တာတွင် သူများအပေါ်ကိုသာလွှမ်းမိုးချယ်လှယ်ခဲ့သည်။

မည်သူ့ကိုမျှ အောက်ကျို့ခြင်းမရှိခဲ့ဘူးပါချေ။

ယခု....

သူသည်ရှိလေရှဲအား ပြန်လည်တိုက်ခိုက်ရန်မှာ အကောင်းဆုံးသော အခွင့်အရေးတစ်ခုရသွားလေသည်။

အကြောင်းမှာ...

ရှိလေရှဲ၏ကျောပြင်တစ်ခုလုံးသည် သူ၏တိုက်ခိုက်နိုင်သောနေရာများဖြစ်သည်။

သို့သော် သုတုံးလှိုင်က တိုက်ခိုက်ခြင်းမရှိပါ။



သူသည် အေးဆေးစွာဖြင့် ရပ်လျက်နေသည်။

အတန်ကြာမှ....

ရှိလေရှဲက သူ့ဘက်သို့လှည့်လိုက်သည်။

ယခု သူသည် ရှိလေရှဲအား မြင်တွေ့နိုင်ခဲ့လေသည်။

ရှိလေရှဲသည် သာမန်လူတစ်ယောက်၏ရုပ်ရည်မျှသာရှိလေသည်။

သို့သော်... သူ၏မျက်လုံးအစုံသည် ဓားနှစ်လက်ပမာ စူးရှ၍နေလေသည်။

သူသည် သုတုံးလှိုင်အား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းက ငါ့ကိုသတ်မယ်ဆိုရင် ခုနက မင်းဟာ အခွင့်အရေးအကောင်းဆုံးရခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့... ကျုပ်သိပါတယ်"

"ဒါဖြင့် မင်းကဘာဖြစ်လို့ ငါ့ကိုမတိုက်ခိုက်တာလဲ"

"ကျုပ်က ခင်ဗျားကိုမှမသတ်ချင်ဘဲ"

"မင်းက ငါ့ကိုမသတ်ချင်ပေမယ့် ငါကမင်းကို သတ်လိမ့်မယ်ဆိုတာ မင်းမစဉ်းစားမိဘူးလား"

"ကျုပ်သိပါတယ်"

ရှိလေရှဲသည် အဘိုးအိုအားညွှန်ပြလိုက်သည်။

"သူ့ကို မင်းသတ်လိုက်တယ်မဟုတ်လား"

သုတုံးလှိုင်သည်…

အတန်ကြာတိတ်ဆိတ်နေပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေသည်။

"ဟုတ်တယ်… ကျုပ် သူ့ကိုသတ်လိုက်တယ်"

ရှိလေရှဲသည် လက်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလိုက် လေသည်။

သုတုံးလှိုင်က သက်ပြင်းတစ်ချက် ထပ်မံချလိုက်သည်။

"သူကတော့ ကျုပ်အတွက် အများကြီးအသုံးဝင်ပါတယ်ဗျာ၊ အခုထိဆိုပါတော့၊ ဒါပေမယ့်… ကျုပ် သူ့ကိုမသတ်လို့မဖြစ်တဲ့အခြေ အနေမျိုးကိုရောက်နေလို့ပါ"

သူသည် ရှိလေရှဲ၏လက်ထဲမှသေတ္တာအား တစ်ချက်လှမ်း ကြည့်လိုက်သည်။ ပြီးမှ….

"အခု ခင်ဗျား ကျုပ်ကိုသတ်တော့မယ်မဟုတ်လား"

"ဟုတ်တယ်"

ရှိလေရှဲသည် သူ၏သေတ္တာအားဖွင့်လိုက်လေသည်။

ထိုသေတ္တာထဲ၌ လောကတွင် ကြောက်စရာအကောင်းဆုံး လက်နက်ပါရှိနေလေသည်။

သုတုံးလှိုင်၏မျက်အိမ်များသည် ကျုံ့ငယ်သွားလေသည်။

သူ၏နဖူးပေါ်တွင် ချွေးများစီးဆင်းကျနေလေသည်။



"ချပ်"

သေတ္တာသည် ပွင့်သွားလေတော့သည်။

ဤသေတ္တာကိုဖွင့်လိုက်သည်နှင့်…

သုတုံးလှိုင်၏အသက်သည် သေရမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ပေတော့၏။

❄❄❄

## မည်သူက ဉာဏ်သာသနည်း

၂–လ၊ ၂၄–ရက်

မွန်းတည့်အချိန်

၀ ကွမ်းလုမင်းလမ်းမပေါ်တွင်....

စုမာချောင်းချင်သည် မြင်းကိုကြိမ်လုံးဖြင့်ရိုက်နေ၏။

မြင်းဇက်ကြိုးကို လွှတ်ထားလိုက်သည်။

မြင်းသည် မင်းလမ်းမပေါ်တွင် အစွမ်းကုန်ပြေးလွှားနေလေသည်။

ယခု သူစီးနင်းနေသောမြင်းသည် စတုတ္ထအကြိမ် လဲလိုက်သော မြင်းဖြစ်ပါသည်။

အကြောင်းမှာ... သူသည် ချန်အန်းမြို့ကို အမြန်ဆုံး မြန်နိုင်သလောက်အရောက်သွားရန် စိတ်ဆန္ဒစောနေ၍ဖြစ်ပါသည်။



မြင်းကို လေးကြိမ်တိုင်တိုင်လဲခဲ့ရသည်။

ထို့ကြောင့်...

လမ်းတွင် သူသည်မရပ်မနားဘဲ မြင်းကို တစ်ကောင်ပြီး တစ်ကောင်ဝယ်ယူ၍လဲကာ ချန်အန်းမြို့သို့ ဦးတည်ပြေးလွှားလာခြင်းဖြစ်ပါသည်။

သူ၏စိတ်ထဲ၌ အလွန်လေးလံနေလေသည်။

မကောင်းသောအတိတ်နိမိတ်များကိုလည်း ခံစားနေရသည်ဟု သူထင်လိုက်ရလေတော့သည်။

❄❄❄

သေတ္တာသည် ပွင့်သွားပြီဖြစ်လေသည်။

သေတ္တာထဲမှအရာများကို သုတုံးလှိုင်က တွေ့ရှိလိုက်ပြီဖြစ်ပါသည်။

သေတ္တာထဲမှအရာများသည် သံတိုသံစများဖြစ်လေသည်။

သို့သော်... ဤသံတိုသံစများကို စုပေါင်းတပ်ဆင်လိုက်လျှင် လောကတွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံးသော လက်နက်ဆန်းတစ်မျိုး ဖြစ်လာနိုင်သည်မဟုတ်ပါလော...

❄❄❄

ချန်အန်းမြို့အား မြင်တွေ့လိုက်ရပြီဖြစ်ပါသည်။

စမာချောင်းချင်သည် ပို၍မငြိမ်မသက်ဖြစ်လာလေ၏။

နိမိတ်မကောင်းသောခံစားချက်များသည် ပို၍ပြင်းထန်လာလေသည်။

သူ၏အနီးစပ်ဆုံးရှိနေသော လူတစ်ယောက်သည် သွေးအိုင်ထဲမှာ လူးလိမ့်သေဆုံးနေသည်ကို မြင်ယောင်လာလေသည်။

သွေးအိုင်ထဲမှာသေဆုံးနေသောလူသည် မည်သူနည်း။

ကျူမင်းလော...

သို့မဟုတ် ရှောင်ကောင်းလော....

သုတုံးလှိုင်တော့ မဖြစ်နိုင်ပါ။

အကြောင်းမှာ...

သုတုံးလှိုင်၏ဉာဏ်ပညာနှင့် သိုင်းပညာအဆင့်သည် သူ့ကိုယ်သူ ကောင်းစွာကာကွယ်နိုင်သည်ကိုလည်း သူယုံကြည်သည်။

အကယ်၍သာ သုတုံးလှိုင် ယခုရင်ဆိုင်နေရသော အခြေအနေကို သူမြင်တွေ့နိုင်ခဲ့ပါမူ...

သူသည် အံ့အားသင့်သွားမည်သာဖြစ်ပါသည်။

❄❄❄



သုတုံးလှိုင်သည် သေရန်သာရှိတော့သည်။

ရှိလေ့ရှဲသည် ကြေးတန်းစား လူသတ်သမားတစ်ယောက်ဖြစ်သည်။

နှစ်ပေါင်းနှစ်ဆယ်အတွင်း... တစ်ကြိမ်တစ်ခါမျှ ချွတ်ချော်ချို့ယွင်းခြင်းမရှိခဲ့ပါ။

ယခု သုတုံးလှိုင်တစ်ယောက် သေဖို့သာရှိလေတော့သည်။

သို့သော်... သုတုံးလှိုင်က မသေပါ။

သူသည် ရှိလေ့ရှဲက ထိုသံတိုသံစများအား တပ်ဆင်နေသည်ကို အေးဆေးစွာကြည့်နေလေသည်။

ရှိလေ့ရှဲသည် ထိုသံတိုသံစများအား တစ်ခုနှင့်တစ်ခု ဆက်နေစဉ်မှာပင်... သူ၏လက်ချောင်းများသည် ရုတ်တရက် တောင့်တင်းသွားလေသည်။

ထိုမျှပင်မက... သူ၏တစ်ကိုယ်လုံးမှာလည်း တောင့်တင်းသွားသည်ဟု ခံစားလိုက်ရလေသည်။

အတန်ကြာမှ... ရှိလေ့ရှဲသည် ခေါင်းမော့၍ကြည့်လိုက်မိလေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းစသည့်အရိပ်အရောင်များဖြင့် ပြည့်နှက်နေလေ၏။

သုတုံးလှိုင်ကလည်း သူ့အား စိုက်ကြည့်နေ၏။

သူတို့နှစ်ယောက်သည် ယင်းသို့မျက်နှာချင်းဆိုင်၍ရပ်ကာ

စကားမပြောဘဲ ကြည့်နေကြသည်။

မည်မျှကြာသွားမှန်းမသိ။

ခြံဝင်းထဲသို့ ဝင်လာသော ခြေသံတစ်သံကိုကြားလိုက်ရမှ သတိရလာသည်။

သုချိန်းဖြစ်ပါသည်။

သူ့နောက်တွင် လူလေးယောက်ပါလာသေးသည်။

ထိုလူလေးယောက်သည် သုတုံးလှိုင်ထိုင်နေကျ ကုလားထိုင်နှင့်အရက်များကိုပါ ယူဆောင်လာသည်ကိုတွေ့လိုက်ရလေသည်။

ထို့ပြင်... ခရမ်းရောင်ခြံ့စောင်တစ်ခုလည်း ပါလာသည်။

သုတုံးလှိုင်သည် ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်ပြီး...

ခြုံစောင်များကို ခြုံထားလိုက်လေသည်။

ထို့နောက် လေပူတစ်ချက်မှုတ်ထုတ်ပြီး အရက်တစ်ခွက်ကို ထည့်၍ အေးဆေးစွာသောက်ချလိုက်လေသည်။

အရက်သုံးခွက်ကိုဆက်တိုက်သောက်ပြီးတော့မှ....

"အင်း... အခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်"

ဟုတစ်လုံးချင်းပြောချလိုက်လေသည်။

❄❄❄



ရှိလေရဲ့သည် မလှုပ်မယှက်ရပ်နေသည်။

သုတုံးလှိုင်၏အပြုအမူများကို... လုံးဝမကြားရ၊ မမြင်တွေ့ရသကဲ့သို့ ရှိနေလေသည်။

အကယ်၍သာ...

ဤအခြေအနေမျိုးကို တစ်ယောက်ယောက်က တွေ့သွားပါလျှင် အံ့ဩသွားမည်သာဖြစ်ပါသည်။

ယခု....

သုတုံးလှိုင်သည် ကြောက်စရာအကောင်းဆုံးသော ရန်သူနှင့် ကြောက်စရာအကောင်းဆုံးလက်နက်ကို ရင်ဆိုင်နေရသည့်အချိန်မှာ...

အဘယ်ကြောင့်... ယခုကဲ့သို့ အေးဆေးစွာ အရက်သောက်နိုင်ပါသနည်း။

မည်သူမဆို ဤကဲ့သို့ ပြုလုပ်နိုင်စွမ်းကြမည်မဟုတ်ပါ။

သုတုံးလှိုင်မှာမူ ထိုသို့ပြုလုပ်နေသည်မဟုတ်ပါလော...

❄❄❄

လောကတွင်…

ကြောက်စရာအကောင်းဆုံးသော လူသတ်သမား ရှိလေရှဲသည် မလှုပ်မယှက်ရပ်နေလေသည်။

သူသည် အဘယ့်ကြောင့် ယခုကဲ့သို့ မလှုပ်မယှက်ရပ်နေရပါသနည်း။

သုတုံးလှိုင်သည် အရက်ကို နောက်ထပ်သောက်လိုက်ပြီးမှ သုချိန်းဘက်သို့ လှည့်လိုက်လေသည်။

"ဘာတွေဖြစ်နေသလဲဆိုတာ မင်းသိသလားကွ"

"မသိပါဘူးခင်ဗျာ"

"ဒီပုဂ္ဂိုလ်ကြီးဟာ ဘယ်သူလဲဆိုတာ မင်းသိသလား"

"မသိပါဘူးခင်ဗျာ"

"သူဟာ ကြောက်စရာအကောင်းဆုံး လူသတ်သမားတစ်ယောက်ပဲ၊ သူ့လက်ထဲမှာ ကြောက်စရာအကောင်းဆုံး လက်နက်ဆန်းတစ်ခုရှိနေတယ်၊ သူသတ်လို့သေသွားတဲ့ သိုင်းသမားများဟာ အနည်းဆုံး လူလေးဆယ်ကျော်လောက်ရှိမယ်လို့ ငါသိထားတယ်"

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ….

"တကယ်လို့များ သူက ဒီလက်နက်ဆန်းနဲ့ ငါ့ကိုသတ်လိုက်ရင် အခုလောက်ဆို ငါဟာလူသေတစ်ယောက်ဖြစ်နေပြီ"

သုချိန်းသည် စကားမပြောဘဲနားထောင်နေ၏။

သုတုံးလှိုင်သည် ရှိလေရှဲ၏သေတ္တာကိုလှည့်ကြည့်လိုက်၏။



"သူက ငါ့ကိုသတ်ဖို့… လက်နက်ဆန်းကိုပြင်လိုက်ပြီးမှ ဘာဖြစ်လို့ ငါ့ကိုမသတ်ဘဲ လူပေါကြီးလိုရပ်နေတယ်ဆိုတာ… မင်းသိသလား"

သုချိန်းသည် နားစွင့်နေ၏။

ရှိလေရှဲမှာမူ မလှုပ်မယှက်ဖြင့်ရပ်နေလေသည်။

သုတုံးလှိုင်၏စကားများကို လုံးဝမကြားသည့်အလား တိတ်ဆိတ်နေ၏။

သုတုံးလှိုင်သည် ရယ်မောလိုက်သည်။

"သူက ငါ့ကိုမသတ်ရဲလို့မဟုတ်ဘူးနော်၊ ငါ့လိုလူတစ်ယောက်ကိုတော့ သူ့လိုပုဂ္ဂိုလ်ကြီးက ခွေးတစ်ကောင်လောက်ပဲ သဘောထားမှာပါ"

သူသည် ကိုယ့်ကိုယ်ကိုသဘောကျစွာဖြင့်ပြုံးလိုက်ပြီး သုချိန်းအား ကြည့်လိုက်သည်။

"သူက ဘာဖြစ်လို့ ငါ့ကိုမသတ်ရဲသလဲဆိုတာ မင်းသိသလား"

"မသိပါဘူးခင်ဗျာ"

"အေး…. မင်းသာသိချင်ရင် ငါပြောပြမှာပေါ့ကွာ၊ သူက ငါ့ကို မသင်္ဘာ်ရဲလို့ မဟုတ်ဘူး၊ သူက ငါ့ကိုသတ်လို့မဖြစ်လို့ကွ"

သုတုံးလှိုင်သည် ချုံထားသောစောင်ကို အနည်းငယ်ပြုပြင်လိုက်ပြီး….

"အခုတော့… သူက ဒီလိုပဲမတ်တတ်ရပ်နေမှာ၊ ငါက သူ့ကို

သတ်မယ်ဆိုရင် ခွေးတစ်ကောင်ကိုသတ်သလို အလွယ်ကလေးပါ"

လောကတွင် ရှိလေရဲ့အား မည်သူကမှ ဤသို့စော်ကားမော်ကား ပြောရဲပါသနည်း။

သုချိန်းပင်လျှင် သူ၏နားကို မယုံကြည်နိုင်လောက်အောင်ဖြစ်သွားလေသည်။

သုတုံးလှိုင်က စကားဆက်လိုက်သည်။

"သုချိန်း ငါတစ်ခုမေးမယ်"

"ဟုတ်ကဲ့၊ မေးပါခင်ဗျာ"

"လောကမှာ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ရှီလေရဲ့လို ပုဂ္ဂိုလ်မျိုးက ဘာဖြစ်လို့ အခုလို ခွေးဘဝရောက်သွားရတာလဲ"

"ကျွန်တော် မဖြေနိုင်ပါဘူးခင်ဗျာ"

"မင်းက နည်းနည်းမှမရိပ်မိဘူးလား"

"ဟုတ်ကဲ့၊ နည်းနည်းတော့ရိပ်မိပါတယ်"

"ဒါဖြင့် ပြောစမ်းပါဦး"

"သူ့ကို လူတစ်ယောက်ယောက်က ထူးဆန်းတဲ့နည်းတစ်ခုနဲ့ မလှုပ်နိုင်အောင်လုပ်ထားတာဖြစ်ရမယ်လို့ ကျွန်တော်ယူဆပါတယ်"

"ဟုတ်တယ်... မင်းမဆိုးဘူး၊ ဆက်ပြောစမ်းပါဦး"

"ရှီလေရဲ့လိုပုဂ္ဂိုလ်ကြီးဟာ ခြင်္သေ့တစ်ကောင်လို မာန်မာနရှိပါတယ်၊ ဒါပေမယ့် အခုတော့ ခွေးတစ်ကောင်လောက်မှ အစွမ်းမရှိတော့ပါဘူး။ အစွမ်းမရှိတဲ့သူ့ရဲ့ အသက်ဟာလည်း အချိန်မရွေးသေဆုံး



သွားနိုင်ပါတယ်ခင်ဗျာ"

သုတုံးလှိုင်သည် လက်ခုပ်ကို အသာအယာတီးလိုက်ပြီး...

"အောင်မယ်... မင်းက တော်တော့်ကိုဟုတ်လာပြီပဲ၊ ကဲ... ဆက်ပြောပါ"

သုချိန်းက စကားဆက်လိုက်သည်။

"ဟုတ်ကဲ့ ခွေးပဲဖြစ်ဖြစ်၊ ခြင်္သေ့ပဲဖြစ်ဖြစ်၊ အခုအခြေအနေကတော့ သေသွားနိုင်ပါတယ်၊ ဒါပေမယ့်... အခုထိတော့ သူမသေသေးပါဘူး၊ မသေသေးရင်တော့ သူ့အဖို့ မျှော်လင့်ချက်ကလေးတော့ ရှိဦးမယ်လို့ ကျွန်တော်ယူဆပါတယ်"

သုတုံးလှိုင်က ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာမှန်ပါတယ်၊ ဒါပေမယ့် သူ့မှာတော့ ဘာမျှော်လင့်ချက်မှမရှိတော့ဘူးလို့ ကျုပ်ယူဆတယ်"

"ဘာဖြစ်လို့လဲခင်ဗျာ"

"ဘယ်သူမဆို သူတော်ကောင်းအဆိပ်ကိုမိသွားရင်... တစ်သက်လုံး ဘာမျှော်လင့်ချက်မှရှိနိုင်တော့မှာ မဟုတ်ဘူးကွ"

"ဗျာ... သူတော်ကောင်းအဆိပ်ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတော်ကောင်းအဆိပ်ဆိုတာ အနံ့လည်းမရှိဘူး၊ အရောင်အသွေးလည်းမရှိဘူး၊ ဒါကြောင့် ဒီအဆိပ်ကို သူတော်ကောင်းအဆိပ်လို့ နာမည်ပေးထားတာပေါ့"

"ဒီအဆိပ်မိသွားရင် ဘယ်လိုအာနိသင်ဖြစ်မှာလဲခင်ဗျာ"

"ဒီအဆိပ်မိသွားတဲ့လူဟာ... ဦးနှောက်တစ်ခုလုံးထုံထိုင်းပြီး ဘာကိုမှတွေးခေါ်စဉ်းစားဆင်ခြင်မှု မရှိတော့ပါဘူး"

"ဒီပုဂ္ဂိုလ်ကြီးက ဘာဖြစ်လို့ သူတော်ကောင်းအဆိပ်မိသွားရတာလဲ"

သုတုံးလှိုင်သည် ပြုံးပြလိုက်သည်။

"သူ့ကို ငါကသိပ်ကြောက်တဲ့ပုံလုပ်ပြတော့ သူ အဟုတ်ယူသွားတယ်၊ ဒါကြောင့် ငါဆင်ထားတဲ့အကွက်ထဲ သူဝင်မိတယ်လေ"

သူသည် အရက်ကိုနောက်ထပ်မော့ချလိုက်ပြီးမှ....

"ငါက သူလာလိမ့်မယ်လို့ ကြိုတင်တွက်ပြီးသားပါ၊ ဒါကြောင့် အဘိုးအိုရဲ့အကျီပေါ်မှာ သူတော်ကောင်းအဆိပ်ကို ဖျန်းထားတယ်လေ၊ ဒီပုဂ္ဂိုလ်ကြီးက အဘိုးအိုသေမသေဆိုတာ သွားပြီး စမ်းသပ်လိုက်တော့ အဲဒီအဆိပ်မိသွားတာပေါ့ကွာ"

❄❄❄



စုမာချောင်းချင်သည် ချန်အန်းမြို့သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ပါသည်။

ဤနေရာသည်... သူနှစ်ပေါင်းကြာရှည်စွာ နေထိုင်ခဲ့သောနေရာတစ်ခုဖြစ်သည်။

မြို့ထဲမှာရှိနေသောလမ်းများကိုလည်း သူ့အဖို့ ရင်းနှီးနေပြီဖြစ်သည်။

သို့သော်... သူ၏စိတ်ထဲ၌ ပြောင်းလဲသွားသည်ဟုထင်လိုက်ရသည်။

အမှန်မှာ ချန်းအန်းမြို့တော်သည် ပြောင်းလဲမှုမရှိပါ။

ပြောင်းလဲသွားသူမှာ စုမာချောင်းချင်ပင်ဖြစ်ပါသည်။

သူသည် လမ်းတစ်ခုထဲသို့ဝင်ရောက်လာသောအခါ လူတစ်ယောက်အားတွေ့လိုက်ရသည်။

ထိုလူသည် ရောင်ကောင်းနှင့်ခပ်ဆင်ဆင်ဖြစ်နေ၏။

ထိုလူ့နောက်မှလိုက်သွားသောအခါ ထိုလူသည် လမ်းကြားတစ်ခုထဲသို့ချိုးဝင်သွားပြီး ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့်... သူသည် အိမ်သို့ ရှေးဦးစွာပြန်ရလေသည်။

သူ၏ဇနီးငုဝမ်းသည် သူ့အားကြိုဆိုနေမည်လော...

❄❄❄

ရောင်ကောင်းသည် အတန်ကြာရပ်နေ၏။

သူသည့် ရှိလေရဲက အဘယ်ကြောင့် သူ့အား မသတ်သည်ကို စဉ်းစားမရအောင်ဖြစ်နေလေသည်။

သူသည် အကြောင်းအမျိုးမျိုးစဉ်းစားသော်လည်း မည်သည့်အကြောင်းမှ ရှာ၍မရပါ။

သို့သော် ယခုထိ သူအသက်ရှင်နေသေးသည်ကိုပင် ဝမ်းသာရမည်ဖြစ်ပါသည်။

❄❄❄

စုမာချောင်းချင်တွေ့မြင်ခဲ့ရသောလူသည် ရောင်ကောင်းပင်ဖြစ်ပါသည်။ ရောင်ကောင်းကလည်း စုမာချောင်းချင်အား တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် သူရောင်တိမ်းလိုက်ရခြင်းဖြစ်ပါသည်။

ယခုအချိန်တွင် သူသည် ကျူမင်းမှလွဲ၍ မည်သူ့ကိုမှမတွေ့ချင်သေးပါ။

ကျူမင်းသည် ဤချန်အန်းမြို့တွင်းမှာပင်ရှိနေမည်ဟု သူယုံကြည်သည်။ ထို့ကြောင့် သူသည် ချန်အန်းမြို့တစ်ခုလုံးကို မြေလှန်၍ ရှာဖွေနေခြင်းဖြစ်ပါသည်။

❄❄❄

## သူ့ရဲကောင်းမျက်ရည်မြေမခပါ

၂–လ၊ ၂၅–ရက်နေ့။

ချန်အန်းမြို့။

မီးအိမ်ရှိသည်။

ခရမ်းရောင်မီးစလောင်းဖုံးဖြင့် ဖုံးထားသောမီးအိမ်....

မီးအိမ်သည် ကြေးဝါရောင်ဖြစ်သည်။

ဝါကျင့်ကျင့်အလင်းရောင်သည် ခရမ်းရောင်စလောင်းဖုံးမှ ထိုးထွက်လာကာ စားပွဲပေါ်သို့ထိုးကျနေ၏။

စားပွဲပေါ်တွင် သေတ္တာတစ်လုံးရှိသည်။ ဟောင်းနွမ်းသော သေတ္တာတစ်လုံးဖြစ်သည်။

စားပွဲ၏အနီးတွင် လူတစ်ယောက်ရှိသည်။

ထိုလူသည် ရှိလေရဲ့မဟုတ်တော့ပါ။

သုတုံးလှိုင်ပင်ဖြစ်ပါသည်။

သုတုံးလှိုင်သည် ထိုစားပွဲအနီးၶ်ထိုင်ကာ သေတ္တာအား စိတ်ဝင်စားစွာကြည့်နေသည်။

❄❄❄

မိုးမလင်းသေးပါ။

ထို့ကြောင့်… မီးအိမ်မှမီးများကို ငြိမ်းသတ်ခြင်းမရှိသေးပါ။

မီးရောင်များသည် သုတုံးလှိုင်၏မျက်နှာတစ်ခြမ်းပေါ်သို့ ထိုးကျနေ၏။

ယနေ့….

သုတုံးလှိုင်၏မျက်နှာသည် ကြည်လင်နေသည်။

ကျေနပ်နေသည်။ ပြုံးရွှင်နေသည်။

လူတစ်ယောက်သည် အစစအရာရာကျေနပ်လောက်အောင် ပြည့်စုံနေလျှင် ရွှင်ရွှင်ပျပျဖြစ်နေမည်မှာဆိုဖွယ်ရာမရှိပါ။

ယနေ့အခြေအနေသည် ခါတိုင်းနှင့်မတူပါ။

သူကြံစည်ကြိုးစားလာသော လုပ်ငန်းကြီးတစ်ခုလုံးသည် သူ၏လက်ထဲသို့ ရောက်ရှိလာပြီမဟုတ်ပါလော….

သူသည် မရှိဆင်းရဲသားတစ်ယောက်ဖြစ်၏။



သိုင်းပညာ ကြိုးစားသင်ကြားခဲ့ပြီးနောက် ချန်အန်းမြို့သို့ ရောက်ရှိလာသည်။

မမျှော်လင့်ဘဲ စုမာချောင်းချင်နှင့်တွေ့ဆုံခဲ့သည်။

ထိုအချိန်က စုမာချောင်းချင်သည် အာမခံဌာနတစ်ခုကို ဖွင့်ထောင်ခါစဖြစ်သည်။

သို့သော်… စုမာချောင်းချင်သည် လူချစ်လူခင်များသည်။

သူ၏လက်အောက်တွင် လူ(၅၀)ခန့်ရှိ၏။

သူ၏အာမခံဌာနမှာလည်း… အလားအလာရှိသော ဌာနတစ်ခုဖြစ်လေသည်။

သုတုံးလှိုင်သည် အခွင့်အရေးအား အလွန်အသုံးချတတ်သောလူတစ်ယောက်ပီပီ…

သူသည် စုမာချောင်းချင်တို့အဖွဲ့ထဲသို့ ဝင်ရောက်လာသည်။

ထို့နောက်… စုမာချောင်းချင်၏လုပ်ငန်းမှန်သမျှကို ကိုယ်ဖိရင်ဖိလုပ်ခဲ့သည်။

အာမခံဌာနသည် တစ်နေ့တစ်ခြား တိုးတက်ကြီးပွားလာသည်နှင့်အမျှ သုတုံးလှိုင်၏အလုပ်မှာလည်း…

တစ်နေ့တစ်ခြားတိုးတက်လာကာ စုမာချောင်းချင်ကလွဲ၍ သူကဒုတိယနေရာယူထား၏။

ထို့နောက်…

မန်ချူးအာဏာပိုင်များသည် မျိုးချစ်သိုင်းသမားများအား

သုတ်သင်ချေမှုန်းရန် သိုင်းသမားအချို့ကိုစည်းရုံးနေ၏။

သုတုံးလှိုင်သည် မန်ချူးအာဏာပိုင်များနှင့် ဆက်မိသွား၏။

ထို့ကြောင့်... သူ၏သြဇာအာဏာသည် စုမာချောင်းချင်ထက် ပင် ထက်မြက်လာသည်။

နောက်ဆုံး စုမာချောင်းချင်သည် သုတုံးလှိုင်၏စက်ရုပ်တစ်ရုပ်အဖြစ်သို့ ကျရောက်သွားရလေသည်။

ယခု... စုမာချောင်းချင်သည် ချန်အန်းမြို့မှထွက်ခွာသွားပြီဖြစ်သည်။

သူ၏ဇနီးနှင့်သားသမီးတို့မှာလည်း အဝေးသို့ပြောင်းရွှေ့သွားကြပြီဖြစ်သည်။

မဟာအာမခံဌာနတစ်ခုလုံးသည် သုတုံးလှိုင်လက်ထဲသို့ကျရောက်လာလေသည်။

သူ့ကို အံတုယှဉ်ပြိုင်နိုင်သူများက ကျူမင်းနှင့်ရှောင်ကောင်းတို့ဖြစ်ကြသည်။

ယခု... ကျူမင်းနှင့်သူ၏ခြသေ့ဂိုဏ်းတစ်ခုလုံးသည် ပြိုကွဲပျက်စီးသွားပြီဖြစ်သည်။

စုမာချောင်းချင်လည်း စွန့်ခွာသွားပြီဖြစ်သည်။

သိုင်းလောကတစ်ခုလုံးသည် သူကသာ ဗိုလ်ဖြစ်နေပြီမဟုတ်ပါလော...

ထို့ကြောင့်... သူသည် ကျေနပ်မည်ဆိုက ကျေနပ်လောက်



ပေသည်။ သူ၏ဘဝခရီးသည် အထွတ်အထိပ်သို့ရောက်ရှိနေပြီ မဟုတ်ပါလော...

လူတစ်ယောက်သည် အစစအရာရာကျေနပ်မှုရှိနေလျှင် သူ၏စိတ်နေစိတ်ထားမှာလည်း ပို၍ကြည်နူးလာမည်ဖြစ်သည်။

အရာရာအား ခွင့်လွှတ်နိုင်ပြီမဟုတ်ပါလော...

ထို့ကြောင့်...

သူသည် ရှိလေရှဲအားမသတ်ဘဲ အသက်ချမ်းသာရာ ပေးလိုက်ခြင်းဖြစ်ပါသည်။

❄❄❄

ရှိလေရှဲသည် သူ၏သိုင်းပညာရပ်အားလုံး အဖျက်ဆီးခံလိုက်ရပြီဖြစ်သဖြင့် အန္တရာယ်မပြုနိုင်တော့ပါ။

သို့သော်...

သူ၏အသိဉာဏ်များကို အသုံးချနိုင်လိမ့်မည်ဟု သုတုံးလှိုင်ကယုံကြည်သည်။

ယခု...

လောကပေါ်မှာ ကြောက်မက်ဖွယ်ရာအကောင်းဆုံး လက်နက်ကိုပိုင်ဆိုင်ထားပြီမဟုတ်ပါလော...

မည်သူက သူ့အားယှဉ်ပြိုင်အံတုဝံ့မည်နည်း။

ထို့ပြင်...

သူ၏အောင်မြင်မှုကြောင့် မန်ချူးအာဏာပိုင်များက သူ့အား ဆုတော်လာဘ်တော်များအပြင် ရာထူးပင်ချီးမြှင့်လိမ့်မည်ဟုလည်း သူ ယုံကြည်လေသည်။

❄❄❄

မီးရောင်မရှိပါ။

သို့သော်... လေကတိုက်ခတ်နေ၏။

ဝိုးတိုးဝါးတားဖြစ်နေသော နှင်းမြူကြားမှကြည့်လိုက်လျှင် အိမ်ကြီးသည် လှုပ်ရှားယိမ်းယိုင်နေသည်ဟု ထင်ရသည်။

စုမာချောင်းချင်သည် အိမ်ကြီးရှိရာသို့ လှမ်းလျှောက်သွားသည်။ သူသည် သုတုံးလှိုင်အား မတွေ့လိုပါ။

သူ၏ဇနီးနှင့်သားသမီးတို့ကိုသာ တွေ့မြင်လိုသော စိတ်ဆန္ဒများပြင်းပြနေ၏။

အိမ်တံခါးအားတွန်းဖွင့်လိုက်သည်နှင့်... သူသည် ရင်ထိတ်သွားလေသည်။

အိမ်ထဲ၌ လူသူတစ်စုံတစ်ယောက်မှမတွေ့ရပါ။

"ဂူဝမ်း... ဂူဝမ်း"

သူကလှမ်းအော်ခေါ်လိုက်သည်။



သို့သော်... မည်သူကမှ ပြန်ထူးခြင်းမရှိပါ။

စားပွဲပေါ်မှမီးအိမ်အား မီးထွန်းညှိလိုက်တော့မှ စားပွဲပေါ်တွင် စာတစ်စောင်ကိုတွေ့မြင်လိုက်ရလေသည်။

စုမာချောင်းချင်သည် ထိုစာရွက်အားဖြန့်ကြည့်လိုက်ရာ... ဂူဝမ်း၏လက်ရေးဖြစ်နေသည်ကို မှတ်မိလိုက်လေသည်။

*အစ်ကို...*

*"ကျွန်မ ကလေးတွေခေါ်ပြီး ရွာပြန်သွားပါပြီ၊ ကိုယ့်အမျိုးကို သစ္စာဖောက်ပြီးမှ စည်းစိမ်နဲ့နေရမည့်အလုပ်ကို ကျွန်မရွံမုန်း တယ်၊ စက်ဆုပ်တယ်၊ အစ်ကိုဟာ... ယောက်ျားကောင်းတစ်ယောက်ပါ သြဇာအာဏာကိုမက်မောပြီး ကိုယ့်အမျိုးကို သစ္စာမဖောက်ပါနဲ့လို့ ကျွန်မပြောပါရစေ ကိုယ့်အမျိုးကို ချစ်သူမို့ ကျွန်မ အခု ရွာပြန်သွားပါပြီ...*

*အစ်ကို သာတိတရားရလာတဲ့အခါ ကျွန်မဆီကိုပြန်လာမယ်ဆိုရင်... ကျွန်မနဲ့ကလေးတွေပါ ကြိုဆိုနေပါမည်"*

❄❄❄

မည်မျှအချိန်ကြာသွားမှန်းမသိ....

အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရမှ စုမာချောင်းချင်သည် ခေါင်းမော့ကြည့်လိုက်လေသည်။

သုတုံးလှိုင်ဖြစ်သည်။

"ခင်ဗျားပြန်လာပြီကိုး"

သုတုံးလှိုင်က စတင်နှုတ်ဆက်လိုက်သည်။

စုမာချောင်းချင်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး...

"သူတို့ဘယ်သွားကြတာလဲ၊ ကျုပ်မရှိတဲ့အခါမှာ ခင်ဗျားက သူတို့ကို ကြည့်ရှုမထားဘူးလား"

သုတုံးလှိုင်က အနည်းငယ်စိတ်မကောင်းဖြစ်သွားသည်။

ဟုတ်ပါ၏။

ယခုရက်များတွင် သူသည် ကျူမင်းကီစွ၊ ရှိလေရဲတို့ကိစ္စနှင့် အလုပ်အလွန်များပြီး လုံးပန်းနေရသဖြင့် ဂူဝမ်းတို့ အားလုံးကို သတိမထားမိခဲ့ပါ။

သူသည် အားတုံ့အားနာသောလေသံဖြင့်....

"ဒီရက်များထဲမှာ... ခင်ဗျားကိုလိုက်ရှာရတာကတစ်ဘက်... ကျူမင်းကီစွလုံးပမ်းနေရတဲ့အတွက် သူတို့ကို သတိမထားမိတာတော့ အမှန်ပါပဲခင်ဗျာ"

စုမာချောင်းချင်သည် စာကိုလှမ်းပေးလိုက်သည်။

"ဟောဒီမှာ.. ဂူဝမ်းရေးပေးထားတဲ့စာ"



သုတုံးလှိုင်သည် ထိုစာကိုဖတ်လိုက်ပြီးနောက်...

"ဒါဆိုလွယ်ပါတယ်၊ ကျုပ်အခု လူလွှတ်ပြီးသွားခေါ်လိုက်ပါ့မယ်"

"မလိုဘူးဗျ"

စုမာချောင်းချင်၏အသံသည် ဟိန်းထွက်လာလေသည်။

သူသည် သုတုံးလှိုင်အား စေ့စေ့ကြည့်လိုက်ပြီး....

"ကျုပ်ခင်ဗျားကို စကားတစ်ခွန်းပြောရဦးမယ်"

"ပြောပါဗျာ၊ ဘာများလဲ"

"ကျုပ်က စိတ်ဆုံးဖြတ်လိုက်ပြီဗျ"

"ဘာကိုဆုံးဖြတ်လိုက်တာလဲခင်ဗျာ"

"အခုအချိန်ကစပြီး ကျုပ်အာမခံဌာနကလူ မဟုတ်တော့ဘူး၊ ခင်ဗျားနဲ့ကျုပ်လည်း ဘာမှမပတ်သက်တော့ဘူး၊ ခင်ဗျားရဲ့မျက်နှာလည်း ကျုပ်ဘယ်တော့မှ မတွေ့ချင်တော့ဘူး"

သုတုံးလှိုင်၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျ၊ ခင်ဗျားဟာ မဟာအာမခံဌာနရဲ့ဌာနမှူးချုပ်ဆိုတာ မေ့နေပြီလား"

"ကျုပ်မမေ့ဘူးဗျ"

"ဒါဖြင့်... ခင်ဗျားက ဘာဖြစ်လို့မဟာအာမခံဌာနကိုစွန့်လွှတ်ချင်ရတာလဲ"

စုမာချောင်းချင်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ဒီလိုဆို ခင်ဗျားဒီကထွက်သွားပါ"

စုမာချောင်းချင်၏စကားကြောင့် သုတုံးလှိုင်သည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

စုမာချောင်းချင်က စကားဆက်လိုက်သည်။

"ဒီမှာ... ကျုပ်ကိုမဟာအာမခံဌာနက ဌာနမှူးချုပ်လို့ အသိအမှတ်ပြုရင် ကနေ့မနက်နေထွက်ကာနဲ့ ခင်ဗျားချန်အန်းမြို့ကနေ ဝေးနိုင်သလောက် ဝေးဝေးထွက်သွားပါ၊ ခင်ဗျား ဘယ်သူ့ပဲခေါ်သွား ခေါ်သွား ဘာကိုပဲယူသွားယူသွား အားလုံးယူသွားနိုင်ပါတယ်"

သုတုံးလှိုင်၏မျက်လုံးအိမ်များသည် ကျုံ့ငယ်သွားပြန်လေသည်။ အတန်ကြာမှ သူသည် အားရပါးရရယ်မောလိုက်သည်။

"ကျုပ်မသွားဘူးဆိုရင်ကော... ခင်ဗျားက ကျုပ်ကိုသတ်ပစ်မှာလား"

"ဟုတ်တယ်၊ ခင်ဗျား ထွက်မသွားဘူးဆိုရင်... ကျုပ် ခင်ဗျားကိုသတ်ပစ်မှာပဲ"

❄❄❄



သုတုံးလှိုင်နှင့်စုမာချောင်းချင်တို့သည် မျက်နှာချင်းဆိုင်ရပ်နေကြလေသည်။

အေးစိမ့်သောလေများသည် ပြတင်းပေါက်၏အပြင်ဘက်မှ တိုက်ခတ်လာသည်။

"ကျုပ်က သွားမယ်ဆိုရင် သွားနိုင်ပါတယ်ဗျာ၊ ဘယ်နေရာကိုပဲသွားသွား နေရာကောင်းရနိုင်ပါတယ်၊ ဒါပေမယ့်... ကျုပ်မသွားနိုင်ပါဘူး"

"ကျုပ် ခင်ဗျားကိုပြောပြီးပြီကော... ခင်ဗျားမသွားဘူးဆိုရင် ကျုပ်ကခင်ဗျားကိုသတ်မိလိမ့်မယ်"

သုတုံးလှိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဖြင့်... စိန်လိုက်လေ"

"ခင်ဗျားက တကယ်ပြောနေတာလား"

"ဟုတ်တယ်"

စုမာချောင်းချင်၏လေသံသည် ပြတ်သားလှပေသည်။

သုတုံးလှိုင်သည်... သူ့အား အတန်ကြာ ထပ်ကြည့်လိုက်ပြီးနောက်....

"ကျုပ်ကို ခင်ဗျားကဘယ်နေရာမှာသတ်မှာလဲ"

"ဒီနေရာမှာပါပဲ"

သုတုံးလှိုင်သည် အိမ်ခန်းတစ်ခုလုံးအား တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက်....

သူ့ကိုယ်ပေါ်မှခရမ်းရောင်အင်္ကျီအား ချွတ်လိုက်လေသည်။

စုမာချောင်းချင်ကလည်း ခါးတွင်ချိတ်ထားသော ဓားမြှောင်အား ထုတ်လိုက်လေသည်။

သုတုံးလှိုင်မှာ မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုလဲ ခင်ဗျားက ဓားမြှောင်ပဲအသုံးပြုမှာလား"

"ဟုတ်တယ်"

သူသည် ယင်းသို့ပြောပြီး လက်ထဲမှဓားမြှောင်ဖြင့် သုတုံးလှိုင်အား တိုက်ခိုက်လိုက်လေသည်။

❄❄❄

ဓားရောင်များသည် ဖွေးခနဲလက်သွားလေသည်။

သူတိုက်ခိုက်လိုက်သောသိုင်းကွက်သည် သူ၏ကျော်ကြားသောမိုးကြိုးသိုင်းကွက် ကိုးကွက်အနက် 'မိုးကြိုးကြီး'ဟူသော သိုင်းကွက်ပင်ဖြစ်ပါသည်။

ဤသိုင်းကွက်သည်...

စုမာချောင်းချင်၏အကျော်ကြားဆုံးသော သိုင်းကွက်တစ်ကွက်ဖြစ်သည်။

ဤသိုင်းကွက်အား ယှဉ်ပြိုင်အံတုဝံ့သူ ရှားပါးလှ၏။

သူသည် သုတုံးလှိုင်၏သိုင်းပညာမှာ...



အလွန့်အဆင့်မြင့်မှန်းသိထားသည့်အတွက်ကြောင့်...

သူက အပြင်းထန်ဆုံးနှင့်အကျော်ကြားဆုံးသော သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

❄❄❄

ဓားရောင်သည် လျှပ်စစ်တစ်ခုပမာ....

သုတုံးလှိုင်အား တိုက်ခိုက်လိုက်သည်။

သုတုံးလှိုင်သည် ဆုတ်ဆိုင်းခြင်းမရှိပါ။

ကြောက်ရွံ့ခြင်းလည်းမရှိပါ။

သူသည် ဖိနပ်မှဓားမြှောင်တစ်လက်အား လျှပ်တစ်ပြက်ဆွဲထုတ်ပြီး စုမာချောင်းချင်၏တိုက်ကွက်ကို ထိုးဖောက်လိုက်သည်။

သူ၏ဓားသည် စိမ်းဖန့်ဖန့်အရောင်ဖြစ်သည်။

စိမ်းဖန့်ဖန့်အရောင်သည် တစ်ချက်ဝင်းလက်သွားပြီးနောက် သူ၏ဓားသည် စုမာချောင်းချင်၏သိုင်းကွက်ကိုထိုးဖောက်လိုက်ပြီးဖြစ်သွားလေသည်။

❄❄❄

စုမာချောင်းချင်၏ခေါးသည် အဝေးသို့လွင့်စဉ်သွားသည်။

သုတုံးလှိုင်၏ခေါးသည်...

စုမာချောင်းချင်၏ဘယ်ဘက်လည်ပင်းသို့...

ထောက်ထားလိုက်ပြီးဖြစ်၏။

စုမာချောင်းချင်သည် ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါ။

ပြန်လည်ခုခံနိုင်စွမ်းလည်း မရှိတော့ပါ။

သူသည် မျက်လုံးကိုမှိတ်ထားလိုက်၏။

သုတုံးလှိုင်၏ခေါးသည်...

သူ၏လည်ပင်းသို့ ထိုးဖောက်လာမည်ကိုသာ စောင့်စားနေရလေသည်။

သုတုံးလှိုင်သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျားမှားပြီ၊ ဒါကြောင့် ခင်ဗျားရှုံးသွားပြီမဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ရှုံးသွားတယ်"

"ခင်ဗျားက ကျုပ်တို့နှစ်ယောက်တိုက်ခိုက်ရင်... ဘယ်သူရှုံးမ လဲဆိုတာ တွေးမိတယ်မဟုတ်လား၊ သိလည်း သိချင်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်သိပ်သိချင်တယ်"

သုတုံးလှိုင်သည် သူ့အား စိုက်ကြည့်လိုက်သည်။

"အခုတော့ ခင်ဗျားသိပြီမဟုတ်လား"

စုမာချောင်းချင် ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

ရုတ်တရက်...

သုတုံးလှိုင်သည်... သူ့လက်ထဲမှခေါးဖြင့် စုမာချောင်းချင်၏လည်ပင်းသို့ ခုတ်ချလိုက်လေတော့သည်။

❄❄❄

ခေါးရောင်သည် တစ်ချက်ဝင်းလက်သွားသည်။

သို့သော်... သွေးထွက်မလာပါ။

သုတုံးလှိုင်သည် ခေါးသွားဖြင့်ခုတ်ချခြင်းမဟုတ်ပါ။

ခေါးပြားဖြင့် ရိုက်ချလိုက်ခြင်းသာဖြစ်ပါသည်။

ထို့နောက်... သူသည် အခန်းထဲမှထွက်သွားသည်။

သူသည် စုမာချောင်းချင်အား လုံးဝလှည့်မကြည့်တော့ပါ။

စုမာချောင်းချင်သည် မနေနိုင်ဘဲလှမ်းမေးလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကိုမသတ်တာလဲ"

သုတုံးလှိုင်က လှည့်ပင်မကြည့်ပါ။

"မင်းအခု လူသေတစ်ယောက်ဖြစ်နေပြီပဲ... ကျုပ်က သတ်စရာလိုသေးသလား"

စုမာချောင်းချင်သည် လူးလိမ့်၍ထလိုက်သောအခါ...

ညှိုလမ်းကြားထဲမှ...

အခြားလူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် သူ့အား လူထူးဆန်းသဖွယ်ကြည့်နေ၏။

သူ၏ခေါင်းတစ်ခုလုံးသည် အက်ကွဲမတတ်ကိုက်ခဲနေ၏။

မနေ့တုန်းက… သူသည် မည်သို့ထွက်လာသည်ကိုပင် သတိမရတော့ပါ။

သူ နောက်ဆုံးမှတ်မိလိုက်သည်မှာ သူသည် လမ်းဘေးဆိုင်တစ်ဆိုင်တွင် အရက်ကိုအလွန်အကျွံသောက်မိသည်ကိုသာ သတိရမိလေတော့သည်။

သူသည် အဝတ်အစားပေါ်မှ ပေကျံနေသောနှင်းများကို ခါချလိုက်လေသည်။

သို့သော်… ထိုလူသည် သူ့ထံသို့လျှောက်လာပြီးလျှင် သူ့ကိုစေ့စေ့ကြည့်လိုက်ပြီး….

"ခေါင်းဆောင်ကြီး ခင်ဗျားတော်တော်မူးနေပြီဗျ"

စုမာချောင်းချင်သည် သူ့အားစေ့စေ့ကြည့်နေ၏။

ထိုလူသည် သူ့အားပြုံးကြည့်လိုက်ပြီး….

"ခေါင်းဆောင်ကြီး ကျွန်တော်အာ့းကျင်းလေ၊ မမှတ်မိတော့ဘူးလားဗျာ"

အားကျင်း….

ဤနာမည်ကို စုမာချောင်းချင်က သိဖူးသလိုရှိခဲ့သည်။

အတန်ကြာမှ….



သူသည် အားကျင်းအား သတိရလာလေ၏။

သူသည် အားကျင်း၏ပခုံးကိုတစ်ချက်ရိုက်လိုက်ပြီး….

"ဟုတ်ပြီ၊ မင်းကအားကျင်းကိုး၊ ပြောစမ်း… အတော်ကြာပြီ မင်းကိုမတွေ့တာ မင်းဘယ်ရောက်နေသလဲကွ"

အားကျင်းက ခေါင်းငုံ့ထားလိုက်သည်။

"ကျွန်တော်က ခေါင်းဆောင်ကြီးကို လေးစားပါတယ်… ချစ်လည်း ချစ်ပါတယ်၊ ဒါပေမယ့် ခေါင်းဆောင်ကြီးက သုတုံးလှိုင်ရဲ့စကားကိုနားထောင်ပြီး… မဟာအာမခံဌာနတစ်ခုလုံးကို မန်ချူးအာဏာပိုင်ဘက်ကိုသစ္စာခံလိုက်တဲ့အတွက် ကျွန်တော်က မကျေနပ်လို့ထွက်လာခဲ့တာပါဗျာ"

စုမာချောင်းချင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး….

"အားကျင်း… မင်းက ငါ့ထက်အများကြီး စဉ်းစားဉာဏ်သာနေပါလားကွ၊ ငါအခုမှ နောင်တရနေတယ်ကွဲ့"

အားကျင်းသည်…. စုမာချောင်းချင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ဟား…. ဟား…. ဟား"

စုမာချောင်းချင်က ရယ်မောလိုက်သည်။

"ကျုပ်ကို သုတုံးလှိုင်က မောင်းထုတ်လိုက်တယ်လေ၊ ရယ်စရာမကောင်းဘူးလားကွ"

အားကျင်းသည် မျက်လုံးပြူးကျယ်သွား၏။

"ဟောဗျာ... သုတုံးလှိုင်က မဟာအာမခံဌာနတစ်ခုလုံးကို အပိုင်စီးလိုက်ပြီဟုတ်လား"

စုမာချောင်းချင်က ခေါင်းခါယမ်းလိုက်သည်။

"အို... ဒီအာမခံဌာနကို သူသိမ်းပိုက်ထားတာ အခုမှမဟုတ်ပါဘူး၊ အခုတော့ သူက အရာရာပြည့်စုံသွားပြီလေ၊ ကျုပ်ကို ရှပ်ပြလုပ်စရာမလိုတော့ဘူး မဟုတ်လား"

အားကျင်းသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ....

"ကျွန်တော် တစ်ခုဝန်ခံရဦးမယ်ခေါင်းဆောင်ကြီး"

"ဘာများလဲကွ"

"ကျွန်တော်ထွက်လာပြီးနောက် ဘယ်ကိုရောက်သွားသလဲလို့ ခေါင်းဆောင်ကြီးကထင်နေသလဲ"

"ဒါတော့ ကျုပ်က ဘယ်သိမလဲ"

"အမှန်အတိုင်းပြောရရင် ကျွန်တော်က ကျူမင်းလက်အောက်ရောက်နေတယ်ခင်ဗျ"

ဤတစ်ကြိမ်... မျက်လုံးပြူးကျယ်သွားသောသူမှာ စုမာချောင်းချင်ဖြစ်ပါသည်။

အတန်ကြာမှ....

"မင်းက ကျူမင်းဆီမှာဟုတ်လား၊ ဒါဖြင့် အခုသူဘယ်မှာလဲ"

"ခေါင်းဆောင်ကြီးကတွေ့ချင်လို့လား"

စုမာချောင်းချင်က သူ့ကို အတန်ကြာကြည့်လိုက်ပြီး....



"မင်းက ငါ့ကိုလိုက်ပို့မလို့လား"

"ဟုတ်ပါတယ်"

စုမာချောင်းချင်သည် သူ့အား ထပ်မံ၍ အတန်ကြာ ကြည့်လိုက်သည်။

"ဒါဖြင့်... ဒီတစ်ခါ ကျူမင်းရဲ့အသေခံတပ်သား ရှစ်ဆယ့်ရှစ်ယောက်ထဲမှာ မင်းလည်း ပါတာပေါ့ဟုတ်လား"

အားကျင်းသည် ဒူးထောက်၍ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်... ခေါင်းဆောင်ကြီးက အပြစ်ပေးချင်သလိုပေးနိုင်ပါတယ်"

စုမာချောင်းချင်က သူ၏လက်ကိုဆုပ်ကိုင်လိုက်ပြီး... ဆွဲထူလိုက်သည်။

"မင်းရဲ့လုပ်ရပ်ကမှန်တယ်ကွ၊ ကျုပ်က ဘာဖြစ်လို့ အပြစ်တင်ရမှာလဲ"

အားကျင်းသည် စုမာချောင်းချင်အား မော့ကြည့်လိုက်၏။

သူ၏မျက်ဝန်းအစုံသည် မျက်ရည်ပူများဖြင့် ပြည့်နှက်သွားလေသည်။

❄❄❄

ကျူမင်း၏မျက်ဝန်းအစုံသည်... မျက်ရည်များဖြင့် ပြည့်နှက်နေ၏။

လိပ်ပြာ၏ခြေထောက်နှစ်ဖက်မှဒဏ်ရာများသည် သွေးများကျနေဆဲဖြစ်ပါသည်။

"ကျွန်မခြေထောက်ကို စောင့်နဲ့ဖုံးထားစမ်းပါရှင်၊ ကျွန်မခြေထောက်ကို ဘယ်သူ့ကိုမှအတွေ့မခံချင်ဘူး"

ဤစကားလုံးသည် လိပ်ပြာက စတုတ္ထအကြိမ်သတိမေ့နေရာက ပြန်လည်သတိရလာသောအခါ... ပြောလိုက်သောစကားလုံးများဖြစ်ပါသည်။

ထို့ကြောင့်လည်း.... ကျူမင်း၏ရင်ထဲ၌ ခံပြင်းနေခြင်း ဖြစ်ပါသည်။

❄❄❄

အိပ်ခန်းငယ်သည် အေးစိမ့်၍စိုထိုင်းနေ၏။

ကျူမင်းတွင် အသေခံတပ်သား ဆယ့်သုံးယောက်မျှသာ အသက်ရှင်လျက်ရှိနေသည်။

ယခု သူတို့သည် လိပ်ပြာနှင့်သူ့ကိုစောင့်ရှောက်နေရသည်။

သူတို့ရင်ထဲတွင်... ဝမ်းနည်းခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းတို့ဖြင့်ခံစားနေရလေသည်။



ကျူမင်းသည်.... သူ၏တပ်သားများအား ဝမ်းနည်းသောမျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီး....

"အင်း... အားကျင်းကို အစားအသောက်နဲ့ ဆေးဝါးဝယ်ဖို့နောက်ပြီး သတင်းစုံစမ်းဖို့ လွှတ်လိုက်တာ အခုထိပြန်မလာသေးဘူး သူ့မှာ အန္တရာယ်များကြုံတွေ့နေလေသလား"

❄❄❄

အားကျင်းသည် အန္တရာယ်နှင့်ကြုံတွေ့ခြင်းမရှိပါ။

သူ၏လက်ထဲတွင် စားသောက်ဖွယ်ရာများ တစ်ထွေ့တစ်ပိုက်နှင့် ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

သူ့နောက်တွင် ညှိုသည်တစ်ယောက်ပါလာသေး၏။

ထိုလူသည် အလွန်အရပ်မြင့်သောလူဖြစ်သည်။

ဆံပင်များရှုပ်ပွပြီး အဝတ်အစားများစုတ်ပြတ်နေသည်။

သို့သော်... သူ၏လက်ထဲမှာမူ လက်နက်များမပါပါ။

အားလုံးသောလူများသည် အားကျင်းကိုအပြစ်တင်သောမျက်လုံးများဖြင့်ကြည့်နေကြသည်။

ယခုကဲ့သို့အချိန်မျိုးမှာ... အားကျင်းသည် အဘယ်ကြောင့်သူစိမ်းတစ်ယောက်ကိုခေါ်လာရပါသနည်း။

ကျူမင်းသည် ထိုလူအား အတန်ကြာစိုက်ကြည့်လိုက်ပြီးမှ...

"အားလုံး မီးထွန်းကြစမ်း၊ ဧည့်သည်ကို မတ်တတ်ရပ်အလေးပြုကြပါ"

ဟု အမိန့်ပေးလိုက်လေသည်။

တပ်သားများသည် ကျူမင်း၏အမိန့်ကိုနားမလည်ကြပါ။

သို့သော်… သူတို့သည် အမိန့်ကိုရိုသေကြသူများဖြစ်သည့်အလျောက် မတ်တတ်ရပ်လိုက်ပြီး ထိုဧည့်သည်ကို ဦးညွှတ်ကာအလေးပြုကြလေသည်။

စုမာချောင်းချင်သည် ပြန်လည်အရိုအသေပြုရင်း ကျူမင်းအား အကဲခတ်ကြည့်လိုက်လေသည်။

❄❄❄

ကျူမင်းသည် ထိုင်ရာမှထလိုက်သည်။

ထို့နောက် စုမာချောင်းချင်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်လေသည်။

အတန်ကြာမှ ကျူမင်းက….

"ခင်ဗျားက စုမာချောင်းချင်ဟုတ်လား"

သူ၏မေးခွန်းကြောင့် တပ်သားအားလုံးသည် တုန်လှုပ်ချောက်ချားသွားလေသည်။ သူတို့၏လက်များသည် ဓားကိုဆွဲထုတ်နိုင်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။



စုမာချောင်းချင်သည် ကျူမင်းအားစေ့စေ့ကြည့်လိုက်ပြီး….

"ကျုပ်က စုမာချောင်းချင်နဲ့တူနေလို့လား"

"အေး… တူတော့မတူဘူးဗျ။ စုမာချောင်းချင်ဟာ ဒါလောက်စုတ်ပြတ်နေမှာမဟုတ်ဘူး၊ ဒါပေမယ့်… ခင်ဗျားဟာ စုမာချောင်းချင်အစစ်ဆိုတာ ကျုပ်ယုံကြည်တယ်"

"ဘာဖြစ်လို့လဲ"

"စုမာချောင်းချင်ကလွဲလို့ ဘယ်သူကမှ ခင်ဗျားလို ဥပဓိရုပ်ရှိမှာမဟုတ်ဘူးလို့ ကျုပ်ယုံတယ်"

စုမာချောင်းချင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားကို ကျူမင်းဆိုတာ မြင်လိုက်ကတည်းကသိကာပဲ"

ကျူမင်းသည် အားရပါးရရယ်မောလိုက်လေသည်။

❄❄❄

သူတို့နှစ်ယောက်သည် ခေတ္တမျှစကားပြတ်သွားကြလေသည်။ အတန်ကြာမှ… ကျူမင်းက စုမာချောင်းချင်အား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကိုလာပြီးဖမ်းမလို့ဟုတ်လား"

စုမာချောင်းချင်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး၊ ခင်ဗျားတို့နဲ့ လာပြီးပူးပေါင်းမလို့ပါ"

"ဗျာ"

ကျူမင်းသည် သူ၏နားကိုပင် မယုံကြည်နိုင်အောင်ဖြစ်သွားလေသည်။

"ခင်ဗျား ဘာပြောသလဲ"

စုမာချောင်းချင်သည် စကားကိုတစ်လုံးချင်း လေးလေးနက်နက်ပြောချလိုက်သည်။

"ခင်ဗျားသိဖို့က... ကျုပ်ဟာ သစ္စာဖောက်စုမာချောင်းချင် မဟုတ်တော့ဘူးဗျ၊ အခုအချိန်ကစပြီး ကျုပ်ဟာ ပြည်သူလူထုဘက်က ရပ်တည်နေမယ့် စုမာချောင်းချင်ဖြစ်နေပြီဗျ"

ကျူမင်းသည် အတန်ကြာငေး၍နားထောင်ပြီးမှ အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား.... ဟား.... ဟား"

စုမာချောင်းချင်ကလည်း ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား"

အားကျင်းနှင့်ကျန်ရှိသောတပ်သားများကလည်း ရယ်မောလိုက်ကြတော့သည်။ သူတို့၏ရယ်မောခြင်းသည် မျှော်လင့်ချက်အားကောင်းလာသော ရယ်မောခြင်းပင်ဖြစ်ပါသည်။

❄❄❄



ရှောင်ကောင်းသည် ကျူမင်းကိုလိုက်၍ရှာဖွေနေသည်။

ယခုသူသည် တစ်ယောက်တည်းမဟုတ်တော့ပါ။

သူ့ကျွန်မခံလိုသော မျိုးချစ်ပုဂ္ဂိုလ်များနှင့် ဆက်သွယ်မိလေသည်။

တိုတောင်းသော ရက်အနည်းငယ်အတွင်းမှာ သူတို့သည် ကြောက်မက်ဖွယ်ရာကောင်းအောင် အင်အားအတော်များများစုစည်းမိထားပြီဖြစ်ပါသည်။

ယခု သူသည် ကျူမင်းအားရှာရန်အချိန်မရှိတော့ပါ။

သုတုံးလှိုင်တို့အင်အားကို ဖြိုခွဲရန်အလုပ်များနေ၏။

သူ့အဖို့ လူအင်အားနှင့်လက်နက်အင်အားမှာ အတော်ပြည့်စုံလာပြီဖြစ်သဖြင့် သုတုံးလှိုင်၏မဟာဌာနအားဖြိုခွဲရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါသည်။

❄❄❄

ကန္နော့ညာ လေတဟူးဟူးတိုက်နေ၏။

ကောင်းကင်တစ်ခုလုံးသည် လမသာ ကြယ်မလင်းဘဲ မှောင်မည်းနေ၏။ ဤကဲ့သို့ မှောင်မည်းသောအချိန်တွင် တိုက်ခိုက်ရန်အတွက် အကောင်းဆုံးသောအခြေအနေကို ဖန်တီးထားလိုက်သည်နှင့် တူလှပေသည်။

ရှောင်ကောင်းတို့လူများစုသည် ပုရွက်ဆိတ်တမျှ များပြားပြီး မဟာအာမခံဌာနတည်နေရာသို့ တိတ်ဆိတ်စွာချီတက်နေကြ၏။

လူပေါင်းနှစ်ထောင်ခန့်ရှိသောအင်အားစုသည် လှုပ်ရှားလိုက်သောအခါ အသံပင်လုံးဝမကြားရပါ။

ဤကြီးမားသောမျိုးချစ်အင်အားတို့သည် တိတ်ဆိတ်စွာဖြင့် မဟာအာမခံဌာနချုပ်တည်နေရာသို့ ဦးတည်ချီတက်သွားကြလေ၏။

❄❄❄

တိုက်ဆိုင်မှုပင် ဆိုရမည်လော။

ကျူမင်းတို့လူစုမှာလည်း ချီတက်လာသည်။

မမျှော်လင့်ဘဲ အင်အားစုနှစ်ခုသည် လမ်းခွဆုံတွင် ဆုံတွေ့မိကြလေသည်။

"ကျူမင်း ဒီမှာသူငယ်ချင်း"

ရှောင်ကောင်းသည် ကျူမင်းအားတွေ့လိုက်သည်နှင့် အားရ



ဝမ်းသာစွာလှမ်းခေါ်လိုက်လေသည်။

ကျူမင်းသည် ရှောင်ကောင်းအား တစ်ချက်ကြည့်လိုက်ပြီး သူ့နောက်မှလူအုပ်ကြီးကိုကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေလေသည်။

ရှောင်ကောင်းသည် ကျူမင်းထံသို့ပြေးလာပြီး အားရပါးရပွေ့ဖက်လိုက်သည်။

"ခင်ဗျားကို ကျွန်တော်ရှာနေတာ တော်တော်ကြာသွားပါပြီဗျာ၊ ကျွန်တော့်ကြောင့် ရဲဘော်တွေအတော်ကျဆုံးသွားရလို့ ကျုပ်ဖြင့် စိတ်မကောင်းလိုက်တာဗျာ"

ကျူမင်းသည် သူ၏ပခုံးကို အားရပါးရကိုင်လိုက်သည်။

"ကျုပ်က မင်းကို ဘာဖြစ်လို့ အပြစ်တင်ရမှာလဲကွ၊ ဘယ်သူမဆို မင်းနေရာကနေရင် ဒီလိုပဲဖြစ်မှာပေါ့"

ရှောင်ကောင်းသည် ရုတ်တရက် စုမာချောင်းချင်အား တွေ့မြင်လိုက်ရသည်။

သူ၏မျက်လုံးများသည် ရုတ်တရက်ဝိုင်းစက်သွား၏။

ကျူမင်းသည် သူ၏ပခုံးကို အသာအယာပုတ်လိုက်သည်။

"မင်းကို ကျုပ်ပြောရဦးမယ်၊ စုမာချောင်းချင်ဟာ အခုဆို ကျုပ်တို့ရဲဘော်ဖြစ်နေပြီဗျ၊ မင်း ဝမ်းမသာဘူးလား"

ရှောင်ကောင်းသည် ကိုယ့်နားကိုယ်ပင် မယုံနိုင်လောက်အောင် အံ့သြစွာဖြင့် စုမာချောင်းချင်အား ငေး၍ကြည့်နေသည်။

စုမာချောင်းချင်က ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ၊ ခင်ဗျားကော လက်ခံပ့ါမလားဗျ"

ရောင်ကောင်းသည် စုမာချောင်းချင်အား ပြေး၍ဖက်လိုက်သည်။ သူသည် အားရပါးရရယ်မောလိုက်ပြီး....

"အို... ဘယ်လိုပြောလိုက်ပါလိမ့် ခင်ဗျားကို ကျွန်တော် အစထဲကလေးစားပါတယ်ဗျာ၊ အခုလို ကျွန်တော်တို့အင်အားစုထဲကို ပါဝင်လာတာ သိပ်ဝမ်းသာပါတယ်ဗျာ"

ကျူမင်းသည် ရောင်ကောင်းနှင့်စုမာချောင်းချင်တို့၏ပခုံးအား လက်နှစ်ဖက်နှင့်သိုင်းဖက်လိုက်ပြီး....

"အခု တို့ရဲ့သုံးဖော်တော့ပေါင်းမိပြီကွ၊ ကဲ.... တော်ကြာ သူတို့ ရိုပ်မိသွားဦးမယ်၊ အမြန်ဆုံးချီတက်ကြရအောင်"

လူအုပ်ကြီးများသည် မဟာအာမခံဌာနတည်နေရာ(ဝါ) မန်ချူး၏လက်ပါးစေဌာနချုပ်ရှိရာသို့ ဦးတည်သွားကြလေတော့သည်။

❄❄❄



မဟာအာမခံဌာနချုပ်၏ အဆောက်အဦးကို မြင်တွေ့ရပြီဖြစ်ပါသည်။

လူအုပ်များသည် လူစုလေးစုခွဲကာ ချီတက်သွားကြသည်။

သုတုံးလှိုင်တို့လူစုသည် အောင်ပွဲအကြိမ်ကြိမ်ရရှိထားသဖြင့် မာန်မာနဝင့်ကြွားပြီး ရန်သူကိုအထင်သေးနေ၏။

ထို့ကြောင့်... သူတို့၏လုပ်ရိုးလုပ်စဉ် ကင်းများ အစောင့်များ ချထားသည်မှလွဲ၍ မည်သို့မျှ အစီအစဉ်ပြုလုပ်ထားခြင်းမရှိပါ။

သူတို့အဖို့ ကြီးမားသောအန္တရာယ်က တဖြည်းဖြည်းချဉ်းကပ်လာသည်ကို မသိကြပါချေ။

❄❄❄

"ဝုန်း"

ရုတ်တရက် ပေါက်ကွဲသံတစ်သံသည် ဟိန်းထွက်လာသည်။

ဤသည်မှာ မျိုးချစ်အင်အားစုတို့က မီးတုတ်များပစ်လိုက်၍ အဆောက်အဦးများမီးစွဲလောင်ပြီး ပေါက်ကွဲရာမှထွက်ပေါ်လာသော အသံဖြစ်ပါသည်။

မဟာအာမခံဌာနမှလူများသည်... အိပ်ပျော်နေရာမှ ကမန်းကတန်းထပြီး ဆွဲမိဆွဲရာလက်နက်ဆွဲပြီး ထွက်လာကြလေသည်။

သို့သော်...

သူတို့သည် ကြောက်ခမန်းလိလိ များပြားလှသော လူအုပ်များကိုတွေ့မြင်လိုက်ရသောအခါ သူတို့သည် ထိတ်လန့်တုန်လှုပ်သွားကာ ထွက်ပြေးကြလေတော့သည်။

❄❄❄

မိုးရောင်သည် ထိန်ထိန်လင်းနေ၏။

သုတုံးလှိုင်သည် မအိပ်သေးပါ။

သူသည် စားပွဲအနီးတွင်ထိုင်နေသည်။

သူ၏ပုံဟန်မှာ အေးဆေးစွာရှိနေလေသည်။

အပြင်ဘက်မှ နားပွင့်မတတ်ထွက်ပေါ်လာသောအသံဗလံများအား မကြားလိုက်၍လော....

❄❄❄

သုချိန်းသည် အခန်းထဲသို့ဝင်လာသည်။

သူသည် စကားမပြောဘဲမတ်တတ်ရပ်နေ၏။

အတန်ကြာမှ... သုတုံးလှိုင်ကလှမ်းကြည့်လိုက်၏။

"မင်းက ရန်သူတွေရောက်လာပြီလို့... လာသတင်းပို့မလို့မဟုတ်လား"



"ဟုတ်ပါတယ်ခင်ဗျာ"

"ဒီလူတွေကို ဘယ်သူက ခေါင်းဆောင်လာတယ်ဆိုတာ သိသလား"

"ဟုတ်ကဲ့"

"ဒါဖြင့်... ဘယ်သူလဲ"

"ကျူမင်းနဲ့ရှောင်ကောင်းတို့ပါ"

သူသည် စကားကိုခေတ္တရပ်လိုက်ပြီးမှ....

"စုမာချောင်းချင်လည်း ပါလာပါတယ်"

သုတုံးလှိုင်၏မျက်လုံးအိမ်သည် ကျုံ့ဝယ်သွားပြန်သည်။

"သူတို့ရဲ့လူအင်အားက ဘယ်လောက်ရှိသလဲ"

"မသိပါဘူး"

"မသိဘူးဆိုတာ အတိအကျမသိလို့ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ခန့်မှန်းကြည့်ကော"

"လူအတော်များပါတယ်... ဘယ်လောက်များတယ်လို့တော့ ခန့်မှန်းလို့မရပါဘူး"

သုတုံးလှိုင်က အေးစက်စွာပြုံးလိုက်သည်။

"တို့လူတွေကော"

"သေတဲ့လူသေပြီး ဒဏ်ရာရတဲ့လူကရနေပါတယ်"

သူသည် စကားကိုခေတ္တရပ်လိုက်ပြီးမှ...

ဆက်လက်ပြောဆိုလိုက်ပြန်လေသည်။

"တချို့ကတော့ ထွက်ပြေးသွားကြပါတယ်"

သုတုံးလှိုင်သည် စကားတစ်ခွန်းမှမပြောတော့ပါ။

စားပွဲပေါ်မှသေတ္တာအားဆွဲယူလိုက်ပြီး အခန်းထဲမှလှမ်းထွက်လိုက်လေသည်။

သူသည် အခန်း၀သို့ရောက်ရှိသွားသောအခါ သူ၏ခြေလှမ်းသည် တုံ့ခနဲရပ်သွားလေသည်။

အခန်း၀၌ လူတစ်ယောက်ရပ်နေသည်။

ထိုလူသည် ရှိလေရှဲပင်ဖြစ်ပါသည်။

ရှိလေရှဲသည် သူ့အား စေ့စေ့ကြည့်နေသည်။

"မင်းကို ကျုပ်စကားပြောစရာရှိသေးလို့ လာတွေ့တာ"

"ပြောပါ"

"သူတော်ကောင်းအဆိပ်ဟာ အလွန်ပြင်းတဲ့အဆိပ်မျိုးတော့ မှန်ပါတယ်၊ ဒါပေမယ့်... လူတစ်ယောက်ကို ရက်ရှည်လများအထိ မစွမ်းဆောင်နိုင်ပါဘူး"

သုတုံးလှိုင်သည် မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက အဆိပ်ပြေသွားပြီလို့ဆိုလိုတာလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့်... ကျုပ်ပြောချင်တာက ဒါကိုမဟုတ်ဘူး"

"ဒါဖြင့် ဘာများလဲ"



"ကျုပ်က ဘာဖြစ်လို့ရှောင်ကောင်းကို မသတ်သလဲဆိုတာ မင်းသိသလား"

"ကျုပ်ဘယ်သိပါ့မလဲ"

"ဒါကြောင့်... ကျုပ်ကပြောပြမလို့ပါ"

ရှိလေရှဲသည် သုတုံးလှိုင်အား စိုက်ကြည့်လိုက်ပြီး...

"မင်းသိထားဖို့က ရှောင်ကောင်းဆိုတာ ဓားပါရဂူရှို့တဆူးရဲ့ တစ်ဦးတည်းသောသား ဖြစ်နေလို့ကွ"

သုတုံးလှိုင်သည် ပါးစပ်ကိုပိတ်ထားလိုက်လေသည်။

သုချိန်းသည် တစ်ချိန်လုံးရပ်၍နားထောင်နေပြီး သူနှင့်မဆိုင်သည့်အလား မည်သည့်စကားမှ၀င်မပြောဘဲ တိတ်ဆိတ်စွာရပ်နေလေသည်။

သုတုံးလှိုင်သည် သူဆွဲထားသောသေတ္တာအား တစ်ချက်ငုံ့ကြည့်လိုက်သည်။

"ခင်ဗျားက ဒီသေတ္တာကိုမလိုတော့ပါဘူး၊ ဒီသေတ္တာထဲက လက်နက်တွေဟာ မင်းထင်သလို ကြောက်စရာကောင်းတဲ့လက်နက် တစ်ခုမဟုတ်သေးပါဘူး"

"ဒါဖြင့်... ကြောက်စရာအကောင်းဆုံးလက်နက် ရှိသေးတယ်လို့ဆိုလိုတာလား"

"ဟုတ်တယ်"

"ခင်ဗျားပြောနိုင်ရင် ပြောပြစမ်းပါလား"

ရှိလေရှဲသည် အေးတိအေးစက်ဖြင့် ပြုံးလိုက်လေသည်။

"မလိုပါဘူး၊ မင်း မကြာခင်သိရတော့မှာပဲ"

သူသည် ယင်းသို့ပြောဆိုပြီးနောက် လှည့်ပင်မကြည့်ဘဲ ထွက်ခွာသွားလေတော့သည်။

❄❄❄

မီးတောက်မီးလျှံများသည် တဟုန်းဟုန်းတောက်လောင်နေသည်။

အော်ဟစ်သံများသည် နားကွဲလုမတတ် ဆူညံနေသည်။

တိုက်ပွဲများသည် တဖြည်းဖြည်းချုပ်ငြိမ်းလာပြီဖြစ်သည်။

မျိုးချစ်အင်အားစုများသည် အသာရသွားပြီဖြစ်သည်။

ထို့ကြောင့်...

မျိုးချစ်အင်အားစုသည် မဟာဌာနချုပ် အဆောက်အဦးထဲသို့ ထိုးဖောက်ဝင်ရောက်လာကြသည်။

သုတုံးလှိုင်သည် သေတ္တာအား ဆွဲကာ သူ၏အခန်းရှိရာ အပေါ်ထပ်သို့တက်သွားလေသည်။

ထိုနေရာတွင် သူသည် အထူးပြုလုပ်ထားသော ခံတပ်တစ်ခုရှိသည်။

ထိုခံတပ်ငယ်သည် အလွန်ခိုင်ခံ့ပြီး မည်သူကမှ ထိုးဖောက်



နိုင်စွမ်းမရှိဟု သူယုံကြည်ထားလေသည်။

သူသည် ခံတပ်ပေါ်သို့ရောက်ရှိသွားသောအခါ အေးဆေးစွာဖြင့် သေတ္တာအားဖွင့်လိုက်လေသည်။

ထို့နောက်... သေတ္တာထဲမှ သံတိုသံစများ၊ သံပြွန်လုံးများ၊ မောင်းတံများကိုထုတ်ယူပြီး တပ်ဆင်လိုက်လေသည်။

သူသည် ရှိလေရှဲအား အသေမသတ်လိုက်သည်မှာ... ဤလက်နက်ဆန်းကိုအသုံးပြုနိုင်ရန် သင်ကြားလို၍ပင်ဖြစ်ပါသည်။

ယခု သူသည် ကျွမ်းကျင်စွာဖြင့် ထိုသံတိုသံစများအား တပ်ဆင်လိုက်ပြီဖြစ်ပါသည်။

သူသည် ယင်းသို့တပ်ဆင်လိုက်ပြီးနောက်... အထူးပြုလုပ်ထားသောဓားပါးကလေး ဆယ်လက်ခန့်ကို ထုတ်ယူလိုက်သည်။

သေတ္တာထဲ၌ ဤကဲ့သို့ ဓားပါးကလေးများသည် အချောင်းသုံးလေးဆယ်ခန့်မျှရှိမည်ဟု ထင်ရလေသည်။

သူသည် ဓားပါးကလေးများအား တစ်လက်ချင်း တပ်ဆင်ထားလိုက်သည်။

ထို့နောက်... ခံတပ်အပေါက်ဝမှနေ၍ ထိုးဖောက်ဝင်ရောက်လာသော လူအုပ်များအား ချိန်ရွယ်ထားလိုက်လေသည်။

❄❄❄

လူအုပ်များသည် လှိုင်းလုံးကြီးပမာထိုးဖောက်ဝင်ရောက်လာနေသည်။

သုတုံးလှိုင်သည် မဲ့ပြုံးပြုံးလိုက်သည်။

သူ၏အထင် ဝင်လာနေသောလူစုများအနက် ရှေ့သို့ဝင်လာသောလူများကိုသာဖြိုခွဲနိုင်ခဲ့လျှင် ကျန်ရှိသောလူများသည် ရှေ့ဆက်တက်လာဝံ့ကြမည်မဟုတ်ဟု ထင်ထားလေသည်။

ယခု... သူသည် လက်နက်ဆန်းဖြင့် ရှေ့ဆုံးမှဝင်လာသောလူများအား ပစ်သတ်ရန်ချိန်ရွယ်ထားလိုက်သည်။

လူအုပ်ကြီးသည်... အလုံးအရင်းနှင့် ဝင်ရောက်လာပြီဖြစ်လေသည်။

သုတုံးလှိုင်သည် ရှေ့ဆုံးမှပြေးဝင်လာကြသောလူများအားချိန်၍ ခလုတ်ကိုနှိပ်ချလိုက်လေသည်။

"ထောက်.... ထောက်.... ထောက်.... ထောက်"

ဓားပါးကလေး အလက်လေးဆယ်တို့သည် အရှိန်ပြင်းစွာဖြင့် ပစ်လွှင့်သွားက ရှေ့ဆုံးမှပြေးဝင်လာကြသောလူများထံသို့ စိုက်ဝင်သွားလေသည်။

လူများသည် ဓားပါးကလေးများ ထိမှန်၍ လဲကျသွားကြကုန်လေသည်။

သုတုံးလှိုင်သည် ကျေနပ်စွာပြုံးလိုက်ပြန်သည်။

နောက်ထပ်ဓားပါးကလေးများကို တပ်ဆင်လိုက်ပြန်၏။



လူအုပ်များသည်ခေတ္တမျှသာ ရပ်တန့်သွားလေသည်။

သူတို့သည် ဩသံပေးကာ ထပ်မံထိုးဖောက်ဝင်ရောက်လာကြပြန်သည်။

"ထောက်.... ထောက်.... ထောက်.... ထောက်"

သုတုံးလှိုင်က အံကိုတင်းတင်းကြိတ်ကာ ထပ်မံပစ်လွှင့်လိုက်ပြန်သည်။

ချီတက်လာသောလူအုပ်ထဲမှ အချို့ လဲကျသွားပြန်၏။

သို့သော်... လူအုပ်များသည် ရပ်တန့်သွားခြင်းမရှိပါ။

သူတို့သည် လဲကျသွားသောလူများကိုနင်း၍ တက်လာကြပြန်သည်။

သုတုံးလှိုင်သည် ကြောက်ရွံ့လာလေသည်။

ဓားပါးများအား ပြန်လည်တပ်ဆင်လိုက်သည်။

သူ၏လက်ချောင်းများသည် တုန်တုန်ယင်ယင်ဖြစ်လာတော့သည်။

ဓားများကိုပင် တည့်တည့်မတ်မတ် မတပ်ဆင်နိုင်တော့ပါ။

လူအုပ်များသည် တစ်ဟုန်ထိုးပြေးလွှားထိုးဖောက်လာကြလေသည်။

အချို့လူများသည် မီးတုတ်များဖြင့် ပြန်လည်ပစ်ခတ်ကြ၏။

အချို့က ဓားဖြင့်ပြန်ပေါက်ကြသည်။

ဤသို့ဖြင့် သုတုံးလှိုင်၏ခံတပ်ပေါ်သို့...

မိုးတုတ်များ....

အုတ်ခဲများ....

တုတ်များ....

စသည် စသည့်ပစ္စည်းများသည် မိုးရွာသကဲ့သို့ တရကြမ်း ရောက်ရှိလာလေတော့သည်။

သုတုံးလှိုင်သည် လက်နက်ကို ထပ်မံတပ်ဆင်၍မရတော့ပါ။

ပစ်လွှင့်လာသောလက်နက်များကိုသာ ရှောင်တိမ်းနေရလေသည်။

"အားလုံး ချီတက်ကြ"

သူသည် ကျုမင်း၏ခြသေ့်ကဲ့သို့ ဟိန်းဟောက်သံကိုကြားလိုက်ရလေသည်။

သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေတော့သည်။

ကျုမင်း....

ကျုမင်းက စိတ်ဓာတ်မကျဘဲ အဘယ်ကြောင့် ယခုကဲ့သို့ စိတ်ဓာတ်တက်ကြွပြီး ဦးဆောင်ဦးရွက်ပြုလုပ်နိုင်ပါသနည်း။

သူသည် မယုံကြည်သဖြင့်လှမ်းကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ပို၍ပြူးကျယ်သွားလေသည်။

အကြောင်းမှာ....

သူသည် စုမာချောင်းချင်နှင့်ရှောင်ကောင်းတို့ကိုပါ တွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။



သူသည် ယင်းကဲ့သို့ငေးကြည့်နေရင်း ရုတ်တရက် ဓားတစ်လက်သည် ပစ်လွှင့်လာပြီး သူ၏နှလုံးသားအား ထိုးဖောက်လိုက်လေသည်။

သူသည် စိုက်ဝင်သွားသောဓားကိုဆုပ်ကိုင်ရင်း လဲကျသွားလေသည်။ သူ၏နားထဲတွင် ဟိန်းထွက်နေသောလူအုပ်များ၏အသံကိုကြားလိုက်ရလေသည်။

ယခု... သူသည် လောကတွင် ကြောက်စရာအကောင်းဆုံးလက်နက်ကို နားလည်သဘောပေါက်လိုက်ပြီဖြစ်ပါသည်။

ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံးသောအရာမှာ စိတ်ဓာတ်နှင့်လူပင်ဖြစ်ပါသည်။

❄❄❄

မျိုးရျစ်အင်အားစုသည် လုံးဝအောင်နိုင်ပြီး လုံးဝအောင်ပွဲခံလိုက်လေသည်။ နယ်ချဲ့လက်ပါးစေတို့အင်အားစုသည် ပြိုကွဲပျက်စီးသွားပြီဖြစ်ပါသည်။

ပြည်သူလူထု၏အင်အားကို အထင်သေးခဲ့သော မည်သည့်နယ်ချဲ့ကျူးကျော်သူမဆို နောက်ဆုံးပြိုကွဲကျဆုံးသွားမည်သာ ဖြစ်ပါသည်။

❄❄❄

ကျူမင်းသည် သူ၏လိပ်ပြာအားခေါ်ဆောင်၍ လုယန်သို့ပြန်သွားကြလေသည်။ သူ့နောက်တွင် မျိုးချစ်တပ်သားနှစ်ရာခန့် လိုက်ပါသွားသည်။

ရှောင်ကောင်းသည် စုမာချောင်းချင်နှင့်အတူ ကျန်ရှိနေသော အင်အားများကိုစုစည်းကာ ချန်အန်းမြို့ထဲ၌ပင် နေရစ်ခဲ့လေသည်။

သူတို့သည် နယ်ချဲ့တိုက်ပွဲမပြီးဆုံးသေးသည်ကို သိထား၏။ သူတို့သည် ပို၍တောင့်တင်းသော ပို၍အင်အားကြီးမားသော အင်အားစုကိုစုစည်းထားပြီး နယ်ချဲ့ကျူးကျော်သူတို့အား ကောင်းစွာ ဆုံးမပညာပေးရန် အသင့်ပြင်ထားနေကြသည် မဟုတ်ပါလော....

ပြီး၏။

မိုးကျော်သူ